# ဝေဖန်ပိုင်းခြား စဉ်းစားမှုကို မြှင့်တင်သော တခြားနည်းများ

**(Reading & Writing for Critical Thinking Project)** အတွက် ပြင်ဆင်ထားခြင်းဖြစ်သည်။

လမ်းညွှန်စာအုပ် ၄

Jeannie L. Steele, Kurtis S. Meredith and
Charles Temple

(page iii)

## မာတိကာ


**နိဒါန်း** ၁

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ ဘာလဲ။ ၂

*သင်ကြားရေးမှာအခြေခံထားတဲ့ ဝေဖန်ပိုင်းခြားစဉ်းစားရေးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်* ၂

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းရဲ့ တိုးတက်မှုအတိုင်းအတာများ ၂

*ပုဂ္ဂိုလ်ရေးက အများအရေးသို့* ၂

*သူတပါးလက်အောက်ခံမှ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းသို့* ၃

*အတွင်းစိတ်က အလိုလိုသိခြင်းက ကျိုးကြောင်းဆင်ခြင်ခြင်းသို့* ၃

*ရှုထောင့်တမျိုးထဲက ရှုထောင့်အမျိုးမျိုးသို့* ၃

မျှော်လင့်ထားတဲ့ ရလဒ်များ ၄

သင်တန်းအတွက်အသေးစိတ်လိုအပ်ချက်များ ၄

*သင်တန်းအစိတ်အပိုင်းများ* ၅

သင်တန်းအချိန်ဇယား ၅

*ပစ္စည်းကရိယာများ* ၆

*ဘာသာပြန်ရာဖို့အဓိကစကားလုံးများ* ၆

သင်တန်းအကျိုးတန်ဖိုးကိုစီစစ်ခြင်း ၇

*နေ့စဉ်စောင့်ကြပ်ကြည့်ရှုခြင်း* ၇

*နောက်ဆုံးစီစစ်ခြင်း* ၈

လွတ်လွတ်လပ်လပ်ရေးခြင်း ၈

စီစစ်ခြင်းပုံစံ ၉

**အပိုင်း ၁ နမူနာသင်ခန်းစာများ သရုပ်ပြခြင်းနဲ့သုံးသပ်ခြင်း** ၁၁

ပထမသင်ခန်းစာ။ ။ အိုင်ဗင်နဲ့ဖျံအရေခွံ ၁၂

*သင်တန်းတို နိဒါန်း* ၁၂

*အသုံးအနှုန်းများက ခန့်မှန်းခြင်း* ၁၂

*ခန့်မှန်းချက်ဇယား* ၁၃

*ပွင့်ပွင့်လင်းလင်းတုန့်ပြန်ခြင်း* ၁၄

ဖလှယ်–စူးစမ်း ဆွေးနွေးပွဲ ၁၄

*အသုံးအနှုန်းများမှ ခန့်မှန်းခြင်း ပြန်လုပ်ခြင်း* ၁၅
သင်ခန်းစာကိုဆွေးနွေးခြင်း ၁၆
*သင်ခန်းစာအဆင့်များကို ပြန်လည်စဉ်းစားခြင်း* ၁၆
*အသုံးအနှုန်းများမှ ခန့်မှန်းခြင်းကို ပြန်ကြည့်ခြင်း* ၁၆
*တိုက်ရိုက် စာဖတ်–စဉ်းစား လေ့ကျင့်ခန်းဇယား ပြန်ကြည့်ခြင်း* ၁၇
*စာဖတ်သူ–တုန့်ပြန်ခြင်း မေးခွန်း ပြန်ကြည့်ခြင်း* ၁၇
*ဖလှယ်–စူးစမ်းနည်း ပြန်လည်ကြည့်ခြင်း* ၁၈
နောက်ခံအကြောင်းရင်းနဲ့နည်းစဉ်များ ၁၈
အထူးဂရုပြုရမည့်အချက်များ ၁၉
ပြောင်းလဲထားသည့် ဖလှယ်–စူးစမ်းနည်း ၂၀
ဒုတိယသင်ခန်းစာ။ ။ ခဲဆိပ်ပမာဏဘယ်လောက်လဲ။ ၂၁
*အတွဲလိုက်အကြံစုယူခြင်းနဲ့ သိခြင်း/သိလိုခြင်း/သင်ယူလိုက်ရခြင်း* ၂၁
*KWL ဇယားအသုံးပြုခြင်း* ၂၁
*ဆွေးနွေးပွဲကွန်ယက်* ၂၂
သင်ခန်းစာဆွေးနွေးခြင်း ၂၃
*သင်ခန်းစာအဆင့်များ ပြန်စဉ်းစားခြင်း* ၂၃
*KWL လေ့ကျင့်ခန်းပြန်ကြည့်ခြင်း* ၂၄
*ဆွေးနွေးပွဲကွန်ယက်လေ့ကျင့်ခန်း ပြန်ကြည့်ခြင်း* ၂၄
နောက်ခံအကြောင်းရင်းနဲ့နည်းစဉ်များ ၂၄
*စကားရည်လုပွဲလေ့ကျင့်ခန်း ပြန်ကြည့်ခြင်း* ၂၅
နောက်ခံအကြောင်းရင်းနဲ့နည်းစဉ်များ ၂၅
ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနည်းများပေါင်းစပ်ခြင်း ၂၇
**အပိုင်း ၂ ထိန်းကြပ်ထားသော လေ့ကျင့်ခန်း** ၂၉
**အပိုင်း ၃ အကောင်ထည်ဖေါ်ဖို့ စီစဉ်ခြင်း** ၃၁
သင်တန်းအပြီး။ ။ နောက်ဆက်တွဲအတွက်စီစဉ်ခြင်း ၃၂
စာပေနဲ့ပါတ်သက်ပြီး အဓိပ္ပါယ်ကောက်ယူနိုင်တဲ့မေးခွန်းတွေရနိုင်တဲ့နေရာများ ၃၃
*ဇာတ်လမ်းကျောရိုးအခြေခံထားတဲ့ မေးခွန်းများ* ၃၃
*ရုပ်ပုံတွေနဲ့ လက္ခဏာတွေအကြောင်းမေးခွန်းတွေ* ၃၄

(page v)


*ဆန့်ကျင်ဖက်အစိတ်အပိုင်းများနဲ့ပါတ်သက်တဲ့မေးခွန်းများ* ၃၅

*ဇာတ်ကျောကိုဆန့်ကျင်ဖတ်ခြင်း* ၃၆

အတွဲလိုက်ဖတ်ခြင်း ၃၆

*လူ့ကျင့်ဝတ်နဲ့ဆိုင်တဲ့မေးခွန်းများ* ၃၇

*သဘောတရားသက်သက်ဆိုင်တဲ့မေးခွန်းတွေ* ၃၇

တိုက်ရိုက်မရည်ညွှန်းထားတဲ့ စာဖတ်သူမျက်နှာဖုံးချွတ်ခြင်း ၃၇

ဇာတ်လမ်းတွေနှိုင်းယှဉ်ခြင်း။ ။ ဇာတ်လမ်းဇယား ၃၈

နောက်ထပ်စကားရည်လုနည်းများ ၃၉

*သဘောတရားရေးဆိုင်ရာ အငြင်းပွါးမှု* ၃၉

*ကဒ်ပြားတွေပေါ်ကအကျိုးအကြောင်းပြဆင်ခြင်ချက်များ* ၄၀

တခြားတဘက်ရဲ့အကျိုးအကြောင်းပြချက်တွေ ဘောင်ခတ်ခြင်း ၄၀

*အပြုသဘောဆောင်တဲ့ အငြင်းပွါးမှု* ၄၁

**အညွှန်းစာအုပ်များ** ၄၂

**ဖတ်ရန်အကြံပြုထားသောစာအုပ်များ** ၄၂

**အဓိပ္ပါယ်ဖေါ်ဆောင်ချက်များ** ၄၄

**နောက်ဆက်တွဲ က** "အိုင်ဗင်နှင့်ဖုံအရေခွံ" ၄၆

**နောက်ဆက်တွဲ ခ** "မကောင်းမှုလုပ်သူ" ၄၉

**နောက်ဆက်တွဲ ဂ** "ကျေးဇူးတင်ပါတယ် ခင်ဗျာ" ၅၃

**နောက်ဆက်တွဲ ဃ** "ကလေးများအချိန်" ၅၇

**နောက်ဆက်တွဲ င** "ကလေးများအကြောင်း" ၅၉

**နောက်ဆက်တွဲ စ** "ဘာလီသာလိကာကိုကာကွယ်ကြပါစို့" ၆၀

**နောက်ဆက်တွဲ ဆ** "ခဲဆိပ်ပမာဏ ဘယ်လောက်လဲ" ၆၄

**နောက်ဆက်တွဲ ဇ** ခရစ်စတိုဘာ ကိုလံဘတ်ရဲ့ မှတ်တမ်းမှ ၆၆

**နောက်ဆက်တွဲ ဈ** ဘာတောလိုမေ ဒလာစ်ကာစာစ် ရဲ့ နေ့စဉ်မှတ်တမ်းမှ ၇၀

**နောက်ဆက်တွဲ ည** နမူနာဖတ်စာများသင်ကြားရန် အကြံပြုချက်များ ၇၂

"မကောင်းမှုလုပ်သူ" သင်ကြားခြင်း ၇၂

"ကျေးဇူးတင်ပါတယ်ခင်ဗျာ" သင်ကြားခြင်း ၇၂

"ကလေးများအချိန်" နဲ့ "ကလေးများအကြောင်း" သင်ကြားခြင်း ၇၃

(page vi)


ဘာလီသာလိကာ ကာကွယ်ကြပါစို့ သင်ကြားခြင်း ၇၃
ခရစ်စတိုဘာကိုလံဘတ်ရဲ့မှတ်တမ်း နဲ့ ဘာတောလိုမေး ဒလာစ်ကာစာစ်ရဲ့ နေ့စဉ်မှတ်တမ်း သင်ကြားခြင်း ၇၄

(page 1)

# နိဒါန်း

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ ဘာလဲ။

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတဲ့အခေါ်အဝေါ်ကို ပညာရေးအသိုင်းအဝိုင်းတွေထဲမှာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင်သုံးနေခဲ့ပြီး အဲဒီအခေါ်အဝေါ်ဟာ လူစုအမျိုးမျိုးအတွက် အလားအလာအမျိုးမျိုးကို ဖော်ဆောင်ခဲ့ပါတယ်။ ခေတ်ပင်မရေစီးကြောင်းက ပညာသင်ကြားပေးသူတွေအတွက်တော့ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ အဆင့်မြင့်စဉ်းစားခြင်းကို ဆိုလိုပါတယ်။ အဆင့်မြင့်ဆိုတဲ့နေရာမှာ သာမန်အားဖြင့် Benjamin Bloom ရဲ့ အသိဉာဏ်အရည်အချင်းတွေ အမျိုးအစားခွဲခြားမှု အဆင့်ဆင့်က မြင့်တက်သွားပုံကို ရည်ညွှန်းလေ့ရှိပါတယ်။ ကောလိပ်တခုက ဒဿနိကဌာနက အမှုထမ်းတွေအတွက်တော့ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ ကျောင်းသားတွေကို စာသေသေချာချာဖတ်ဖို့၊ သုံးသပ်ဆွေးနွေးစေဖို့နဲ့ စာရှင်းရှင်းလင်းလင်းရေးစေဖို့ အထောက်အကူပေးတဲ့ ကြောင်းကျိုးဆက်စပ်ဆင်ခြင်တဲ့ယုတ္တိဗေဒနဲ့ ကျိုးကြောင်းပြဆွေးနွေးခြင်းတို့ကို ရည်ညွှန်းပါတယ်။ စာပေသီအိုရီသမားတွေနဲ့ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေအတွက်တော့ ဝေဖန်ပိုင်းခြားတယ်ဆိုတာ စာသားတွေကို အစိတ်အပိုင်းတွေအဖြစ် ပိုင်းခြားတဲ့နည်းစဉ်ကိုဆိုလိုပြီး စာသားတွေဟာ စာဖတ်သူတွေအပေါ် ဘယ်လိုသက်ရောက်မှုရှိတယ်ဆိုတာနဲ့ စာရေးသူတွေဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးတယ်ဆိုတာကို သံသယနဲ့ ကြည့်လေ့ရှိပါတယ်။ Paolo Freire (1970) ရဲ့ နောက်လိုက်တွေအတွက်ကတော့ ပညာရေးက ဝေဖန်ပိုင်းခြားတယ်ဆိုတာက မဖြစ်မနေ အသိဉာဏ်ထဲကို ဝင်ရောက်စေခြင်းကိုရည်ညွှန်းပါတယ်။ ဆိုလိုတာက ကျောင်းသားတွေဟာ မိမိတို့ အနာဂတ်ကို မိမိတို့ပုံဖော်ရာမှာ မိမိတို့အရေးကြီးနေတယ်လို့ ခံစားရတဲ့စိတ်ကို မြှင့်တင်ပေးခြင်းကိုဆိုလိုပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို ဒီထက်ပိုပြီးတော့တော့ ပုံဖော် ဖို့ ကြိုးစားရင်တော့သိပ်အကျိုးရှိမှာမဟုတ်ပါဘူး။ ဒဿနိကပညာရှင် Matthew Lipman (1991) ကမကြာမီက ဝေဖန်ပိုင်းခြားစဉ်းစားရာမှာ ပါတဲ့ စဉ်းစားခြင်းနည်းစဉ်တွေကို စာရင်းစလုပ်ပြီး "စာရင်းကအဆုံးမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီစာရင်းမှာ ပါတာတွေက လူသားတွေရဲ့ အသိဉာဏ် စွမ်းတွေအားလုံးထက်မနည်းပါဘူး။" လို့ဝန်ခံခဲ့ပါတယ်။ အာရ်ဒဘယ်လ်ယူစီတီရဲ့ ချဉ်းကပ်နည်းကတော့ အနည်းနဲ့အများဆိုသလို အထက်ဖော်ပြပါတို့ထဲက ရယူပြီး အောက်ပါ ယူဆချက်လည်း ပါဝင်ပါတယ်။– အာရ်ဒဗယ်လ်ယူစီတီစီမံကိန်းအတွက် အသင့်တော်ဆုံး စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တွေဟာ ပွင့်လင်းတဲ့လူမှုအဖွဲ့အစည်းတရပ်အတွက် တာဝန်သိနိုင်ငံသားတွေပြင်ဆင်ပေးရာမှာ ရင်ဆိုင်ရတဲ့အခက်အခဲတွေနဲ့ ကိုက်ညီတဲ့ လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ အဲဒါတွေကတော့

အများနဲ့မတူ ထူးခြားတဲ့ အတွေးအခေါ်တွေ၊
ပဋိပက္ခဖြစ်နေတဲ့ အတွေးအခေါ်တွေကို ဆင်ခြင်ပြီးရွေးချယ်ခြင်း၊
ပြဿနာတွေဖြေရှင်းခြင်းနဲ့
တာဝန်ရှိရှိ အတွေးအခေါ်တွေကို ဆွေးနွေးခြင်း စတာတွေ ကျင့်သုံးခြင်းပါပဲ။

အဲဒီစာရင်းထဲမှာ လူမှုရေးရှုထောင့်ကိုပါ ထပ်ထည့်လိုက်ပါတယ်။ အဲဒါကတော့ အဓိပ္ပါယ်တည်ဆောက်ရာမှာ သူများတွေနဲ့အတူပူးပေါင်း ဆောင်ရွက်ခြင်းရဲ့ တန်ဖိုးပါပဲ။ တချိန်ထဲမှာပဲ ရှုထောင့်အမျိုးမျိုးကိုလည်း နားလည်ပြီး

(page 2)
လူတွေရဲ့နောက်ကြောင်းက သူတို့ရဲ့စိတ်နေသဘောထားနဲ့ အမြင်တို့အပေါ်မှာ လွှမ်းမိုးမှုရှိတယ်ဆိုတာ ကိုလည်း အသိအမှတ်ပြုပါတယ်။
ပြီးရင်တော့ လက်တွေ့ကျတဲ့အချက်ရောက်လာပါပြီ။ ကျောင်းသားတွေကို ကိုယ်တိုင်တက်တက်ကြွကြွ၊ အနှောင့်အနှေးမရှိပဲ စဉ်းစားစေတဲ့နည်းစဉ်တွေကပိုကောင်းပြီး ရုပ်အကောင်အထည် ဒြပ်မရှိပဲ ကျောင်းသားတွေကို အရေးကြီးတဲ့အကြောင်းအရာတခုကို စဉ်းစားစေတဲ့အခွင့်အရေးကို အတိုင်းအတာမရှိ ရွှေဆိုင်းလိုက်တဲ့ ယုတ္တိဗေဒနည်းစဉ်တွေကို လေ့လာတဲ့နည်းစဉ်တွေမဟုတ်ပါဘူး။ ဒါ့အပြင် ကျောင်းသားတွေရဲ့ စူးစမ်းလိုမှုကြောင့်နဲ့ ကျောင်းသားတွေ ဂရုစိုက်တဲ့တကယ့်အခက်အခဲတွေပါရင် ဝေဖန်စဉ်းစားမှုဟာ ပိုကောင်းပါတယ်။

## သင်ကြားရေးမှာအခြေခံထားတဲ့ ဝေဖန်ပိုင်းခြားစဉ်းစားရေးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်

အာရ်ဒဗယ်လ်ယူစီတီအတွက် ဝေဖန်ပိုင်းခြားစဉ်းစားတဲ့အခါလိုအပ်တဲ့ကျွမ်းကျင်မှုတွေကို စာရင်းလုပ်မယ့်အစား တယောက်နဲ့တယောက်ယုံကြည်နိုင်တဲ့အခြေအနေဖန်တီးဖို့ ကျောင်းသားတွေဟာ စိတ်ဝင်စားစရာကောင်းတဲ့ အတွေးအခေါ်တွေ စဉ်းစားနိုင်ဖို့ လေးနက်တဲ့စူးစမ်းမှုနဲ့ စစ်မှန်တဲ့ဆွေးနွေးပွဲတွေဖြစ်ပေါ်လာနိုင်ဖို့ စာသင်ခန်းတွေမှာ ကျင့်သုံးတဲ့နည်းတွေကို ပြောင်းဖို့အာရုံစိုက်ပါမယ်။ ဒီလမ်းစဉ်ဟာ သိတတ်တဲ့ဆရာရှေ့မှာ ကျောင်းသားတွေ ဂရုစိုက်တဲ့ အကြောင်းအရာတွေကို စူးစမ်းလေ့လာပြီး ကြွယ်ဝတဲ့ဆွေးနွေးမှုတွေနဲ့ တက်ကြွတဲ့အပြန်အလှန် ဆွေးနွေးမှုတွေနဲ့ လုပ်ခြင်းဟာ ကျောင်းသားတွေကို တန်ဖိုးရှိတဲ့ဝေဖန်ပိုင်းခြားနည်းတွေကို တပြိုင်နက်ရရှိစေတယ် ဆိုတဲ့အယူအဆမှာ အခြေခံထားပါတယ်။

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းရဲ့ တိုးတက်မှုအတိုင်းအတာများ

ကျောင်းသားတွေဟာ ဝေဖန်ပိုင်းခြားစဉ်းစားလာနိုင်တာနဲ့အမျှ အောက်ပါ အတိုင်းအတာတွေအတိုင်း တိုးတက်လာတယ်လို့ ယူဆပါတယ်။

၁။ ပုဂ္ဂိုလ်ရေးက အများအရေးသို့
၂။ သူတပါးလက်အောက်ခံမှ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းသို့
၃။ အတွင်းစိတ်က အလိုလိုသိခြင်းက ကျိုးကြောင်းဆင်ခြင်ခြင်းသို့
၄။ ရှုထောင့်တမျိုးထဲက ရှုထောင့်အမျိုးမျိုးသို့

## ပုဂ္ဂိုလ်ရေးမှ အများအရေးသို့

ကလေးတွေဟာ အလုပ်တခုနဲ့ပါတ်သက်ပြီး တုန့်ပြန်ရာမှာ မိမိတို့ အတွက်ဆွဲဆောင်မှုရှိမရှိ အပေါ်မူတည်ပြီး ကြိုက်တယ်၊ မကြိုက်ဘူးလို့တုန့်ပြန်လေ့ရှိပါတယ်။ အတွေ့အကြုံနဲ့ ရင့်ကျက်မှုအရ သူတို့ဟာ တုန့် ပြန်မှုတွေကို တခြားလူတွေ နားလည်မယ့်နည်းနဲ့ တုန့်ပြန်လာနိုင်ပြီး တခြားလူတွေနဲ့ နှိုင်းယှဉ်ဖို့တို့ စကားရည်လုဖို့တို့အတွက် ပိုသင့်တော်လာပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးအရ တုန့်ပြန်တာကိုတော့ လုံးဝစွန့်လွှတ်လိုက်တာ မဟုတ်ပါဘူး။

(page 3)
James Britton (1970) နဲ့တခြားလူတွေ ပြောခဲ့သလို ကိုယ်ပိုင်ခံစားရတဲ့ အတွေးအခေါ်တွေရှိခြင်းဟာ အစစ်အမှန်ဖြစ်ပြီး အစွမ်းရှိတဲ့ စဉ်းစားတွေးခေါ်မှုတွေ ဖြစ်စေပါတယ်။ မိမိရဲ့အတွေးအခေါ်တွေကို ရှင်းရှင်းလင်းလင်း အများကို သိမ်းသွင်းလာနိုင်အောင် ပြောဆိုနိုင်ခြင်းဟာ ပညာရှိသူတယောက်ရဲ့ လက္ခဏာတရပ် ဖြစ်ပါတယ်။ လူစိမ်းတွေ အပေါ်တောင် ဒီလိုလုပ်နိုင်စွမ်းရှိပါတယ်။

## သူတပါးလက်အောက်ခံက ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းသို့

သူတပါးလက်အောက်ခံဖြစ်ခြင်းဆိုတာဟာ ကလေးတယောက်ရဲ့ အတွေးအခေါ်လို အသိပညာနဲ့ အာဏာဆိုတာ အမျိုးအစားပိုမိုကြီးမားတဲ့ တခြားအရာတွေကသာ ပိုင်ဆိုင်တယ်၊ ပုံနှိပ်ထားတဲ့ စာသားတခုရဲ့ မှန်ကန်မှုဟာ သံသယဖြစ်စရာမလိုပါဘူး လို့ ယူဆခြင်းတွေပဲဖြစ်ပါတယ်။ ကိုယ်ပိုင်ရပ်တည်နိုင်ခြင်းဆိုတာကတော့ ကလေး တယောက်ဟာ ကမ္ဘာလောကအကြောင်းပြောနိုင်ပြီး လောကနဲ့ပါတ်သက်ပြီး ဝေဖန်နိုင်တဲ့ အခြေအနေကို ဆိုလိုပါတယ်။ ကျွန်ုပ်တို့ဟာလည်း အကြောင်းအရာတချို့ နဲ့ပါတ်သက်ပြီး အသိဆုံးလူတွေဆိုတာ ဒါမှမဟုတ် ပုံနှိပ်ထားတဲ့ စာတချို့ဟာ အမှန်တရားနဲ့ပါတ်သက်ပြီး ပြောဆိုတဲ့အခါ အကန့်အသတ်နဲ့ပဲ မှန်မယ်ဆိုတာ ငြင်းစရာ ဘာအကြောင်းမှမရှိပါဘူး။ ကိုယ်ပိုင်အတွေးအခေါ်တွေဘက်ကို ယိမ်းပြီးကြီးလာတဲ့ကျောင်းသားတွေဟာ မိမိတို့ ပြောဆိုချက်တွေကို ယုံကြည်မှုစိတ်ဓါတ်အပြည့်နဲ့ ပြောဆိုပြီး ပုံနှိပ်ထားတဲ့စာသားတွေက ပြောဆိုချက် တွေကို ငြင်းဖို့ဝန်မလေးပါဘူး။

## အတွင်းစိတ်က အလိုလိုသိခြင်းက ကျိုးကြောင်းဆင်ခြင်ခြင်းသို့

ပြောဆိုချက်တရပ်နဲ့ အတွေ့အကြုံကြား အဆက်အစပ် ဒါမှမဟုတ် အခြေခံယူဆချက်နဲ့ ကောက်ချက်ချချက် အကြား အဆက်အစပ်တို့ကို သိပ်မစဉ်းစားပဲ အတွေးအခေါ်တွေကို ထုတ်ဖေါ်ပြောတာကို အတွင်းစိတ်ကသိပြီး ပြောခြင်းလို့ခေါ်ပါတယ်။ ကျိုးကြောင်းဆင်ခြင်ချက်ကို အလေးပေးတယ်ဆိုတာဟာ အမှန်တရားလို့ဆိုလိုထားတာ တွေကို ထောက်ခံဖို့ သက်သေအထောက်အထားတွေဘယ်လိုပြနေသလဲဆိုတာကို ဂရုပြုမိခြင်းကိုဆိုလိုတာပါ။ ကျိုးကြောင်းဆင်ခြင်မှုတရားက အတွင်းစိတ်ကသိတယ်ဆိုတာကို လုံးဝအစားထိုးသွားဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အတွင်းစိတ်ထက်စာရင် အကျိုးအကြောင်းဆင်ခြင်ပြတာဟာ သူများတွေအတွက်ပါ ကောင်းတယ်ဆိုတဲ့ အတိုင်း အတာအထိပါပဲ။ လူတွေဟာ မိမိတို့ရပ်တည်ချက်ကို အကျိုးအကြောင်းနဲ့ ရှင်းပြနိုင်ရင် ဒီမိုကရေစီပိုရှိပါတယ်။

## ရှုထောင့်တမျိုးထဲက ရှုထောင့်အမျိုးမျိုးသို့

သိပ်မရင့်ကျက်သေးတဲ့ (ဒါမှမဟုတ် တယူသန်ပိုဖြစ်နေတဲ့) အတွေးအခေါ်သမားတယောက်ဟာ တခြားနည်းလမ်း တွေကို မလေ့လာပဲ မိမိရဲ့ အယူအဆကိုပဲ စွဲကိုင်ထားချင်စွဲကိုင်ထားပါမယ်။ ပိုရင့်ကျက်တဲ့ဝေဖန်ပိုင်းခြားစဉ်းစားသူ တယောက်ကတော့ တခြားလူတွေကို ပိုနားလည်ဖို့သာမက မိမိရဲ့အတွေးအခေါ်တွေဟာ အဖြစ်နိုင်ဆုံးဆိုတာ သိဖို့ တခြားအယူအဆတွေကိုလည်း ထည့်သွင်းစဉ်းစားပါမယ်။ ဒါကြောင့် ပိုရင့်ကျက်တဲ့ အတွေးအခေါ်သမား တယောက်ဟာ တခြားယူဆချက်တရပ်ဟာ ပိုဖြစ်နိုင်တယ်ဆိုရင် မိမိရဲ့ အယူအဆတွေကို ပြောင်းချင်ပြောင်းပါလိမ့် မယ်။ ဒါပေမဲ့ မိမိရဲ့ရပ်တည်ချက်ဘက်ကပြောဆိုတဲ့အခါမှာ တခြားအယူအဆတွေကိုလည်း နေရာပေးပါလိမ့်မယ်။ ဒီလိုလုပ်ခြင်းဖြင့် "*က* လို့ယူဆသူတွေ အများကြီးရှိတာ သိပါတယ်။ ဒါပေမဲ့ *ခ* ဟာလည်း အဓိပ္ပါယ်ရှိတုံးပဲ

(page 4)
ဆိုတဲ့အကြောင်းတွေ ပြပါရစေ။" ဆိုတဲ့ အကျိုးကြောင်းပြ ပြောဆိုမှုမျိုးတွေ ဖြစ်ပေါ်လာစေပါတယ်။

## မျှော်လင့်ထားတဲ့ ရလဒ်များ

ဒီသင်တန်းတိုရဲ့ရည်မှန်းချက်တွေဟာ

- ကျောင်းသားတွေကို ပင်ကိုယ်အတွေးအခေါ်တွေ ထွက်ပေါ်လာစေဖို့ အားပေးဖို့
- ကျောင်းသားတွေကို စာသားတခုကို "ပြန်ပြော" စေဖို့၊ ဆိုလိုတာက အကျိုးကြောင်းပြချက်ရဲ့ နောက်ဆက်တွဲအကြောင်းအရာတွေကို နားလည်နိုင်ဖို့ ဒါမှမဟုတ် အခြေခံရပ်တည်ချက်တွေကို စိန်ခေါ်စေဖို့၊
- ကျောင်းသားတွေကို သူများတွေနဲ့ ပူးပေါင်းပြီး အကျိုးအကြောင်းဆင်ခြင်စေဖို့၊ ပြီးတော့
- ကျောင်းသားတွေကို သူများတွေနဲ့ စကားရည်လုရာမှာ မိမိတို့ရဲ့ ကောက်ချက်ချချက်တွေကို ထောက်ခံဖို့ အားဖြည့်ပေးဖို့၊

စတာတွေကိုဖြစ်ပေါ်စေမယ့် သင်ကြားနည်းတွေကို သင်တန်းသားတွေ ရရှိစေဖို့ပါပဲ။

## သင်တန်းအတွက် အသေးစိတ်လိုအပ်ချက်များ

ဒီသင်တန်းကို ပြီးခဲ့တဲ့သင်တန်းတွေအပေါ် အခြေခံဖို့ ရည်ရွယ်ထားပြီး သင်တန်းသားတွေ ဝေဖန်ပိုင်းခြားစဉ်းစားမှု သင်ကြားရာမှ ပိုကောင်းလာစေဖို့ ရည်ရွယ်ထားပါတယ်။ သင်ကြားမှုနည်းတွေနဲ့ လုပ်ဆောင်တဲ့အခါ လေ့ကျင့်ခန်းတွေကို အရင်လုပ်ပြီး စကားနောက်မှပြောတာ ပိုကောင်းတယ်ဆိုတာ အတွေ့အကြုံအရ သိရပါတယ်။ ဒါကြောင့် ဒီသင်တန်းကို စကားနည်းနည်းနဲ့ပဲစပြီး ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတွေပါတဲ့ လေ့ကျင့်ခန်းနှစ်ခုကို သင်တန်းသားတွေကို လုပ်စေပါမယ်။
နောက်ပြီးတော့ လုပ်ဆောင်ချက်တွေကို ပြန်ကြည့်တဲ့အပိုင်းလာမယ်။ ဒီမှာ သင်တန်းသားတွေဟာ ဒီလေ့ကျင့်ခန်းတွေနဲ့ပါတ်သက်ပြီး မိမိတို့ရဲ့ တုန့်ပြန်ချက်တွေကို ကြည့်ပါမယ်။ သင်ခန်းစာတိုင်းမှာ လေ့ကျင့်ခန်းတိုင်း ပါမှာမဟုတ်ဘူးဆိုတာနဲ့ ကွဲပြားတဲ့ အကြောင်းအရာနဲ့ ကွဲပြားတဲ့ ရည်ရွယ်ချက်တွေအတွက် ကွဲပြားတဲ့နည်းတွေ သုံးရပြီး တချို့နည်းတွေကို ပိုသုံးချင်သုံးရမယ်ဆိုတာ သင်တန်းသားတွေသိဖို့အရေးကြီးပါတယ်။
ပြီးရင် သင်ခန်းစာရဲ့ အစိတ်အပိုင်းတွေကို တခုချင်းစီ လေ့ကျင့်ဖို့ လေ့ကျင့်ခန်းတွေလုပ်ပါမယ်။ မိမိတို့ရဲ့ အတန်းမှာ ဒီလေ့ကျင့်ခန်းပြန်လုပ်နိုင်ဖို့အတွက် ဒီအချိန်မှာ သင်တန်းသားတွေဟာ ဘာလုပ်ရမလဲဆိုတာ စိတ်ထဲမှာ ရှင်းနေစေချင်ပါတယ်။
အဆုံးမှာ သင်တန်းသားတွေကို မိမိတို့အခြေအနေနဲ့ကိုက်ညီအောင် ဒီနည်းတွေကို ဘယ်လိုပြောင်းသုံးမလဲဆိုတဲ့ နည်းတွေကို သေသေချာချာ စဉ်းစားခွင့်ပေးပြီး အစီအစဉ်အတိအကျလုပ်ခွင့်ပေးပါမယ်။

(page 5)

## သင်တန်းအစိတ်အပိုင်းများ

သင်တန်းကို လေးပိုင်းပိုင်းထားပါတယ်။ အပိုင်း ၁ မှာ ရှေးဦးလေ့ကျင့်ခန်းတွေ ပါပါတယ်။ တင်ပြသူအသစ်တွေနဲ့ မိတ်ဆက်ပေးပြီး တယောက်နဲ့တယောက်ရင်းနှီးစေဖို့ လေ့ကျင့်ခန်းတွေလုပ်ပါမယ်။ အရင် သင်တန်းတိုက သင်ပေးလိုက်တဲ့ နည်းတွေကို သင်တန်းသားတွေ စမ်းကြည့်ခဲ့ရာကရခဲ့တဲ့ အတွေ့အကြုံတွေနဲ့ပါတ်သက်ပြီး မေးခွန်းတွေနဲ့ တင်ပြချက်တွေလည်းရှိပါမယ်။
အပိုင်း ၂ မှာ နမူနာ သင်ခန်းစာတွေကို တင်ပြပါမယ်။ သင်တန်းနိဒါန်းနဲ့စပြီး သင်တန်းကာလအတွင်း ဘာတွေ လုပ်မယ်ဆိုတာ ပြောပါမယ်။ နမူနာ သင်ခန်းစာကို တင်ပြပြီး ဒီသင်ခန်းစာကို ဆွေးနွေးသုံးသပ်ပါမယ်။ ဒီနောက် ဒုတိယ နမူနာသင်ခန်းစာတင်ပြပြီး ဒီသင်ခန်းစာကို ဆွေးနွေးသုံးသပ်ပါမယ်။ ဒုတိယပိုင်းကို တင်ပြပြီးခဲ့တဲ့ သင်ခန်းစာတွေကို ပြန်ကြည့်ခြင်းရယ် သင်ကြားခြင်း–သင်ယူခြင်းဘောင်မှာ ဘယ်လိုဝင်ဆန့်သလဲ ဆိုတာ ကြည့်ပြီး အဆုံးသတ်ပါမယ်။
အပိုင်း ၃ မှာ ထိန်းထားတဲ့ လေ့ကျင့်ခန်းပါပါတယ်။ သင်တန်းသားတွေဟာ သင်တန်းပေးသူတွေ ကြီးကြပ်မှု အောက်မှာ အုပ်စုလိုက် ဒီလမ်းညွှန်အဆုံးမှာပါတဲ့ ဖတ်စာတွေသုံးပြီး သင်ခန်းစာတွေ လုပ်ခွင့်ရပါမယ်။
အပိုင်း ၄ မှာ သင်တန်းသားတွေဟာ အကောင်အထည်ဖေါ်ဖို့ စီစဉ်ပါမယ်။ ဝေဖန်ပိုင်းခြားစဉ်းစားနည်းတွေကို ဘယ်မှာ ဘယ်လိုသုံးနိုင်မလဲဆိုတာ ဆွေးနွေးပါမယ်။ ဒီမှာလည်း ဘယ်အစမ်းသင်ခန်းစာသုံးမလဲဆိုတာ သိဖို့ အတန်းချင်း ဒါမှမဟုတ် ဘာသာရပ်ချင်းတူတဲ့အုပ်စုလိုက် လုပ်ကြပါမယ်။ သင်တန်းသားတွေဟာ အကောင်ထည် ဖေါ်ဖို့ အစီအစဉ်အတိအကျလုပ်ပါမယ်။ ဒီအစီအစဉ်မှာ စအကောင်အထည်ဖေါ်ဖို့ ရက်သတ်မှတ်ပြီး အုပ်စုနဲ့ နောက်ဆက်တွဲ ဆွေးနွေးပွဲလုပ်ဖို့ အချိန်ဆုံးဖြတ်ပါမယ်။ ဒီသင်တန်းအပြီးမှာ သင်တန်းသားတွေဟာ ဝေဖန် ပိုင်းခြားခြင်းနည်းတွေနဲ့ ကျောင်းသားတွေရဲ့ တုန့်ပြန်မှုတွေကို မှတ်တမ်းထားခြင်းရယ် နောက်ဆက်တွဲ ဆွေးနွေးပွဲတွေက မိမိတို့ရဲ့ မေးခွန်းတွေရယ် ပေါင်းလုပ်ပါလိမ့်မယ်။

## သင်တန်း အချိန်ဇယား

ဒီသင်တန်းတိုဟာ ၁၀ နာရီက ၁၂နာရီ ဒါမှမဟုတ် ဒါထက်ပိုကြာနိုင်ပါတယ်။ နောက်သင်တန်းတိုတခုနဲ့ ပေါင်းလုပ်နိုင်ပါတယ်။ အဖြစ်နိုင်ဆုံးကတော့ လမ်းညွှန် ၃ မှာပါတဲ့ သင်တန်းနဲ့ပေါင်းလုပ်တာ အကောင်းဆုံးပါပဲ။ သူတို့နှစ်ခုက ကိုက်ညီလို့ လေးငါးရက်ကြာ သင်တန်းအနေနဲ့ ပို့ချရင်ကောင်းပါတယ်။ ဒါတွေကို အမျိုးမျိုးလုပ်နိုင်ပါတယ်။ ဒီသင်တန်း၂ ရပ်ကိုပို့ချတဲ့ လေးရက်ကြာသင်တန်း နမူနာကို အောက်မှာ ဖေါ် ပြထားပါတယ်။

| | |
|---|---|
| **နေ့ ၁ (မနက်ပိုင်း)** | နွေးတဲ့လေ့ကျင့်ခန်းတွေနဲ့ သင်တန်းအကြောင်းပြောခြင်း၊ သင်တန်းသားတွေ ပြီးခဲ့တဲ့ သင်တန်းက နည်းတွေကို အကောင်အထည်ဖေါ်တဲ့အကြောင်း ဆွေးနွေးခြင်း |
| **(မနက်ပိုင်း)** | ပထမအကြိမ် သရုပ်ပြခြင်းနဲ့ လမ်းညွှန် ၃ က သင်ခန်းစာ အကောင်အထည်ဖေါ်ပုံ ပြန်ကြည့်ပြီး တုန့်ပြန်ခြင်း |

(page 6)

| | |
|---|---|
| (ညနေပိုင်း) | ဒုတိယသရုပ်ပြခြင်းနဲ့ လမ်းညွှန်စာအုပ် ၃ ကလုပ်ဆောင်မှုတွေ ပြန်ပြောခြင်း။ |
| | နောက်ထပ်သင်ကြားနည်းတွေကို အလေးထားခြင်း။ |
| နေ့ ၂ (မနက်ပိုင်း) | လမ်းညွှန် ၃က နည်းတွေသုံးပြီး ထိန်းထားတဲ့ သင်ခန်းစာတွေလေ့ကျင့်ခြင်း |
| (ညနေပိုင်း) | သင်ခန်းစာ ပထမသရုပ်ပြခြင်းနဲ့ လမ်းညွှန် ၄ ကလုပ်ဆောင်ချက်တွေ ပြန်ပြောခြင်း။ |
| နေ့ ၃ (မနက်ပိုင်း) | သင်ခန်းစာ ဒုတိယသရုပ်ပြခြင်းနဲ့ လမ်းညွှန် ၄ ကလုပ်ဆောင်ချက်တွေ ပြန်ပြောခြင်း။ |
| (ညနေပိုင်း) | လမ်းညွှန် ၄ က ရွေးထားတဲ့ နည်းတွေကို သုံးပြီး ထိန်းထားတဲ့ လေ့ကျင့်ခန်း။ |
| နေ့ ၄ (မနက်ပိုင်း) | (လမ်းညွှန် ၃ နဲ့ လမ်းညွှန် ၄ က နည်းတွေ အပါအဝင်) အကောင်အထည်ဖော်ဖို့ |
| | စီစဉ်ခြင်းနဲ့ အစီအစဉ်တွေ ဖလှယ်ခြင်း |
| | သင်တန်း အကျိုးတန်ဖိုး စီစစ်ခြင်း |

## ပစ္စည်းကရိယာများ

ဒီသင်တန်းအတွက် ပစ္စည်းအနည်းငယ်သာလိုပါတယ်။ အရေးကြီးဆုံးကတော့ ဖတ်စာတွေပါပဲ။ နောက်ဆက်တွဲမှာ ဖတ်စာနည်းနည်းပါပါတယ်။ တခြားဖတ်စာတွေသုံးမယ်ဆိုရင် သူတို့ကို ဘာသာပြန်ရမယ်ဆိုတာ အမှတ်ရပါ။ အဲဒါအတွက် အချိန်နဲ့ ပိုက်ဆံအတော်လေး ကုန်ပါတယ်။
သင်တန်းသားတွေကိုယ်တိုင် သင်တန်းပေးတဲ့အခါ ဒေသခံဆောင်းပါးတွေရွေးဖို့ အတန်းတွေအတွက် အကြောင်းရာဖတ်စာတွေရွေးရာမှာ အသက်အရွယ်နဲ့ကိုက်ညီဖို့ ဘာသာရပ်နဲ့သက်ဆိုင်ဖို့ အရေးကြီးပါတယ်။ ကျောင်းသားတွေအားလုံးစိတ်ဝင်စားပြီး ကောင်းကောင်းရေးထားတဲ့ စာမျိုးရွေးရင်ပိုကောင်းတာပေ့ါ။
သင်တန်းသားတယောက်စီအတွက်လည်း ဖတ်စရာတစုံစီလိုပါတယ်။ ပိုစတာစက္ကူ၊ ဆယ်လိုတိပ်၊ မာကာ၊ ဒါမှမဟုတ် အိုဗာဟက်နဲ့မာကာ၊ ပြီးတော့ စာရေးစက္ကူနဲ့ ဖေါင်တိန်ပင်တွေလိုပါတယ်။ သင်တန်းသားတွေနဲ့ ကြိုတင် ဆက်သွယ်ဖို့လွယ်ကူရင် အစီစဉ်လုပ်ဖို့နဲ့ အကောင်အထည်ဖေါ်ဖို့ သက်ဆိုင်ရာ အကြောင်းအရာ ဖတ်စာတွေ ယူလာခိုင်းပါ။

## ဘာသာပြန်ဖို့ အဓိကစကားလုံးများ

သင်တန်းတွေအတော်များများကို အင်္ဂလိပ်ကနေ ဒေသခံဘာသာစကားကိုဘာသာပြန်ပြီး တခါ အင်္ဂလိပ်လိုလည်း တလှည့်ပြန်ကြဦးမှာပါ။ ဒီလိုဆို ဘာသာပြန်တယောက်ထက်ပိုလိုပါလိမ့်မယ်။ သတိထားပြီး ဘာသာပြန်တာ သင်တန်းတလျှောက်လုံးအတွက်အရေးကြီးပါတယ်။ ဒါပေမဲ့ အဓိကစကားလုံးတွေကို တိတိကျကျဘာသာပြန်ဖို့ လုံးဝလိုပါတယ်။ များသောအားဖြင့် ဘာသာစကားနှစ်ခုစလုံးမှာ တိုက်ရိုက်ပြန်နိုင်တဲ့စကားလုံးတွေမရှိရင်

(page 7)
ခက်ပါတယ်။ သင်တန်းမစခင် ဘာသာပြန်သူကို အဓိကစကားလုံးတွေ အဓိပ္ပါယ်ရှင်းလင်းချက်စာရင်း သင်တန်းမစခင် ကြိုတင် ပြထားပြီး ဘာသာပြန်အနေနဲ့ အနီးစပ်ဆုံးစကားလုံး တခုစီအတွက် ရှာနိုင်တဲ့အထိ ရှင်းပြပါ။ ဘာသာပြန်အနေနဲ့ ဒီစကားလုံးတွေကို မှတ်မိဖို့သာမက ဒီအစီအစဉ်မှာပါမယ့် တခြားဘာသာပြန်တွေနဲ့လည်း ဖလှယ်နိုင်ဖို့ ချရေးထားဖို့လိုပါတယ်။ အချိန်ကုန်သက်သာဖို့နဲ့ နိုင်ငံတွင်းမှာရှိတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ နားလည်မှုရနိုင်ဖို့ တချိန်ချိန်မှာ သင်ကိုယ်တိုင် ဒီစကားလုံးတွေသုံးလာပါလိမ့်မယ်။

## သင်တန်းအကျိုးတန်ဖိုးကိုစီစစ်ခြင်း

ကျွန်ုပ်တို့ရဲ့ လုပ်ဆောင်မှုတွေအားလုံးကို စစ်ဆေး စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် လုပ်ရပ်တွေကို လမ်းမှန်ပေါ်မှာ ရှိနေစေပြီး သင်တန်းသားတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်တဲ့ သင်တန်းတွေ လုပ်ရာမှာ လိုအပ်တဲ့ အချက်အလက်တွေကိုလည်း ပေးပါတယ်။ တနေ့တာကုန်ဆုံးချိန်မှာ အဲဒီနေ့က လုပ်ဆောင်မှုတွေကို ကြီးကြပ်စစ်ဆေးဖို့ အချိန်ဖယ်ထားဖို့ စီစဉ်သင့်ပါတယ်။ ဒ့ါအပြင် သင်တန်းအဆုံးမှာလည်း သင်တန်းအကျိုးတန်ဖိုးစီစစ်မှု လုပ်ဖို့ စီစဉ်သင့်ပါတယ်။

## နေ့စဉ် စောင့်ကြပ်ကြည့်ရှုခြင်း

တနေ့တာကုန်ဆုံးချိန်မှာ သင်တန်းသားတွေအားလုံးကို သင်ဝေပေးမယ့် ကဒ်ပြားလေးတွေပေါ်မှာ မေးခွန်းသုံးခု ဖြေဖို့ ငါးမိနစ် အချိန်ပေးပါ။ သင်တန်းသားတွေဟာ မိမိတို့ရဲ့ နာမည် ရေးဖို့လိုပါတယ်။ ဒီမေးခွန်းတွေဟာ စာမေးပွဲမေးခွန်းတွေ မဟုတ်ကြောင်း၊ အဖြေမှား အဖြေမှန်ဆိုတာ မရှိကြောင်း၊ ဒီမေးခွန်းတွေဟာ သင်တန်းသားတွေကို သင်နဲ့ စကားပြောဖို့ ရည်ရွယ်ပြီး လုပ်ထားပါတယ်ဆိုတာ ရှင်းပြပါ။ ဘာသာပြန်ပေးမယ့် လူရှိရင် သင်ပုန်းပေါ်မှာ ဒါမှမဟုတ် အိုဗာဟက်ပရိုဂျက်တာပေါ်မှာ ရေးပေးရင် ကောင်းပါတယ်။

*၁။ ဒီနေ့ဆွေးနွေးခဲ့တဲ့အထဲမှာ သင့်အထင် ဘယ်အတွေးအခေါ်ဟာ အရေးအကြီးဆုံးလဲ။*
*၂။ သင်တန်းကာလ ဒီအချိန်မှာ ဘာမေးစရာတွေရှိသလဲ။*
*၃။ လုပ်ချင်တဲ့ ယေဘုယျဝေဖန်ချက်တခုခု လုပ်ပါ။*

အတန်းနောက်တကြိမ်ပြန်မစခင် ဒါတွေကို ဖတ်ပြချင်မှာပေ့ါ။ နောက်တကြိမ်အတန်းစတဲ့အခါ ဝေဖန်ချက်တွေနဲ့ မေးခွန်းတွေရဲ့ အဖြေတွေနဲ့ စရင် ကောင်းပါတယ်။

(page 8)

## နောက်ဆုံး တန်ဖိုးဖြတ်စီစစ်ခြင်း

သင်တန်းဆုံးမှာ တန်ဖိုးဖြတ်စီစစ်ခြင်း ၂ ခုလုပ်ဖို့ အချိန်ဖယ်ထားဖို့ လိုပါတယ်။ တခုက လွတ်လွတ်လပ်လပ် ရေးရမှာဖြစ်ပါတယ်။ တခြားတခုကတော့ ပုံစံဖြည့်ရမှာဖြစ်ပါတယ်။

**လွတ်လွတ်လပ်လပ်ရေးခြင်း။** ။ သင်တန်းသားတွေကို စာရွက်တွေဝေပေးပါ။ သူတို့တက်ရောက်ပြီးသွားတဲ့ သင်တန်းအကြောင်း မရပ်တန်း ၁၀ မိနစ် ရေးခိုင်းပါ။ ဘာသာပြန်ရှိပါက ဒီမေးခွန်းတွေကို သင်ပုန်းပေါ်မှာ ဒါမှမဟုတ် အိုဗာဟက်ပရိုဂျက်တာမှာ

*ပြီးဆုံးသွားတဲ့သင်တန်းနဲ့ ပါတ်သက်ပြီး သင့်စိတ်ထဲမှာ လောလောဆယ် ဘာရှိနေသလဲ*

ဆိုတဲ့ မေးခွန်းကို ရေးခိုင်းပါ။

**စီစစ်ခြင်းပုံစံ။** ။ တဘက်စာမျက်နှာမှာပါတဲ့ ပုံစံကို ဝေပြီး သင်တန်းသားတွေကို ဖြည့်စေပါ။

(page 9)

## သင်တန်းအကျိုးရှိပုံကိုစိစစ်ခြင်း

သင်တန်းနာမည်။

ရက်စွဲနဲ့နေရာ။ ။

မေးခွန်းများ။ ။

၁။ ဒီသင်တန်းမှာ သင့်အတွက် ဘာတန်ဖိုးအရှိဆုံးလဲ။

၂။ သင်မျှော်လင့်ထားချက်တွေ ဘယ်လောက်အတိုင်းအတာအထိ ပြည့်ဝသလဲ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| နဲနဲပဲ | | | | မျှော်လင့်တာတွေအားလုံးပြည့်တယ် |

၃။ ဒီသင်တန်း ပိုအဓိပ္ပါယ်ရှိဖို့ ဘာလိုသလဲ။

၄။ ဒီသင်တန်းကြောင့် စာသင်ရာမှာ ဘာအပြောင်းအလဲ ရှိမလဲ။

၅။ ဒီသင်တန်းနဲ့ပါတ်သက်ပြီး ယေဘုယျအားဖြင့် ဘယ်လိုထင်သလဲ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| အကျိုးနဲနဲပဲရှိတယ် | | | | အကျိုးအများကြီးရှိတယ် |

၆။ နောင်မှာဆွေးနွေးဖို့ စိတ်ဝင်စားတဲ့ ခေါင်းစဉ်တွေ အကြံပြုပါ။

၇။ ဒီသင်တန်းနဲ့ပါတ်သက်ပြီး ပြောလိုတဲ့ ယေဘုယျ ဝေဖန်ချက်တွေ ပြောပါ။

(page 11)

အပိုင်း ၁ နမူနာ
သင်ခန်းစာများ
သရုပ်ပြခြင်းနဲ့
သုံးသပ်ခြင်း

(page 12)

## ပထမသင်ခန်းစာ။ "အိုင်ဗင်နဲ့ ဖျံအရေခွံ"

## သင်တန်းနိဒါန်း

ဘာလုပ်မလဲဆိုတာ နည်းနည်းပါးပါးပြောပြပြီး သင်တန်းစဖို့ အကြံပေးထားပါတယ်။ နမူနာသင်ခန်းစာမှာ သင်တန်းသားတွေဟာ ဆွေးနွေးပွဲအမျိုးမျိုးမှာ ပါဝင်ရပြီး၊ စာပိုဒ်တိုတပိုဒ်ဖတ်ပြီးတော့ တုန့်ပြန်ချက်တွေ ရေးရပါမယ်။ ဒီသင်ခန်းစာဟာ မိမိတို့စာသင်ခန်းတွေမှာ နည်းနည်းပါးပါးပြောင်းပြီး သုံးချင်သုံးမယ့်နည်းတွေရဲ့ နမူနာဖြစ်ပါတယ်။ နမူနာသင်ခန်းစာအပြီးမှာ ဒီသင်ခန်းစာကို ဆွေးနွေးဖို့ နဲ့ သင်ကြားမှုနည်းစဉ်တွေကို သေသေချာချာ စဉ်းစားဖို့ အခွင့်အရေး အများကြီးရပါမယ်။ သင်တန်းသားတွေဟာ ဒီသင်ခန်းစာမှာ အဆင့် ၂ ဆင့်ကနေ ပါဝင်ဖို့လိုပါတယ်။ ဒီသင်ခန်းစာမှာ ကျောင်းသားတယောက်က ပါဝင်သလိုပါဝင်ရပါမယ်။ ဆရာတွေ ဘာလုပ်နေလဲဆိုတာ သတိထားပြီး သင်ကြားနည်းတွေရဲ့ ရလဒ်တွေကိုလည်း သတိပြုရပါမယ်။

## အသုံးအနှုံးတွေက ခန့်မှန်းခြင်း

မကြာခင်မှာ ဝတ္ထုတိုတပုဒ် ဖတ်ရမယ်လို့ သင်တန်းသားတွေကို ရှင်းပြပါ။ ဒါဟာ စကော့တလန် မြောက်ဘက်စွန်း ပိုင်း ကြမ်းတမ်းတဲ့ပင်လယ်ကမ်းရိုးတန်းမှာ နေထိုင်ပြီးအလုပ်လုပ်တဲ့တံငါသည်တွေအကြား ပြောလေ့ရှိတဲ့ ရိုးရာ ပုံပြင်တပုဒ်ဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာပါတဲ့ စကားလုံးလေးခုကို တင်ပြပါ။ – *ဖျံ အရေခွံ၊ ပင်လယ်ကမ်းရိုးတန်း၊ သော့ခတ်ထားတဲ့ သေတ္တာ၊* နဲ့ *အိမ်ထောင်*။ တယောက်စီဟာ ဒီ စကားလုံးတွေဟာ ဒီဇာတ်လမ်းထဲမှာ ဘယ်လို အံဝင်ခွင်ကျပါမလဲဆိုတာ ကွင်းကွင်းကွက်ကွက်စဉ်းစားသင့်ပါတယ်။ ဘယ်အခန်းတွေနဲ့ အဖြစ်အပျက်တွေ စိတ်ထဲမှာ ပေါ်လာသလဲ။ ပေးထားတဲ့ စကားလုံးတွေအရ ဘာဖြစ်နိုင်သလဲ။ သင်တန်းသားတွေကို မိမိတို့ဖာသာ စဉ်းစား နိုင်အောင် ၅ မိနစ်ပေးပါ။ နားလည်ဖို့နဲ့ အာရုံစိုက်ဖို့ အတွက် အထောက်အကူပြုဖို့ ပုံတွေဆွဲနိုင်ပါတယ်။ ၄ မိနစ် ၅ မိနစ် အပြီးမှာ နောက်တဆင့်တက်ပါ။ ကိုယ့်ဘေးနားထိုင်နေတဲ့လူဘက်လှည့်ပြီး အကြံတွေ ဖလှယ်ခိုင်းပါ။ ဖလှယ်ဖို့ ၄ မိနစ်ပဲ ရှိတဲ့အတွက် မြန်မြန်လုပ်ဖို့ သတိပေးပါ။
ဘာဖြစ်မလဲဆိုတာ နောက်ထပ်ထင်မြင်ချက် ၂ မျိုး ထပ်တောင်းပါ။ သင်တန်းမှာရော အတန်းထဲမှာပါ လူတိုင်းရဲ့ ထင်မြင်ချက်တွေကို ကြားဖို့ မဖြစ်နိုင်ကြောင်း ရှင်းပြပါ။ ဒီသင်ခန်းစာမှာ လူတိုင်း ပါဝင်ခွင့်ရမှာဆိုတာကိုတော့ သင်တန်းသားတွေကို ပြောပြပါ။

(page 13)

ဒီစကားလုံးလေးလုံးပါတဲ့ ဇာတ်လမ်းဖတ်ရတော့မယ်လို့ ပြောပါ။ သူတို့ဟာ မိမိတို့ဖာသာ စဉ်းစားထားတဲ့ ဇာတ်လမ်းနဲ့ ဖတ်ရတဲ့ဇာတ်လမ်း ဘယ်လိုတူသလဲ၊ ကွဲသလဲဆိုတာကို အာရုံစိုက် သတိထားချင်သတိထား ပါလိမ့်မယ်။

## ခန့်မှန်းမှုဇယား

သင်တန်းသားတွေဟာ အခု ဇာတ်လမ်းကို အတွဲလိုက် ဖတ်ပြီး ခန့်မှန်းချက်တွေလုပ်ဖို့ရယ် ခန့်မှန်းချက်တွေ အတည်ပြုဖို့ရယ် တချီတချီရပ်မယ်ဆိုတာ ရှင်းပြပါ။

ပုံစံ ၁ ကဇယားနဲ့တူတဲ့ ဇယားတခု သင်တန်းသားတွေကို ဆွဲခိုင်းပါ။

ဇာတ်လမ်းက ပထမဆုံးရပ်ရမယ့်နေရာရောက်ရင် အတွဲဟာ ဖတ်နေတာ ရပ်ပြီး နောက်ဘာဖြစ်မလဲဆိုတာ ခန့်မှန်းဖို့ တမိနစ်လောက်ရပ်ပါ။ ပြီးတော့ အပိုင်း ၁ အောက်မှာ ဘာဖြစ်မယ်တကယ်ထင်သလဲဆိုတာ ရေးဖို့ နောက်ထပ်တမိနစ်နားပါ။ ဒီခန့်မှန်းချက်ချဖို့ သက်သေပြလာတဲ့အချက်တွေကို မှတ်ထားပြီး ပေးထားတဲ့ နေရာမှာ ချရေးသင့်ပါတယ်။ ပြီးရင်နောက်ထပ်ရပ်ရမယ့်နေရာအထိ ဆက်ဖတ်ပြီး အရင်ကခန့်မှန်းထားတဲ့အချက်ကို ပြန်စဉ်းစား၊ ပြီးတော့ အပိုင်း ၁ အောက်မှာပေးထားတဲ့နေရာမှာ တကယ်တန်းဘာဖြစ်သလဲဆိုတာ ခပ်တိုတို ရေးပါ။ ပြီးရင် ဒီနေရာကနေစပြီး ဘာဖြစ်မယ်ထင်သလဲဆိုတာ ခန့်မှန်းပါ။ ပြီးရင် ခန့်မှန်းချက်အသစ်ရယ် ဒီခန့်မှန်းချက်ရောက်အောင် ပို့ပေးလိုက်တဲ့ သက်သေခံအချက်တွေရယ်ကို အပိုင်း ၂ အောက်မှာ ပေးထားတဲ့

**ပုံစံ ၁ ခန့် မှန်းချက် ဇယား**

| | | |
|---|---|---|
| ဘာဖြစ်မယ်လို့ *တကယ်*ထင်သလဲ။ | အပိုင်း ၁<br>ဘာသက်သေအထောက်အထား ရှိသလဲ။ | *တကယ်*ဘာဖြစ်သလဲ။ |
| ဘာဖြစ်မယ်လို့ *တကယ်*ထင်သလဲ။ | အပိုင်း ၂<br>ဘာသက်သေအထောက်အထား ရှိသလဲ။ | *တကယ်*ဘာဖြစ်သလဲ။ |
| ဘာဖြစ်မယ်လို့ *တကယ်*ထင်သလဲ။ | အပိုင်း ၃<br>ဘာသက်သေအထောက်အထား ရှိသလဲ။ | *တကယ်*ဘာဖြစ်သလဲ။ |

(page 14)
နေရာမှာရေးပါ။ ပြီးရင် သူတို့ကိုဆက်ဖတ်စေပြီး သူတို့ ခန့်မှန်းချက်နဲ့ တကယ်ဖြစ်တာနဲ့ နှိုင်းယှဉ်၊ နောက်ထပ် ခန့်မှန်းချက်အသစ်လုပ်၊ အဲဒီလိုခန့်မှန်းရခြင်းအတွက် သက်သေအထောက်အထားတွေရေးပြီး နောက်ဆုံးအပိုင်းကို ဖတ်စေပါ။ နောက်ဆုံးမှာ သူတို့ရဲ့နောက်ဆုံးခန့်မှန်းခြေကို ဇာတ်လမ်းထဲက တကယ်ဖြစ်တာနဲ့ နှိုင်းယှဉ်ပြီး ပုံစံက ပေးထားတဲ့ နေရာမှာ ဘာဖြစ်သလဲဆိုတာ ချရေးပါ။
"အိုင်ဗင်နဲ့ ဖျံအရေခွံ" ဆိုတဲ့ ဇာတ်လမ်းကို နောက်ဆက်တွဲ က မှာ တွေ့နိုင်ပါတယ်။

## ပွင့်လင်းတဲ့တုန့် ပြန်ချက်များ

ဇာတ်လမ်းကို ဖတ်ခွင့်ရပြီးပြီဖြစ်တဲ့အတွက် သူတို့ရဲ့ ပွင့်လင်းတဲ့တုန့်ပြန်ချက်တွေကို တောင်းဖို့ အရေးကြီးပါတယ်။ အခု သူတို့စိတ်တွေထဲမှာ ဘာရှိသလဲ။ ဘယ်လိုခံစားနေရသလဲ။ ဘာဖြစ်လို့လဲ။ လူတော်တော်များများ ပြောခွင့် ပေးပါ။
ထွက်ပေါ်လာနိုင်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးဖို့ အဆင်သင့်ရှိပါ။ ဥပမာ၊ အိုင်ဗင်ဟာ သူ့မိန်းမကို ဖျံပြန်ဖြစ် သွားခွင့်မပေးလို့ စိတ်ပျက်ချင်စိတ်ပျက်ပါလိမ့်မယ်။ ဒီလိုဆို "တခြားလူတွေရော ဒီလို ခံစားရသလား။" လို့ မေးနိုင်ပါတယ်။ လာမယ့်ဝေဖန်ချက်တွေနဲ့ အိုင်ဗင်ရဲ့ လုပ်ရပ်ဟာ မတရားထိန်းချုပ်တာလို့ မြင်တဲ့လူတွေနဲ့ အဲဒီလို မမြင်တဲ့လူတွေကြား စကားရည်လုပွဲလေးတခု လုပ်ပေးနိုင်ပါတယ်။ ဒီသင်ခန်းစာမှာ စူးစမ်းတဲ့မေးခွန်းတွေ မေးဖို့ ပြင်ဆင်ထားပေမဲ့ သင်တန်းသားတွေကိုယ်တိုင်ရဲ့ မေးခွန်းတွေနဲ့ တုန့်ပြန်ချက်တွေ ကနေ ဆွေးနွေးပွဲလုပ်တာ ပိုသဘာဝကျပြီး ပိုကောင်းပါတယ်။

## ဖလှယ်–စူးစမ်းခြင်း

သင်တန်းသားတွေရဲ့ ပုဂ္ဂိုလ်ရေးအရ ဆက်စပ်မှုတွေကျော်လွန်ပြီး ကြိုတင်ပြင်ဆင်ထားတဲ့ အကြောင်းအရာတွေ ဆွေးနွေးပါ။ ဒီအဖွဲ့ကို ဒီဇာတ်လမ်းနဲ့ပါတ်သက်ပြီး တခြားမေးခွန်းတွေလည်းရှိကြောင်းနဲ့ ဒါတွေနဲ့ပါတ်သက်ပြီး ဘာထင်သလဲဆိုတာ ကြားလိုကြောင်းရှင်းပြပါ။
အဖွဲ့ကို အောက်ပါမေးခွန်းပြောပြပြီး သင်ပုန်းပေါ်မှာ အတိုကောက်ရေးပါ။ ဘာသာပြန်ကို ဒေသခံဘာသာ စကားနဲ့ ရေးစေပါ။

*အိုင်ဗင်ဟာ ဖျံအရေခွံကို မယူခဲ့ရင် ပိုကောင်းမလား။*

အသံထွက်မဆွေးနွေးခင် သင်တန်းသားတွေကို မိမိတို့ရဲ့ ကိုယ်ပိုင်အဖြေတွေကို ချရေးခိုင်းပါ။ ၂ မိနစ်အကြာမှာ သူတို့အကြံတွေ ပြောခိုင်းပါ။ တယောက်ချင်းစီ ပြောနေချိန်မှာ သင့်အနေနဲ့ အမျိုးမျိုးလုပ်နေနိုင်ပါတယ်။
*ထိုင်ခုံဇယားထားခြင်း*။ ။ စာရွက်တရွက်ပေါ်မှာ သင်တန်းသားတယောက်စီရဲ့ အဖြေကို သူ့နာမည်အောက်မှာ မှတ်စုတိုရေးပါ။ ဒီထိုင်ခုံဇယား ကိုဆွေးနွေးပွဲအကြောင်းမှတ်သားဖို့ ဘယ်သူပါဝင်ပြီးပြီလဲ၊

(page 15)
ဘယ်သူမပါဝင်ရသေးဘူးလဲဆိုတာရယ်နဲ့ ပြောတာတွေရဲ့အရေးပါပုံကို အလေးထားကြောင်းပြဖို့ သုံးပါ။

*သင်တန်းသားတွေအကြား အပြန်အလှန်ပြောဆိုမှုကို အားပေးပါ*။ ။ သင်တန်းသား "က" ဟာ အဖြေတခုပေးပြီး သင်တန်းသား "ခ" ဟာ နောက်အဖြေတခုပေးရင် တတိယသင်တန်းသားတယောက်ကို ဘယ်အဖြေနဲ့ သဘောတူသလဲနဲ့ ဘာဖြစ်လို့လဲဆိုတာ မေးနိုင်ပါတယ်။ ဒါမှမဟုတ် သင်တန်းသား "ခ" ကို သူ့အဖြေကို သင်တန်းသား "က" ကိုပြောခိုင်းပါ။ ဘယ်နေရာမှာ သဘောကွဲလွဲသလဲ ပြီးတော့ ဘာဖြစ်လို့လဲ။

*သူတို့အဖြေတွေအတွက် ရှင်းပြချက်ဒါမှမဟုတ်ထောက်ခံချက်တောင်းပါ*။ ။ သင်တန်းသားတယောက် ပြောတဲ့အရာဟာ ရုတ်တရက်မရှင်းဘူး ဒါမှမဟုတ် မဖြစ်နိုင်ဘူးဆိုရင် သူ့ကိုရှင်းခိုင်းပါ။ သူ့အဖြေကို ဖတ်စာထဲမှာ အတိအကျ ပါတာ တခုခုနဲ့ဆက်စပ်ခိုင်းပါ။

*မေးခွန်းကိုကိုယ့်ဟာကိုယ်မဖြေပါနဲ့၊ ပြီးတော့ အဖြေတခုကို နောက်အဖြေတခုထက် ပိုအလေးမပေးပါနဲ့*။ ။ "အာဏာရှိတဲ့ပုံစံ" နဲ့ အဓိပ္ပါယ်ကောက်ယူပေးလိုတဲ့ဆန္ဒကို ထိန်းချုပ်ပါ။ ကျောင်းသားတွေအနေနဲ့ လွတ်လွတ်လပ်လပ်ရှိပြီး စဉ်းစားထားတဲ့ အကြံတွေပေးတာ ပိုကောင်းပါတယ်။

*တချိတချိမှာ အကျိုးအကြောင်းပြ ဆင်ခြင်မှုတွေကို ပြန်ကြည့်ပါ*။ ။ ဆွေးနွေးပွဲပြီးတော့မယ်ဆိုရင် ဝေဖန်ချက်တွေနဲ့ပါတ်သက်ပြီး မှတ်စုထုတ်ထားတာတွေကို ပြန်ဖတ်ပြပါ။ ပြီးရင် ဘာများ ထပ်ထည့်ချင်သေးသလဲ ဆိုတာမေးပါ။

*သင်တန်းသားတွေကိုယ်တိုင်ရဲ့မေးခွန်းတွေထဲမှာ ကောင်းတာတွေပါရင် အဲဒီလမ်းကြောင်းလိုက်သွားပါ*။ ။ သင်တန်းသားတယောက်ကမေးလိုက်တဲ့မေးခွန်းဟာ ကောင်းတဲ့ဆွေးနွေးပွဲတခုဖြစ်လာစေမယ်လို့ ခံစားရရင် အဲဒါကို မှတ်ထားပြီး သင့်တော်တဲ့အချိန်မှာ ဒီမေးခွန်းကိုဆွေးနွေးပါ။ ဒါပေမဲ့ လက်ရှိမေးခွန်းကို လူတိုင်းဖြေပြီးတဲ့ အထိတော့စောင့်ပါ။

- *ပထမမေးခွန်းကို ဆွေးနွေးပြီးရင် အောက်ပါမေးခွန်းတခု ဒါမှမဟုတ် တခုထက်ပိုပြီး မေးပြီး အရင်နည်း အတိုင်း ဆွေးနွေးပါ။*
- *စာရေးဆရာက အိုင်ဗင်ကို သီချင်းသံတွေ ဘာလို့ကြားစေပြီး သူ့ဘဝမှာ မီးခိုးတွေ နှစ်ကြိမ် မြင်စေပြီး ဂူနဲ့ အမျိုးသမီးကိုတော့ တတိယအကြိမ်မှ မြင်စေတာလဲ။*
- *စာရေးဆရာဟာ အိုင်ဗင်ရဲ့ မိဘတွေအကြောင်း ဘာဖြစ်လို့ နည်းနည်းပဲ ပြောတာလဲ။*
- *အိုင်ဗင်ဟာ ဖျံအရေခွံကို သူ့မိန်းမဆီက ယူထားလို့ ဒဏ်ပေးခံရတယ်လို့ ဆိုလိုသလား။*
- *စာရေးဆရာဟာ အိုင်ဗင်ကို သူ့မိန်းမနဲ့ ဘာလို့ ဂျွန်လမှာတွေ့ခိုင်းပြီး ဒီဇင်ဘာလမှာ ဆုံးရှုံးစေတာလဲ။*

## အသုံးအနှုံးကခန့်မှန်းချက်တွေ ပြန်လုပ်ခြင်း

သင်ခန်းစာအဆုံးမှာ သင်တန်းသားတွေကို မိမိတို့ရဲ့ မူလကအတွဲတွေနဲ့ ပြန်တွဲခိုင်းပြီး စကားလုံး လေးလုံးကို စဉ်းစားတဲ့အခါ စိတ်ကူးခဲ့တဲ့ ဇာတ်လမ်းတွေကို ပြန်အမှတ်ရစေပါ။ တကယ့်ဇာတ်လမ်းနဲ့ တူညီတာ ဘာရှိသလဲ။

(page 16)
၃ မိနစ်အကြာမှာ ပြောလိုသူတချို့ကို သူတို့ရဲ့ ကောက်ချက်ချထားတာတွေကို တတန်းလုံးကို ပြောပြခိုင်းပါ။

## သင်ခန်းစာဆွေးနွေးခြင်း

### သင်ခန်းစာအဆင့်များ ပြန်လည် စဉ်းစားခြင်း

ပထမ သင်တန်းသားတွေကို ကြုံတွေ့ခဲ့ရတဲ့သင်ခန်းစာအကြောင်း လွတ်လွတ်လပ်လပ်ရေးခိုင်းပါ။ သင်ခန်းစာနဲ့ပါတ်သက်ပြီး စိတ်ထဲမှာ ရှိတာကို ၅ မိနစ်ရေးခိုင်းပါ။ အချိန်ကြည့်ထားပြီးတဲ့အခါ အပြီးသပ်ဖို့ တမိနစ်ထပ်ပေးပါ။ ပြီးရင် ပြောချင်တဲ့သူတွေကို သူတို့ရဲ့အကြံတွေပြောခိုင်းပါ။
နောက် သင်တန်းသားတွေကို သင်ခန်းစာကိုပြန်ကြည့်ခိုင်းပြီး သူတို့လုပ်ခဲ့တာတွေ တဆင့်ပြီးတဆင့် အမှတ်ရစေပါ။ အောက်ပါ အချက်တွေနဲ့ ထောက်ပေးပါ။

- (ဆရာ)ပထမဆုံး ဘာလုပ်သလဲ။
- (သင်တန်းသားတွေ) ပထမဆုံး ဘာလုပ်သလဲ။
- သင်ခန်းစာ ဒီလိုဘာလို့စတယ် ထင်သလဲ။
- ဘယ်လိုသက်ရောက်မှုရှိသလဲ။
- ဘယ်လိုခံစားရသလဲ။

### အသုံးအနှုံးက ခန့်မှန်းခြင်း ပြန်ကြည့်ခြင်း

သင်တန်းသားတွေကို အသုံးအနှုံးက ခန့်မှန်းခြင်းအချက်တွေ တဆင့်ပြီးတဆင့် ကြည့်စေတာ ကောင်းပါတယ်။ သူတို့ကို

မခန့်မှန်းခိုင်းခင် ဇာတ်လမ်းရဲ့ နောက်ကြောင်းနဲ့ အခြေအနေပေးခြင်း၊
ဇာတ်လမ်းက စကားလုံးလေးလုံး ပြောပြခြင်း၊
အတွဲလိုက် ဖြစ်နိုင်တဲ့ဇာတ်လမ်းအကြောင်း စဉ်းစားစေခြင်း၊ ပြီးတော့
အတွဲတချို့ကို ပြန်ပြောပြခိုင်းခြင်း၊

တို့ရဲ့ ရည်ရွယ်ချက်နဲ့ သက်ရောက်မှုတွေ မေးပါ။
အသုံးအနှုံးကခန့်မှန်းခြင်းနည်း (Dorsey Hammon, Oakland, Michigan, USA ကသင်ယူပါတယ်)က သိလိုမှုကို နှိုးဆွပေးပြီး ပိုနားလည်အောင် တက်တက်ကြွကြွဖတ်စေမှုကို အားပေးပါတယ်။ တခြား ခန့်မှန်းခြင်းနည်း တွေလိုပဲ ဒီနည်းဟာ စာဖတ်သူကို ဖြေရှင်းလိုတဲ့ ပဟေဠိ တခုနဲ့ စုံထောက်နေရာမှာထားပါတယ်။ စကားလေးလုံးဟာ သာမန်အားဖြင့် ဇာတ်လမ်းက အရေးပါတဲ့စကားလုံးတွေဖြစ်ပြီ သူတို့ကို အတတ်နိုင်ဆုံး

(page 17)
တိကျတဲ့ခန့်မှန်းချက်လုပ်နိုင်အောင် ရွေးထားပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းရဲ့လျှို့ဝှက်ချက်ကို ထုတ်မပေးပါဘူး။ ဒါကြောင့် "ဖျံလူသား" ဆိုတဲ့ စကားလုံးကို ပေးမထားပါဘူး။

ဒီ ဥပမာမှာ ခန့်မှန်းခြင်းလေ့ကျင့်ခန်းကို နောက်ကြောင်းပေးထားပြီးမှလုပ်တာ သတိပြုပါ။ ရည်ရွယ်ချက်ကတော့ စာဖတ်သူတွေရဲ့ ခန့်မှန်းချက်ကို အမျိုးအစားနဲ့နေရာတခုအတွင်းကန့်သတ်ထားဖို့ပါပဲ။ ဘာလို့လဲဆိုတော့ ရမ်းသမ်းပြီးလုပ်ထားတဲ့ ခန့်မှန်းချက်တွေဟာ နားလည်ဖို့အထောက်အကူမပေးပဲ စာဖတ်သူတွေရဲ့ အာရုံကို လွှင့်ပြားစေပါတယ်။

သင်ခန်းစာအဆုံးမှာ လုံးဝအဆုံးသတ်ဖို့ အတွဲလိုက် သူတို့ရဲ့ ခန့်မှန်းချက်တွေကို ပြန်ကြည့်ခိုင်းပါတယ်။ တကယ်လို့ တက်ကြွတဲ့ ဖလှယ်–စူးစမ်းတဲ့ဆွေးနွေးပွဲသာလုပ်မယ်ဆိုရင် အဆုံးသတ်တာနဲ့ တူမှာမဟုတ်ပါဘူး။ တခါတလေ ဆရာတွေဟာ အသုံးအနှုံးတွေကခန့်မှန်းခြင်းနည်းချည့် သုံးချင်သုံးနိုင်ပြီး ကျောင်းသားတွေကို ဇာတ်လမ်း ဖတ်ပြီးတာနဲ့ သူတို့ခန့်မှန်းချက်တွေ မှန်မမှန်စစ်ခိုင်းနိုင်ပါတယ်။ ဒီလိုလုပ်ပါရင် သင်တန်းသားတွေကို ပိုမိုလေးနက်တဲ့ တုန့်ပြန်မှုတွေလုပ်စေပြီး ပြန်ကြည့်တာကို မလုပ်တော့ပါဘူး။

## တိုက်ရိုက် စာဖတ်–စဉ်းစား လေ့ကျင့်ခန်းဇယား ပြန်ကြည့်ခြင်း

တိုက်ရိုက် စာဖတ်–စဉ်းစား လေ့ကျင့်ခန်း (ဒီအာရ်တီအေ) ဇယားကို သင်တန်းသားတွေ စာဖတ်ရာမှာ လမ်းညွှန်ဖို့ သုံးပါတယ်။ လမ်းညွှန်စာအုပ် ၂ မှာ သင်တန်းသားတွေကို ဒီအာရ်တီအေ (Stauffer, 1975) တမျိုးအကြောင်း ပြောပြပါတယ်။ ဒီလေ့ကျင့်ခန်းမှာ စာဖတ်သူတွေဟာ စာနည်းနည်းဖတ်ရပြီး နောက်ဘာဖြစ်မလဲ ဆိုတာ ခန့်မှန်းရပါတယ်။ နောက်တော့ နည်းနည်းထပ်ဖတ်ရပြီး ရပ်ပြီး မိမိတို့ရဲ့ ခန့်မှန်းချက်တွေကို အတည်ပြု ဒါမှမဟုတ် မဟုတ်ကြောင်းပြောရပါတယ်။ ပြီးတော့ စာအဆုံးနားမှာ ဒီအတိုင်း သုံးလေးခါ လုပ်ရပါတယ်။ ဒီအခါမှာလည်း ဖတ်စာမှာ ရပ်ဖို့နေရာတွေ မှတ်ထားခဲ့တာကို သတိပြုပါ။ အတန်းအခြေအနေမှာတော့ ဆရာဟာ ရပ်မယ့်နေရာတွေကို ပြောပြီး ကျောင်းသားတွေကို ကိုယ့်ဖတ်စာအုပ်မှာ မှတ်ထားခိုင်းနိုင်ပါတယ်။

## စာဖတ်သူ–တုန့်ပြန်ခြင်း မေးခွန်း ပြန်ကြည့်ခြင်း

စာဖတ်ပြီးပြီးချင်း သင်တန်းသားတွေကိုသူတို့ဘာတွေစဉ်းစားနေသလဲနဲ့ ဘယ်လိုခံစားရသလဲဆိုတာ မေးပါတယ်။ ဒါဟာ စာတပုဒ်ဖတ်ပြီးရင် လုပ်ရတဲ့ အရေးကြီးတဲ့အဆင့်တဆင့်ပါ။ သင်ခန်းစာက စာဖတ်သူတွေကို

တခြားအရာတွေမစဉ်းစားစေခင် သူတို့ခံစားမှုတွေရယ် တုန့်ပြန်မှုတွေရယ်နဲ့ ထိတွေ့စေပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့ရဲ့ အတွေးအခေါ်တွေကို လေးစားတယ်လို့ ခံစားနိုင်ပြီး ဟန်ဆောင်တဲ့ဆွေးနွေးပွဲမဟုတ်ပဲ ဆွေးနွေးပွဲအမှန်အကန်ဖြစ်ပါလိမ့်မယ်။ သတိရှိနေတဲ့ ဆရာတယောက်အနေနဲ့ စာတပုဒ်မှာ အရေးကြီးဆုံးအချက်ဟာ စာဖတ်သူတွေရဲ့ ကိုယ်ပိုင်တုန့်ပြန်မှုတွေမှာတွေ့နိုင်ပါတယ်။ ဒီလိုဆရာမျိုးက ဒီမေးခွန်းတွေရဲ့ တုန့်ပြန်မှုတွေကို ကျန်တဲ့တတန်းလုံးကို ဆွေးနွေးစေပါလိမ့်မယ်။

## ဖလှယ်–စူးစမ်းနည်း ပြန်လည်ကြည့်ခြင်း

သင်တန်းသားတွေကို လွတ်လွတ်လပ်လပ်တုန့်ပြန်မှုတွေပြုလုပ်စေပြီးတဲ့အခါ သင်ခန်းစာမှာ ဖလှယ်–စူးစမ်းနည်းသုံးပါတယ်။ ဒီနည်းကို ပြန်ကြည့်ဖို့ သင်တန်းသားတွေကို ဇာတ်လမ်းအပြီးက ဆွေးနွေးပွဲနဲ့ပါတ်သက်ပြီး ဘယ်လိုခံစားရသလဲဆိုတာ မေးပါ။ ဒီနည်းရဲ့ အစိတ်အပိုင်းတခုစီရဲ့ သက်ရောက်မှုအကြောင်းမေးပါ။ ဒါမှမဟုတ် နောက်ခံအတွေးအခေါ်ကဘာလဲဆိုတာ မေးပါ။

မေးခွန်းမေးခြင်း၊
မေးခွန်းရဲ့သဘာဝ၊
ဝေဖန်ချက်တွေ မဖလှယ်ခင် အဖြေတွေရေးခြင်း၊
စကားရည်လုပွဲဖြစ်စေတဲ့ မေးခွန်းတွေမေးခြင်း
ရှင်းပြခိုင်းခြင်း၊
ထိုင်ခုံဇယားထားခြင်းနဲ့
ဆရာက အဖြေမပေးခြင်း၊ ဒါမှမဟုတ် အဖြေတွေအတွက် ဆုမချခြင်း။

**နောက်ခံအကြောင်းရင်းနဲ့ နည်းစဉ်များ။** ။ တခါတလေ ကျောင်းသားတွေသတိမပြုမိတဲ့ စိတ်ဝင်စားစရာကောင်းပြီး အရေးပါတဲ့ အကြောင်းအရာတွေ ဖတ်စာထဲမှာ ပါတတ်ပါတယ်။ စာဖတ်သူ–တုန့်ပြန်ခြင်းနည်းက သင်ခန်းစာကို လုံးဝထိန်းထားပါရင် ဒီအကြောင်းအရာတွေကို ဆွေးနွေးချင်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဆရာအတော်များများဟာ ဖလှယ်–စူးစမ်းခြင်းနည်းကို အနည်းဆုံးတခါတရံ သုံးကြပါတယ်။ ဆရာများများဟာ ဒီနည်းသုံးပြီး ဆွေးနွေးပွဲတွေ လုပ်တဲ့အခါ ကျောင်းသားကို လွတ်လွတ်လပ်လပ် စူးစမ်းခွင့်ပေးထားရင် သူတို့ဟာ ဖတ်စာမှာ ဘာကိုသတိပြု မိတယ်ဆိုတာရယ် သူတို့ ဝေဖန်ချက်တွေရယ်နဲ့ပါတ်သက်ပြီး ပိုအတွေ့အကြုံရင့်ကျက်လာပါတယ်။ ဖလှယ်စူးစမ်းခြင်း (Plecha, 1991) ကို Great Books Foundation of Chicago, USA ကမြှင့်တင်ထားပါတယ်။ ဘာလို့လဲဆိုတော့ ဒီနည်းဟာ ကျောင်းသားတွေကို ဖတ်စာတခုနဲ့ပါတ်သက်ပြီး အတွင်းကျဆွေးနွေးစေလို့ပါပဲ။ ဒီနည်းက အချက်တွေကို လေးနက်ပြီး ရှည်လျားတဲ့ဆွေးနွေးပွဲတွေ အတွက် အားလုံးအတူတူ သုံးနိုင်ပါတယ်။ ဒါမှမဟုတ် ဆရာရဲ့ ခိုင်မာတဲ့ သင်ကြားနည်းတွေရဲ့ အစိတ်အပိုင်းတခုအနေနဲ့ တခုစီ သီးခြားသုံးရင်လည်းရပါတယ်။
ဖလှယ်စူးစမ်းခြင်းဆွေးနွေးပွဲတခုမှာ ကျောင်းသားတွေဟာ စာဖတ်ပြီး ရင်းနှီးနေဖို့ လိုပါတယ်။ ဆရာက ဆွေးနွေးပွဲမှာ သုံးဖို့အဓိပ္ပါယ်ကောက်ယူတဲ့မေးခွန်း လေးခုက ခြောက်ခုအထိ ပြင်ထားပါတယ်။

ဒီအချိန်မှာ ကျောင်းသားတွေ စဉ်းစားဖို့ မေးခွန်းကို ဆရာဟာ သင်ပုန်းပေါ်မှာရေးခြင်းဖြင့် စပါတယ်။ မဖြေခင် ကျောင်းသားတယောက်စီဟာ ဒီမေးခွန်းရဲ့တုန့်ပြန်ချက်ကို ရေးပါတယ်။ ဒီလိုလုပ်ခြင်းဟာ နည်းစဉ်ကို ဖြေးသွားစေပြီး ကျောင်းသားတွေကို သေသေချာချာ စဉ်းစားစေပါတယ်။ ပြီးတော့ ကျောင်းသားတိုင်းမှာ ပြောစရာရှိစေပါတယ်။ ဆရာဟာ ကျောင်းသားတယောက်ကို ခေါ်ပြီးဖြေခိုင်းပါတယ်။ ပြီးတော့ နောက်တယောက်ကို မေးပါတယ်။ ဆရာဟာ နောက်ဆက်တွဲမေးခွန်းတွေကို မေးနိုင်ပါတယ်။ ဒီမေးခွန်းတွေမှာ ဆရာက ကျောင်းသားတွေကို ဖတ်စာထဲကနေ သူတို့အဖြေတွေကိုထောက်ခံတဲ့အချက်တွေကို ရှာခိုင်းချင် ရှာခိုင်းမယ်။ ဒါမှမဟုတ် သူတို့ပြောတဲ့အချက်တွေရဲ့ နောက်ဆက်တွဲဆိုလိုချက်တွေကို ဆွေးနွေးချင်ဆွေးနွေးပါမယ်။ ကျောင်းသားတွေကြား ဆွေးနွေးပွဲနဲ့စကားရည်လုပွဲကိုလည်း အားပေးနိုင်ပါတယ်။ ဒီလိုလုပ်ရာမှာ၊ ဥပမာ၊ ကျောင်းသား အ ကို "ကျောင်းသား ဟ က ဒီလိုပြောပါတယ်။ ကျောင်းသား သ က တော့ ဒီလိုပြောပါတယ်။ ဘယ်သူနဲ့ သဘောတူသလဲ။" လို့မေးနိုင်ပါတယ်။ ကျောင်းသားတွေဟာ ဖတ်စာကို အတွင်းကျကျဆွေးနွေးပြီး အကျိုးကြောင်းပြဆွေးနွေးချက်တွေနဲ့ ဝေဖန်ချက်တွေကို တယောက်နဲ့တယောက် အပြန်အလှန်လုပ်တဲ့အခါ ဆရာနဲ့လုပ်တာထက် ပိုအောင်မြင်တယ်လို့ ဆရာအနေနဲ့ ခံစားရပါတယ်။ ဆရာကတော့ မေးခွန်းကိုမဖြေပါဘူး။ ကျောင်းသားရဲ့ အဖြေမှန်တယ်၊ မမှန်ဘူးလည်းမပြောပါဘူး။ အကြောင်းအရာနဲ့ပါတ်သက်ပြီးတော့လည်း ဘယ်လိုယူဆသလဲလို့လည်း မပြောပါဘူး။

ကျောင်းသားတယောက်စီက ဝေဖန်နေချိန်မှာ ဆရာဟာ စာရွက်တရွက်ပေါ်မှာ ကျောင်းသားတွေနာမည်နဲ့ အောက်မှာရေးစရာနေရာပါတဲ့ ထိုင်ခုံဇယားမှာ မှတ်စုလုပ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပြောတာတွေကို မှတ်သားဖို့နဲ့ ဘယ်သူကတော့ ပြောပြီးပြီဆိုတာမှတ်သားဖို့ပါပဲ။ ဒီတော့မှ ဆရာက ငြိမ်နေသူတွေကို ပါဝင်ဖို့ ပြောနိုင်မှာဖြစ်ပြီး မေးခွန်းတခုနဲ့ပါတ်သက်ပြီးပြောသွားတာတွေကို အကျဉ်းချုပ်ရေးနိုင်မှာဖြစ်ပြီး ဆက်လက်ဝေဖန်မှုနဲ့ စကားရည်လုပွဲ ဒါမှမဟုတ် နောက်မေးခွန်းတခုဆက်မမေးခင် နိဂုံးချုပ်ဖို့ ဖြစ်ပါတယ်။ ထိုင်ခုံဇယားထားတာဟာ ပိုဖြေးပြီး ပိုတိကျတဲ့ ဆွေးနွေးပွဲဖြစ်စေပြီး ကျောင်းသားတွေကိုလည်း ဆရာဟာ သူတို့ရဲ့ ဝေဖန်ချက်တွေကို အလေးထားတယ်ဆိုတာ ပြပါတယ်။

အောင်မြင်တဲ့ ဖလှယ်–စူးစမ်း ဆွေးနွေးပွဲဟာ အဓိပ္ပါယ်ကောက်ယူတဲ့မေးခွန်းတွေပဲဖြစ်ပါတယ်။ အဓိပ္ပါယ်ကောက်ယူတဲ့မေးခွန်းဟာ တကဲ့မေးခွန်းတခုဖြစ်ပါတယ်။ စာပုဒ်ထဲမှာပါတဲ့ လူတွေစဉ်းစားစရာဖြစ်မယ့် အကြောင်းအရာတခုကို စူးစမ်းပါတယ်။ သူ့အတွက်အဖြေမှန်တခုတည်းမရှိတဲ့အတွက်လည်း ဒါဟာ တကယ့်မေးခွန်းဖြစ်ပါတယ်။ အဓိပ္ပါယ်ရှိရှိ အဖြေနှစ်မျိုးလောက်ပေးလို့ရနိုင်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျောင်းသားတွေကို မိမိတို့အတွေ့အကြုံတွေပြောမယ့်အစား စာပုဒ်နဲ့ပါတ်သက်ပြီး ပိုလေးလေးနက်နက် စဉ်းစားစေပါတယ်။ (အဓိပ္ပါယ်ကောက်ယူတဲ့မေးခွန်းမျိုးမေးနည်းတွေအတွက် စာမျက်နှာ ၃၃ က စာပေအတွက် အဓိပ္ပါယ်ကောက်ယူတဲ့မေးခွန်းတွေအတွက် အထောက်အကူရနိုင်သောနေရာများကို ကြည့်ပါ။)

**အထူးဂရုပြုရမယ့်အချက်များ။** ။ ဖလှယ်–စူးစမ်းတဲ့ ဆွေးနွေးပွဲတွေဟာ ဝေဖန်စဉ်းစားမှုတွေလုပ်စေရာမှာ တန်ဖိုးရှိပါတယ်။ ဆရာ့အနေနဲ့ ပွင့်ပွင့်လင်းလင်းစူးစမ်းလိုတဲ့စိတ်ဓါတ်နဲ့ ချဉ်းကပ်ပါက ဆွေးနွေးပွဲတွေဟာ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျောင်းသားတွေဟာ နည်းစဉ်တွေနဲ့ပိုရင်းနှီးလာပြီး အကြောင်းအရာနဲ့ပါတ်သက်ပြီး လေးလေးနက်နက်စဉ်းစားစေတာကို စိတ်ချလာရင် ဆွေးနွေးပွဲတွေဟာ ပိုကောင်းပါတယ်။ ဒီလိုမျိုးစဉ်းစားဖို့အတွက်အားပေးဖို့ အကြံပြုချက်တွေ အောက်မှာဖေါ်ပြထားပါတယ်။

(page 20)

*သဘာဝကျတဲ့မေးခွန်းတွေမေးနိုင်တဲ့ဖတ်စာရွေးပါ*။ ။ ကောင်းကောင်းရေးထားပေမဲ့ အဆုံးမှာ မဖြေရှင်းနိုင်တဲ့ ပဟေဠိတွေရှိနေလို့ ဖလှယ်–စူးစမ်းခြင်း အချိန်မှာ မသုံးနိုင်တဲ့ဖတ်စာတွေ အများကြီးရှိပါတယ်။ အကောင်းဆုံးဖတ်စာတွေဟာ ကျွန်ုပ်တို့ကို အဓိပ္ပါယ်နဲ့ စာရေးဆရာရဲ့ရည်ရွယ်ချက် စဉ်းစားစေပြီး အမျိုးမျိုး အနက်ကောက်လို့ရပါတယ်။ ရိုးရာပုံပြင်တွေဟာ အင်မတန်ကောင်းပါတယ်။ သူတို့ပြောနေတဲ့ အကြောင်းအရာတွေနဲ့ သူတို့သရုပ်ဖေါ်နေတာတွေကို အမျိုးမျိုး ငြင်းခုံလို့ရပါတယ်။

*ကြိုတင်ကောက်ချက်ချချင်တဲ့စိတ်ကိုထိန်းချုပ်ထားပါ*။ ။ ကျောင်းသားတွေဟာ အကြောင်းအရာတခုနဲ့ ပါတ်သက်ပြီး တမျိုးနားလည်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဆွေးနွေးပွဲမလုပ်ပါနဲ့။ ကိုယ်မမျှော်လင့်ထားတဲ့ အသိဉာဏ်ကြွယ်ဝတဲ့ အတွေးအခေါ်တွေကျောင်းသားတွေဆီက ကြားလိုတဲ့ မျှော်လင့်ချက်နဲ့ အကြောင်းအရာတွေ ဆွေးနွေးပါ။ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

*မိမိရဲ့အသိဉာဏ်ကိုပြလိုစိတ်ထိန်းချုပ်ပါ*။ ။ ဆရာတွေအနေနဲ့ မိမိတို့ရဲ့အယူအဆတွေကို ပြောဖို့ အခွင့်အရေး အများကြီးရှိပါတယ်။ အကယ်၍မိမိတို့ရဲ့အတွေးအခေါ်တွေကို ဖလှယ်–စူးစမ်းတဲ့ ဆွေးနွေးပွဲမှာ ထုတ်ပြောလိုက်ပါရင် ဆရာတွေပြောတာဟာ "မှန်တယ်" လို့ ဖြစ်လာပြီး တခြားလူတွေ "မှားတယ်" ဖြစ်သွားပါမယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် စူးစမ်းခြင်းစိတ်ဓါတ် ပျောက်သွားပါမယ်။

*ဖတ်စာပဲအဓိကထားပြီးဆွေးနွေးပါ*။ ။ တကယ်လို့ မေးခွန်းတခုဟာ ဖတ်စာမှာပါတဲ့အကြောင်းအရာကို ခိုင်ခိုင်မာမာ အခြေခံမထားဘူးဆိုရင်၊ ပြီးတော့ ဆရာဟာ "အခုမင်းပြောလိုက်တာနဲ့ ဒီစာပုဒ်နဲ့ ဘယ်လို သက်ဆိုင်သလဲ။" ဆိုတဲ့မေးခွန်းတွေမကြာခဏ မမေးဘူးဆိုရင် မကြာခင်ပဲ ကျောင်းသားတွေဟာ ဖတ်စာနဲ့ မသက်ဆိုင်ပဲ လျှောက်ပြောပါတော့မယ်။

*တကယ်လို့ ကျောင်းသားအုပ်စုဟာ အယောက် ၂၀ ထက်ကျော်ခဲ့ရင် ဖလှယ်–စူးစမ်း နမူနာကို အတိအကျ မလိုက်နာပါနဲ့*။ ။ တကယ်လို့ အုပ်စုက ကြီးမားရင် လူတိုင်းပါဝင်ခွင့်ရအောင် တခြားနည်းတွေနဲ့လုပ်နိုင် ပါတယ်။ တနည်းကတော့ စာမျက်နှာ ၂၂ မှာ ဖေါ်ပြထားတဲ့ ဆွေးနွေးပွဲကွန်ယက် နည်းပါပဲ။

**ပြောင်းထားတဲ့ ဖလှယ်–စူးစမ်းခြင်းနည်း**။ ။ ဖလှယ်စူးစမ်းခြင်းဟာ သာမန်အားဖြင့် ဆရာက ဦးဆောင်ရတဲ့ နည်းဖြစ်ပါတယ်။ အဲဒီမှာ အဓိပ္ပါယ်ကောက်ယူရပြီး အဖြေမှန်တခုတည်းပဲမရှိတဲ့ မေးခွန်းတွေကို ကျောင်းသားတွေ ဆွေးနွေးဖို့နဲ့စကားရည်လုဖို့ မေးပါတယ်။ သင်တန်းခေါင်းဆောင်က နှစ်ခေါက်လောက်သရုပ်ပြပြီးတဲ့နောက် ကြိုတင်စာဖတ်ထားပြီး အုပ်စုကိုမေးဖို့ မေးခွန်းသုံးခုလေးခု ပြင်ဆင်ထားတဲ့ကျောင်းသားအုပ်စုငယ်လေးတွေကို မေးခွန်းထုတ်ခြင်းနဲ့ ဆွေးနွေးပွဲဦးဆောင်ခြင်းတို့လုပ်စေနိုင်ပါတယ်။

(page 21)
ဒုတိယ သင်ခန်းစာ။ ။ "ခဲဆိပ်ပမာဏ ဘယ်လောက်လဲ။"

## အတွဲလိုက် အကြံတွေစုခြင်းနဲ့ သိခြင်း/သိလိုခြင်း/သင်ယူခြင်း

လေးမိနစ်အတွင်း ကျောင်းသားတွေကို အတွဲတွေတွဲခိုင်းပြီး ပတ်ဝန်းကျင်မှာရှိတဲ့ ခဲကနေ အဆိပ်တက်စေခြင်း ပြဿနာအကြောင်း သိသမျှရေးခိုင်းပြီး စပါ။ ဒီအတောအတွင်း ပုံ ၂ မှာပြထားတဲ့အတိုင်း သိခြင်း/သိလိုခြင်း/ သင်ယူခြင်း (KWL) ဇယား (Ogle, 1986) ဆွဲပါ။

သင်တန်းသားအတွဲတွေကို သူတို့ရဲ့အတွေးအခေါ်တွေကို ပြောပြခိုင်းပါ။ သူတို့ပြောနေချိန်မှာ "ဘာတွေသိတယ်လို့ ထင်သလဲ။" ဆိုတဲ့ဗယ်ဘက်ကကော်လံအောက်မှာ ယေဘုယျအားဖြင့် သဘောတူတဲ့အချက်တွေကိုရေးပါ။

ဒီလိုလုပ်ခြင်းအားဖြင့် အကြံဉာဏ်တွေကို ခဲဆိပ်တက်စေသည့်အရာများ၊ လူသားတွေအတွက်အန္တရာယ်၊ ဒါမှမဟုတ် သန့်ရှင်းရေးအတွက် ကုန်ကျစရိတ် စတဲ့အမျိုးအစားအလိုက် ခွဲခြားနိုင်ပါတယ်။

သင်တန်းသားတွေကို သူတို့မသေချာတဲ့အချက်တွေနဲ့ပါတ်သက်ပြီး မေးခွန်းထုတ်ဖို့ ကူညီပါ။ သဘောမတူတဲ့ အချက်တွေ၊ ဒါမှမဟုတ် သင်တန်းသားတွေသိလိုတဲ့ အသိဉာဏ်အမျိုးအစားတို့ရဲ့ အသေးစိတ်အချက်တွေကနေ မေးခွန်းတွေ ပေါ်ထွက်လာနိုင်ပါတယ်။ အဲဒီမေးခွန်းတွေကို သိလိုခြင်း ကော်လံမှာ ရေးပါ။

အခု သင်တန်းသားတွေကို နောက်ဆက်တွဲ ဆ မှာပါတဲ့ "ခဲဆိပ်ပမာဏဘယ်လောက်လဲ။" ဆိုတဲ့ဆောင်းပါး ဖတ်နေတုန်း အဲဒီမေးခွန်းတွေကို ခေါင်းထဲမှာမြဲမြဲထားဖို့ ပြောပါ။

**ပုံစံ ၂ (KWL) ဇယား**

| ဘာတွေသိတယ်လို့ ထင်သလဲ။ | ခဲဆိပ်တက်ခြင်း ဘာသိချင် သလဲ။ | ဘာသင်ယူ လိုက်ရသလဲ။ |
|---|---|---|

## (KWL) ဇယား သုံးခြင်း

သင်တန်းသားတွေ ဆောင်းပါးဖတ်ပြီးတာနဲ့ စာမဖတ်ခင်က သူတို့မေးစရာရှိတဲ့မေးခွန်းတွေ၊ သိလိုခြင်း ကော်လံ အောက်မှာရေးထားတဲ့ မေးခွန်းတွေအကြောင်းပြောပါ။ ဖတ်စာထဲမှာ ဘယ်မေးခွန်းတွေရဲ့ အဖြေတွေတွေ့သလဲ ပြီးတော့ ဒီအဖြေတွေကို ဘာသင်ယူလိုက်ရသလဲ ဆိုတဲ့ ကော်လံအောက်မှာ ရေးပါ။ နောက်ပြီးတော့ သင်တန်း သားတွေကို အရင်ကမမေးမိတဲ့ ဘာအချက်အလက်တွေတွေ့လိုက်ရသေးသလဲ ဆိုတဲ့အကြောင်း မေးပါ။

ဒီအချက်အလက်တွေကိုလည်း ဘာသင်လိုက်ရသလဲ ဆိုတဲ့ ကော်လံအောက်မှာရေးပါ။

အဖြေမရသေးတဲ့မေးခွန်းတွေကို စာရင်းလုပ်ပါ။ ဒီမေးခွန်းတွေရဲ့အဖြေ ဘယ်မှာတွေ့နိုင်မလဲဆိုတာ သင်တန်းသား တွေနဲ့ ဆွေးနွေးပါ။

ပုံစံ ၃ ဆွေးနွေးခြင်း ကွန်ယက်

| ဟုတ်ကဲ့။ | | မဟုတ်ဘူး။ |
|---|---|---|
| ______________________ | အစိုးရအနေနဲ့ကလေးတွေကို ခဲဆိပ်တက်ခြင်းကကာကွယ်ဖို့ ထူးခြားတဲ့လုပ်ဆောင်ချက်တွေ လုပ်သင့်ပါသလား။ | ______________________ |
| ______________________ | | ______________________ |
| ______________________ | | ______________________ |
| ______________________ | | ______________________ |

## ဆွေးနွေးခြင်းကွန်ယက်

အခုသင်ခန်းစာ နောက်တပိုင်းကို စနစ်တကျစီစဉ်ဖို့ ဆွေးနွေးပွဲကွန်ယက်နည်းသုံးပြီး ဆောင်းပါးမှာပါတဲ့ အကြောင်းအရာတွေကို လေ့လာနိုင်ပါတယ်။ ဆွေးနွေးပွဲကွန်ယက်အတွက် ပုံစံ ၃မှာပြထားတဲ့အတိုင်း ဇယားတခုဆွဲပါ။

သင်တန်းသားအတွဲတတွဲစီကို အခုဆွဲထားတဲ့အတိုင်း ဆွေးနွေးပွဲကွန်ယက်တခုဆွဲခိုင်းပါ။ နောက်ထပ် ၆ မိနစ် ၇ မိနစ်အတွင်း အလယ်မှာရှိတဲ့မေးခွန်းနဲ့ပါတ်သက်ပြီး စဉ်းစားခိုင်းပါ။

*အစိုးရအနေနဲ့ကလေးတွေကို ခဲဆိပ်တက်ခြင်းကကာကွယ်ဖို့ ထူးခြားတဲ့လုပ်ဆောင်ချက်တွေ လုပ်သင့်ပါသလား။*

ပြဿနာဖြေရှင်းမဲ့အစား သင်တန်းသားတွေကို အစိုးရအနေနဲ့ ဘာဖြစ်လို့ ထူးခြားတဲ့ ဆောင်ရွက်ချက်တွေ လုပ်သင့်သလဲဆိုတဲ့ အကြောင်းရင်းတချို့ရေးခိုင်းပါတယ်။ ဒီအကြောင်းရင်းတွေကို  ဟုတ်ကဲ့ ဆိုတဲ့ ကော်လံမှာ ရေးရပါမယ်။ ပြီးရင် အစိုးရအနေနဲ့ ကလေးတွေကို ခဲဆိပ်တက်ခြင်းကကာကွယ်ဖို့ ထူးခြားတဲ့လုပ်ဆောင်ချက်တွေ ဘာလို့မလုပ်သင့်သလဲဆိုတာ ရေးရပါမယ်။ ဒါတွေကို မဟုတ်ဘူး ဆိုတဲ့ အောက်မှာရေးရပါမယ်။

အတွဲတွေဟာ အကြောင်းအရာတွေကို နှစ်ဘက်လုံးမှာရေးပြီးရင် အတွဲတွဲဟာ နောက်တတွဲနဲ့ပေါင်းပြီး ဟုတ်ကဲ့ အောက်မှာရေးထားတာတွေနဲ့ မဟုတ်ဘူး အောက်မှာ ရေးထားတာတွေအကြောင်း ဖလှယ်ပါ။ နှစ်ဘက်စလုံးက အကြောင်းရင်းတွေအကြောင်း ဆွေးနွေးစဉ် အတွဲတွေဟာ အကြောင်းရင်းတွေကို မိမိတို့စာရင်းမှာ ထပ်ထည့် သင့်ပါတယ်။

လေးယောက်စလုံးပြီးရင် တယောက်စီ ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး တကယ်တန်း ဘယ်လိုခံစားရသလဲဆို တာဆုံးဖြတ်ဖို့ အချိန်တမိနစ်ပေးပါ။ ပြီးရင် အစိုးရအနေနဲ့ ထူးခြားတဲ့ဆောင်ရွက်ချက်လုပ်သင့်တယ်လို့ ယူဆတဲ့ လူတွေအားလုံးကို အတန်းရဲ့ ဘယ်ဘက်ကို ရွှေ့ခိုင်းပါ။ အစိုးရအနေနဲ့ ထူးခြားတဲ့ဆောင်ရွက်ချက် မလုပ်သင့်ဘူးလို့

(page 23)

ယူဆသူတွေအားလုံးကို အတန်းရဲ့ ညာဘက်ကို ရွှေ့ခိုင်းပါ။ မဆုံးဖြတ်နိုင်သေးတဲ့သူတွေ အားလုံးကိုတော့ အနောက်ဘက်နံရံအတိုင်း ထိုင်ခိုင်းပါ။

သင်တန်းသားတယောက်စီဟာ အဖွဲ့တခုစီကို အကြောင်းရင်း အမျိုးမျိုးကြောင့်သွားတဲ့အတွက် သူတို့ဘာလို့ ဒီလိုဆုံးဖြတ်ရသလဲဆိုတဲ့ အကြောင်းရင်းတွေကို စဆွေးနွေးစေပါ။ ပြီးတော့ မိမိတို့ရဲ့ အယူအဆကို ထောက်ခံတဲ့ အခိုင်မာဆုံးအကြောင်းပြချက်တွေကို စုပါ။ အကောင်းဆုံး အကြောင်းပြချက်တွေဟာ ဘာလဲဆိုတာ ဆုံးဖြတ်ဖို့ အုပ်စုတစုကို ၇ မိနစ် ၈ မိနစ်ပေးပါ။

ပြီးရင် နှစ်ဘက် စကားရည်လုပါစေ။ တဘက်စီက ပြောလိုသူတယောက်စီကို အဲဒီဘက်ရဲ့ ခံယူချက်အကြောင်း (၃ မိနစ်ထက်မကျော်ပဲ) ပြောခိုင်းပါ။ နှစ်ဘက်စလုံး (ဒါမှမဟုတ် မဆုံးဖြတ်နိုင်တဲ့ သင်တန်းသားတွေရှိရင် ၃ ဘက်စလုံး)က ထွက်ဆိုချက်တွေပြောပြီးရင် ဘယ်အဖွဲ့ကမဆိုအဖွဲ့ဝင်တွေဟာ ပြောတာတွေကို ချေပဖို့နဲ့ မိမိတို့ရဲ့ ခံယူချက်ကို ကာကွယ်ဖို့ ဝင်ပြောနိုင်ပါတယ်။

ထွက်ဆိုချက်တချက်ကို တမိနစ်ကန့်သတ်ပါ။ လူတိုင်းပါဝင်ခွင့်ရအောင်လုပ်ပါ။ အောက်ပါ စည်းကမ်း ၂ ရပ်ကို ပြောပြပြီး ကြီးကြပ်ပါ။

၁။ မဖြေခင် လူတယောက်ပြောနေတာပြီးအောင်ပေးပြောရမယ်။
၂။ ယဉ်ကျေးရမယ်။

အရင်က အဖွဲ့တဖွဲ့မှာထိုင်နေပေမဲ့ အခု တခြားတဖွဲ့ရဲ့ အကျိုးကြောင်းပြချက်ကြောင့် ဆွဲဆောင်ခံရလို့ အဖွဲ့ ပြောင်းချင်တဲ့သင်တန်းသားတွေကို ပြောင်းဖို့ အားပေးပါ။ ဒီလိုလုပ်ဖို့ အားပေးဖို့ ခိုင်မာတဲ့အကျိုး အကြောင်း ပြမှုတွေကို ကြားတဲ့အခါ ဆရာကိုယ်တိုင် အခန်းတနေရာက တနေရာ ပြောင်းဖို့လိုပါတယ်။

စကားရည်လုပွဲ ၁၀ မိနစ် ၁၂ မိနစ်အကြာမှာ အဖွဲ့တဖွဲ့စီကို အဖွဲ့ကိုယ်စားပြုပြီး ထွက်ဆိုမယ့် လူတယောက် ဆန္ဒပြုခိုင်းပါ။

## သင်ခန်းစာကိုဆွေးနွေးခြင်း

## သင်ခန်းစာအဆင့်များကို ပြန်လည်စဉ်းစားခြင်း

ပထမသင်ခန်းစာမှာလိုပဲ သင်တန်းသားတွေကို ကြုံတွေ့လာတဲ့ သင်ခန်းစာနဲ့ပါတ်သက်ပြီး ပထမ လွတ်လွတ် လပ်လပ်ရေးခိုင်းပါ။ သင်ခန်းစာနဲ့ပါတ်သက်ပြီး သူတို့ခေါင်းထဲမှာရှိတာ ၅ မိနစ် ရေးခိုင်းပါ။ ၅ မိနစ် အချိန်ကိုက်ပြီး နောက် အဆုံးသတ်ဖို့ ၁ မိနစ် ပေးပါ။ ပြီးရင် ပြောလိုသူတွေကို သူတို့အတွေးအခေါ်တွေပြောခိုင်းပါ။

နောက် သင်တန်းသားတွေကို သင်ခန်းစာပြန်ကြည့်ပြီး သူတို့လုပ်ခဲ့သမျှကို တဆင့်ပြီးတဆင့်ပြန်စဉ်းစားခိုင်းပါ။ အောက်ပါမေးခွန်းတွေနဲ့ ထောက်ပေးပါ။

(page 24)

- ဆရာ ပထမဆုံး ဘာလုပ်သလဲ။
- သင်တန်းသားတွေ ပထမဆုံး ဘာလုပ်သလဲ။
- ဘာလို့သင်ခန်းစာ ဒီလိုစတယ် ထင်သလဲ။
- ဒီလိုလုပ်လို့ ဘယ်လိုသက်ရောက်မှု ရှိသလဲ။
- ခင်ဗျားအတွက် ဘယ်လိုနေသလဲ။

**KWL လေ့ကျင့်ခန်းပြန်ကြည့်ခြင်း**

သင်တန်းသားတွေဟာ အခုလောက်ဆို KWL နည်းနဲ့ရင်းနှီးနေလောက်ပါပြီ။ ဒါပေမဲ့

သိခြင်း/သိလိုခြင်း/သင်ယူခြင်း ဇယား၊
အတွဲလိုက် အကြံစုခြင်း၊
ဘာတွေသိတယ်ထင်သလဲ ဆိုတဲ့ကော်လံအောက်က အတွေးအခေါ်တွေ အဖွဲ့ အတွက်စာရင်းလုပ်ခြင်း၊
ဒီအတွေးအခေါ်တွေ အမျိုးအစားခွဲခြားခြင်း၊
သိလိုခြင်း ကော်လံအောက်က မေးခွန်းတွေတောင်းယူခြင်း၊
မေးခွန်းတွေခေါင်းထဲထားပြီး စာဖတ်ခြင်းနဲ့
စာဖတ်ပြီးရင် ဘာသင်ယူလိုက်ရသလဲ ဆိုတဲ့ ကော်လံအောက်မှာ အဓိကအတွေးအခေါ်တွေရေးခြင်း

ဆိုတာတို့ရဲ့ ရည်ရွယ်ချက်နဲ့သက်ရောက်မှုတွေကို ဝေဖန်ခိုင်းသင့်ပါတယ်။

**ဆွေးနွေးခြင်း–ကွန်ယက်လေ့ကျင့်ခန်း ပြန်ကြည့်ခြင်း**

သင်တန်းသားတွေကို ဆွေးနွေးခြင်း–ကွန်ယက် အကြောင်းသတိပေးပါ။ အဆင့်တွေကို သတိရပါစေ။ သင်တန်းသားတွေကို ဒီနည်းနဲ့ပါတ်သက်ပြီး ဘယ်လိုသဘောရသလဲဆိုတာမေးပါ။ ဒီနည်းရဲ့ အစိတ်အပိုင်းတခုစီက ဘယ်လိုသက်ရောက်မှုရှိသလဲ ဒါမှမဟုတ် ဘယ်လိုနောက်ခံအတွေးအခေါ်တွေရှိသလဲလို့မေးပါ။

- အတွဲလိုက် ဇယားပေါ်မှာ ထောက်ခံတဲ့အကျိုးအကြောင်းပြချက်တွေနဲ့ ကန့်ကွက်တဲ့ အကျိုးအကြောင်းပြချက်တွေ ရေးတာ။
- ဒီအတွဲတွေက နှစ်ဘက်စလုံးက အကျိုးအကြောင်းပြချက်တွေကို နောက်တတွဲနဲ့ ဖလှယ်ပြီး ဆွေးနွေးကြတာနဲ့ အတွဲတိုင်းက အကြောင်းပြချက် နှစ်ဘက်စလုံးမှာ ထပ်ထည့်ကြတာ။
- နှစ်ဘက်စကားရည်လုပွဲလုပ်တာ။

စတာတွေကို သတိပေးပါ။

**နောက်ခံအကြောင်းရင်းနဲ့ နည်းစဉ်များ။** ။ ဆွေးနွေးပွဲကွန်ယက်ဟာ ရှုတ်ထွေးတဲ့ သင်ခန်းစာတခုကို စီစဉ်ဖို့ ဇယားသုံးတဲ့ နည်းစဉ်တခုဖြစ်ပါတယ်။ ရလဒ်ကတော့ ဆွေးနွေးပွဲမှာ လူတိုင်းပါဝင်ခွင့်ရတာပါပဲ။ ဆယ့်ငါးယောက် ကျော်တဲ့ အုပ်စုတွေအတွက် အကြံပြုထားပါတယ်။

ဆွေးနွေးခြင်းကွန်ယက်သုံးမယ်ဆိုရင် ဖတ်စာရဲ့အဓိကအကြောင်းရင်းကနေပေါ်ထွက်လာတဲ့အကြောင်းအရာကို (ဟုတ်ကဲ့၊ ဒါမှမဟုတ် မဟုတ်ဘူးဆိုတဲ့) အဖြေပေးနိုင်မယ့်မေးခွန်းတခုထုတ်ဖို့လိုပါတယ်။ ကျောင်းသားအတွဲတွေကို မေးခွန်းကိုအလယ်မှာထားတဲ့ ဇယားဆွဲခိုင်းပါတယ်။ ဗယ်ဘက်မှာ မေးခွန်းကို ဟုတ်ကဲ့လို့ဖြေစေတဲ့ အကြောင်းရင်းတွေရေးပြီး ညာဘက်မှာ မဟုတ်ဘူးလို့ဖြေရတဲ့ အကြောင်းရင်းတွေ ရေးဖို့ နေရာပေးထားပါ။
လေ့ကျင့်ခန်းအစမှာ အတွဲလိုက် မေးခွန်းကို ဆွေးနွေးပြီး ထောက်ခံတဲ့ အကြောင်းပြချက် လေးခု ငါးခုရေးပြီး ကန့်ကွက်တဲ့ အကြောင်းပြချက် လေးခု ငါးခုရေးပါတယ်။
စာရင်း ၂ ခုလုပ်ပြီးတဲ့အခါ အဲဒီကျောင်းသားအတွဲဟာ နောက်ကျောင်းသားအတွဲနဲ့ပေါင်းပြီး စာရင်းတွေကို နှိုင်းယှဉ်ကြည့်ကြပါတယ်။ ပြီးတော့ အကြောင်းပြချက်တွေရဲ့ အားသန်ချက်အားနည်းချက်တွေကြည့်ပါတယ်။ ဒီနေရာမှာ ဒီလေးယောက်ဟာ အဆုံးသတ်ကောက်ချက်ရောက်တဲ့အထိ အကြောင်းအရာကို ဆွေးနွေးနိုင်ပါတယ်။ ပြီးရင် သူတို့ရဲ့ကောက်ချက်ချမှုကို ရေးပြီး အတန်းကို ပြောပြရင်ပြောပြ၊ ဒါမှမဟုတ် တခြားလူတွေဖတ်ဖို့ ရေးပြီး ကပ်ထားနိုင်ပါတယ်။
ဒီမှာပါတဲ့ သင်ခန်းစာမှာတော့ လေးယောက်သား နောက်ဆုံးပိတ်ကောက်ချက်ချတဲ့အထိမရောက်ပဲ စကားရည်လုပွဲပဲ လုပ်ပါတယ်။

**စကားရည်လုပွဲလေ့ကျင့်ခန်း ပြန်ကြည့်ခြင်း**
သင်တန်းသားတွေကို စကားရည်လုပွဲမှာလုပ်တဲ့အဆင့်တွေကို ပြန်သတိရစေပြီး ပြန်ကြည့်ပါ။ ဒီနည်းရဲ့ အစိတ်အပိုင်းတခုစီရဲ့ သက်ရောက်မှုဟာ ဘာလဲ။ အစိတ်အပိုင်းတခုစီရဲ့ နောက်ခံအတွေးအခေါ်က ဘာလဲ။ ဒီလေ့ကျင့်ခန်းရဲ့ အဆင့်တွေဟာ

- စကားရည်လုပွဲမစခင် ဆွေးနွေးပွဲကွန်ယက်မှာ အကျိုးအကြောင်းပြချက်တွေရေးတယ်။
- ကိုယ်နဲ့ရပ်တည်ချက်ချင်းတူတဲ့ လူတွေနဲ့အတူရပ်ပြီး မတူတဲ့လူတွေနဲ့ ငြင်းခုံတယ်။
- မိမိတို့ရဲ့ အကျိုးကြောင်းပြချက်တွေကို ပြန်ကြည့်ဖို့ အချိန်ပေးထားတယ်။
- ရပ်တည်ချက်ပြောင်းလိုရင် ရပ်နေတဲ့နေရာပါ ပြောင်းဖို့ အားပေးတယ်။
- တဖက်စီကို နိဂုံးချုပ်ထွက်ဆိုချက်ပေးခိုင်းတယ်။

ဆိုတာ သတိပေးပါ။

**နောက်ခံအကြောင်းရင်းနဲ့ နည်းစဉ်များ။** ။ ဆွေးနွေးပွဲ–ကွန်ယက်နည်းစဉ်ဟာ နှစ်ယောက်တွဲ၊ လေးယောက်တွဲကနေ အတန်းတဝက်အထိ အလုပ်လုပ်စေတဲ့ အကျိုးရှိပါတယ်။ နောက်တော့လုပ်တဲ့စကားရည်လုပွဲဟာ လူတွေ တယောက်နဲ့တယောက် အတွေးအခေါ်တွေကို ငြင်းစေပါတယ်။ ဒီအဆင့်တွေအားလုံးဟာ အတွေးအခေါ်နဲ့ ပါဝင်မှု

(page 26)
အများဆုံးဖြစ်စေပါတယ်။ မိမိတို့ရဲ့ ရပ်တည်ချက်တွေကိုလည်း အသံထွက်ငြင်းခုံစေပြီး မြင်နေရပြီး တကယ်ပဲ ရွှေ့လို့ ရတဲ့အတိုက်အခံကို မိမိဘက်ပါအောင် ဆွဲဆောင်စေပါတယ်။
အောက်ပါလမ်းညွှန်ချက်တွေသုံးပြီး စကားရည်လုပွဲဟာ ငြင်းဆိုချက်ရယ် ပြန်လည်ငြင်းဆိုချက်တို့နဲ့ဆက်လုပ် ပါတယ်။

- အုပ်စုထဲမှာပါတဲ့ လူတိုင်းကို အုပ်စုတွေက စကားပြောခွင့်ပေးဖို့ တိုက်တွန်းပါ။
- မိမိတို့ထွက်ဆိုချက်တွေမလုပ်ခင် အတိုက်အခံကဘာပြောနေတယ်ဆိုတာ သေသေချာချာ နားထောင်ခိုင်းပါ။ လိုအပ်ပါက မိမိတို့ထွက်ဆိုချက်တွေမလုပ်မီ အတိုက်အခံက ဘာပြောလိုက်သလဲ ဆိုတာ ပြန်ပြောခိုင်းတဲ့ စည်းကမ်း လုပ်နိုင်ပါတယ်။
- မိမိတို့ရပ်တည်ချက်ကနေ တဖက်ပါသွားအောင် ဆွဲဆောင်ခံရတဲ့သူကို စကားရည်လုပွဲအတွင်းမှာ တခြားတဖက်ကို ပြောင်းရွှေ့စေနိုင်ပါတယ်။
- စကားရည်လုပွဲဟာ ၁၅ မိနစ်ထက်ကျော်သွားပါရင် ကျောင်းသားတွေကို ရပ်ခိုင်းပြီး သူတို့ ကြားခဲ့သမျှ ထဲက ဆွဲဆောင်မှုအရှိဆုံး အကျိုးအကြောင်းပြချက်တွေကို ချရေးခိုင်းနိုင်ပါတယ်။ နောက်မှာ ကျောင်းသားတွေကို အကျိုးအကြောင်းပြ စာစီစာကုံးရေးခိုင်းမယ်ဆိုရင် ဒီနည်းဟာ အထူးသဖြင့် ကောင်းပါတယ် (Brophy, 1996)။
- နိဂုံးမှာ တဖက်စီက ပြောလိုသူတယောက်စီကို မိမိတို့ရပ်တည်ချက် အကျဉ်းချုပ်ပြောခိုင်းပါတယ်။
- ဆရာကလည်း စကားရည်လုပွဲမှာ ပြောသွားတဲ့ အကျိုးအကြောင်းပြချက်တွေကို အကျဉ်းချုပ်ပြီး အဓိကအချက်တွေနဲ့ နိဂုံးချုပ်အချက်ကို ထောက်ခံတဲ့ ကျိုးကြောင်းပြဆင်ခြင်ချက်ကို သတိပြုခိုင်းပါတယ်။ ဒီအဆင့်လုပ်ရတဲ့ နောက်ခံအကြောင်းရင်းက သင်တန်းသားတွေကို ကောင်းကောင်းစဉ်းစားထားတဲ့ အတွက် အသိအမှတ်ပြုလိုလို့၊ ဆရာ့အနေနဲ့ ဖတ်စာထဲက အရေးကြီးတယ်လို့ယူဆရတဲ့ အချက်တွေကို ထောက်ပြဖို့နဲ့ အကျိုးကြောင်းပြဆင်ခြင်မှုကို သရုပ်ပြဖို့ ဖြစ်ပါတယ်။

သိပ် စည်းကမ်းမကြပ်လွန်းတဲ့ စကားရည်လုပွဲတခုမှာ ဆရာတယောက်အနေနဲ့ စကားရည်လုပွဲလုပ်နေတုန်းမှာ စည်းကမ်းဘယ်လောက်ထားရမလဲ၊ ပြီးတော့ ဆွေးနွေးပွဲ လမ်းကြောင်းမှန်မှာ ရှိနေဖို့ ဘယ်လောက် ဝင်ပါရမလဲ ဆိုတာ စဉ်းစားရပါမယ်။ ဆရာအနေနဲ့ စကားရည်လုပွဲ ရှေ့ဆက်သွားနေဖို့ မေးခွန်းတွေမေးသင့်ပါတယ်။ မေးတဲ့မေးခွန်းတွေဟာ

အဓိပ္ပါယ်ရှင်းဖို့ (ဘာဆိုလိုတာလဲ။ ဥပမာပေးနိုင်မလား။)
စစ်ဆေးတဲ့ပုံစံမဟုတ်ပဲ သက်သေပြချက်ပေးဖို့ ဒါမှမဟုတ် ထောက်ခံဖို့ (ဘာဖြစ်လို့လဲ။ ဘာကြောင့်လဲ။)
ပြောပြီးသားအချက်တချက်နဲ့ ဆက်စပ်တဲ့အချက်တွေ စဉ်းစားဖို့ (အလီနာ ပြောတာနဲ့ ဘယ်လိုဆက်စပ်လို့ရမလဲ။ ဒီလိုဆို အလီနာ နဲ့ သဘောတူသလား။)

(page 27)

အထင်အရှားဆက်စပ်နေတဲ့ အချက်တွေ ကျောင်းသားတွေ ထောက်ပြနိုင်ဖို့ မေးခြင်း (––––ကို စဉ်းစားနေသလား။)၊ ပြီးတော့

ကျောင်းသားတွေ တယောက်နဲ့တယောက် စကားပြောဖို့နဲ့ တယောက်ပြောတာ တယောက် သေသေချာချာ နားထောင်စေခြင်း (ဒို့ကိုမပြောနဲ့ ––– သူ့ကို သဘောတူအောင်လုပ်ဖို့လိုတာ။)၊ ပြီးတော့

ပြိုင်ဆိုင်မှုထက် ပူးပေါင်းလုပ်ဆောင်တဲ့ စူးစမ်းလေ့လာမှုမျိုးဖြစ်အောင် အားပေးခြင်း

## ဝေဖန်ပိုင်းခြားနည်းများ စုပေါင်းခြင်း

သရုပ်ပြသင်ခန်းစာနှစ်ခုစလုံးအပြီးမှာ အကြံများ ထွက်ပေါ်စေခြင်း၊ အဓိပ္ပါယ်ဖေါ်ဆောင်ခြင်းနဲ့ ပြန်လည်စဉ်းစားခြင်း လို့ခေါင်းစဉ်တပ်ထားတဲ့ ကော်လံသုံးခုပါ ဇယားဆွဲရင် ကောင်းပါတယ်။ သင်တန်းသားတွေကို သင့်တော်ရာ ကော်လံတွေမှာ အခုအထိ ပြောပြီးသွားတဲ့ သင်ကြားနည်းတွေကို ကူရေးခိုင်းပါ။ အရင်သင်တန်းတွေမှာ သုံးခဲ့တဲ့ နည်းတွေလည်း ရေးဖို့ မမေ့ပါနဲ့။

သရုပ်ပြသင်ခန်းစာတွေမှာ သုံးခဲ့တဲ့ နည်းတွေကို အမျိုးမျိုးပေါင်းစပ်လို့ရတယ်ဆိုတာ ပြောပြပါ။ ဆရာသင်သွားတဲ့ နည်းတွေအတိုင်း သင်ခန်းစာတိုင်းကိုသင်ဖို့မလိုဘူးလို့ဆိုလိုတာပါ။ တခြားနည်းတွေနဲ့သင်ရင်လည်းဖြစ်ကြောင်း ပြီးတော့ အပြောင်းအလဲလုပ်ဖို့ အကြံပြုကြောင်းပြောပါ။

ပထမသင်ခန်းစာအစမှာသုံးတဲ့ ခန့်မှန်းနည်းဟာ တက်တက်ကြွကြွနဲ့ကျောင်းသားတွေကို ဖတ်စာကို နားလည်စေပါတယ်။ ဝတ္ထု မဟုတ်တဲ့ စာပေတွေမှာလို ဒီစာပုဒ်ဟာ သတင်းအချက် အလက်တွေ အများကြီးပါခဲ့ရင် ပထမသင်တန်းမှာတုန်းကလို အတွဲလိုက် အကြံတွေစုတဲ့နည်းကိုလည်း အသုံးအနှုန်းတွေက ခန့်မှန်းခြင်းနည်း အစား သုံးနိုင်ပါတယ်။ တဘက်မှာ ကျောင်းသားတွေဟာ စာပုဒ်ကို နားလည်သလားဆိုတာ သိပ်မစိုးရိမ်ပဲ ဒီစာပိုဒ်က ပြောတဲ့အကြောင်းအရာတွေကိုသာ ပိုအာရုံစိုက်ရင်၊ ဒီနည်းတွေအစား ပြန်လည်စဉ်းစားတဲ့နည်းတွေကို သုံးနိုင်ပါတယ်။

ဒီစာပုဒ်နဲ့ပါတ်သက်ပြီး ဘာစဉ်းစားနေသလဲ ဒါမှမဟုတ် ဒါက ဘယ်လိုခံစားစေသလဲ စတဲ့မေးခွန်းတွေ (ဒီ့အပြင် လမ်းညွှန် ၃ မှာပါတဲ့ ၂ ပိုင်းရေး နေ့စဉ်မှတ်တမ်းရေး) ကို မကြာခဏ သီးခြားသုံးပြီး ဆရာက ကျောင်းသား တွေကို စာပိုဒ်က စိတ်ဝင်စားစရာကောင်းတဲ့အချက်တွေကို ရှာခိုင်း၊ မေးခွန်းမေးခိုင်းပါတယ်။ သီးခြားသုံးပါက ဆရာလည်း မိမိရဲ့တုန့်ပြန်ချက်တွေပြောရင် ကောင်းပါတယ်။ ဒီလိုလုပ်ရင် အကြောင်းအရာတွေ မျှမျှတတ ဆွေးနွေးပြီးပြီဆိုတဲ့ ကျေနပ်စိတ်ရစေပြီး ကျောင်းသားတွေကိုလည်း လုပ်နည်း နည်းစဉ် နမူနာပြနိုင်ပါတယ်။

ဆွေးနွေးပွဲတွေမှာ တခါတလေ ဖလှယ်–စူးစမ်းနည်းကိုလည်းရောသုံးရင် ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုလုပ်ခြင်းဟာ မိမိဆွေးနွေးနိုင်တဲ့အခွင့်အရေးတွေပိုများတဲ့အခါမှာ ကျောင်းသားတွေအနေနဲ့ စဉ်းစားတဲ့ပုံစံကို ဖြစ်စေလို့ပါပဲ။ နောက်ဆုံးအနေနဲ့ ဆရာအနေနဲ့ ကျောင်းသားတွေရဲ့ တုန့်ပြန်မှုတွေကို သေသေချာချာ နားထောင်ဖို့နဲ့ သူတို့ဟာ အကြောင်းအရာတွေနဲ့ပါတ်သက်ပြီး ဘယ်လိုစဉ်းစားနေသလဲဆိုတာ ကြားနိုင်တဲ့ အခွင့်အရေးတွေကို လက်ခံဖို့ အရေးကြီးပါတယ်။

ဖလှယ်–စူးစမ်းခြင်းနည်းကို များသောအားဖြင့် သီးခြားသုံးလေ့ရှိပါတယ်။ ဒါပေမဲ့ ဆွေးနွေးဖို့မေးခွန်းတွေကို ကြိုတင်ပြင်ဆင်ထားတဲ့အတွက်ရယ် ကျောင်းသားတွေရဲ့ ကိုယ်ပိုင်အတွေ့အကြုံနဲ့ ခံစားမှုတွေထက်စာရင် ဖတ်စာကို ပိုအာရုံစိုက်တဲ့အတွက်ရယ်ကြောင့် ဆရာတွေ အတော်များများဟာ ဒီနည်းထက် ကျောင်းသားတွေအနေနဲ့ မိမိတို့ရဲ့ တုန့်ပြန်မှုတွေဖလှယ်နိုင်တဲ့အခွင့်အရေးတွေပါတဲ့ နည်းတွေကို ပိုသုံးပါတယ်။ ဖလှယ်–စူးစမ်းနည်းမှာ ပါတဲ့အစိတ်အပိုင်းတွေ –– မေးခွန်းတွေကြိုတင်ရေးထားခြင်း၊ ကျောင်းသားတွေကို မိမိတို့ရပ်တည်ချက်တွေကို နှုတ်ကမဖြေခင် အရင်ချရေးစေခြင်း၊ ပိုလေးလေးနက်နက်စူးစမ်းဖို့နဲ့စကားရည်လုပွဲကိုအားပေးဖို့အတွက် နောက်ဆက်တွဲမေးခွန်းတွေသုံးခြင်း၊ ထိုင်ခုံဇယားမှာ ကျောင်းသားတွေရဲ့ တုန့်ပြန်ချက်တွေချရေးခြင်း၊ ပြီးတော့ ဖတ်စာနဲ့သက်ဆိုင်တဲ့ အဖြေမှန်တခုတည်းမရှိတဲ့ မေးခွန်းမျိုးမေးခြင်း တို့ဟာ တခြားနည်းတွေနဲ့ပေါင်းစပ်နိုင်တဲ့ အကြံတွေဖြစ်ပါတယ်။

ဆွေးနွေးပွဲကွန်ယက်ကို သီးခြားသုံးနိုင်ပါတယ်။ ဒီမှာသုံးသလိုပဲ စကားရည်လုပွဲစပေးတဲ့အနေနဲ့လည်း သုံးနိုင်ပါတယ်။ (ဒီမှာ ကျောင်းသားတွေကို အကျိုးအကြောင်းပြ ငြင်းဆိုချက်တွေနဲ့ကောင်းကျိုးဆိုးကျိုးတွေကို မိမိတို့ရဲ့ရပ်တည်ချက်တွေ ထုတ်မပြောခင်သတိပြုမိစေပါတယ်။) အုပ်စုငယ်လေးတွေ တပြိုင်နက်ဆွေးနွေးနေတဲ့အခါ စနစ်တကျရှိစေဖို့ မဖြစ်မနေ ဇယား ထားသင့်ပါတယ်။ ကျောင်းသားနှစ်ယောက်၊ လေးယောက်၊ တအုပ်စုလုံး ပြောဆိုနေတာလည်း မဖြစ်မနေရှိသင့်ပါတယ်။ ဒီနှစ်မျိုးစလုံးကို တခြားဆွေးနွေးပွဲတွေမှာလည်းသုံးနိုင်ပါတယ်။

(page 29)

အပိုင်း ၂ ထိန်းကြပ်ထားသော
လေ့ကျင့်ခန်း

(page 30)

သင်တန်းသားတွေဟာ သင်တန်းမပြီးခင် ၄င်းတို့ကိုယ်တိုင် အပိုင်း ၁ မှာဖော်ပြထားတဲ့ နည်းတွေကို လေ့ကျင့်ဖို့ အခွင့်အရေးတွေလိုပါတယ်။ ဒါအတွက် အကြံပြုချက်တွေပါတဲ့ တခြားဖတ်စာတွေကိုလည်း နောက်ဆက်တွဲတွေမှာ ထည့်သွင်းထားပါတယ်။ နောက်တခုလုပ်နိုင်တာက တဖွဲ့လုံးလုပ်နိုင်တဲ့လေ့ကျင့်ခန်းတွေကို သင်တန်းမှာပိုလုပ်နိုင်ပါတယ်။ ဒီလိုဆိုရင် ဒီစာပုဒ်တွေကို သင်ဖို့နည်းတွေအကြံပြုထားတာတွေကို သီးသန့်စာမျက်နှာတွေမှာ တွေ့နိုင်ပါတယ်။

မတူညီတဲ့ဖတ်စာတွေကို သင်တန်းသားအုပ်စုငယ်တွေကို ဖတ်စေပါ။ သင်တဲ့အတန်းအလိုက်နဲ့ဘာသာရပ်အလိုက် အုပ်စုတွေ ခွဲထားချင်ခွဲထားပါမယ်။ နောက်ဆက်တွဲမှာပါတဲ့ ဖတ်စာတွေဟာ အသက်ကြီးသူတွေ ဒါမှမဟုတ် ကလေးတွေအတွက်၊ ဒါမှမဟုတ် စာပေအတန်းတွေ၊ ဒါမှမဟုတ် ပြည်သူ့နီတိအတန်းတွေအတွက်ပိုသင့်တော်ချင်သင့်တော်ပါလိမ့်မယ်။ သင်တန်းသားတွေကို ပထမ တယောက်စီ၊ ပြီးတော့ အုပ်စုအလိုက်၊ ဖတ်စာအတွက် အဓိပ္ပါယ် ကောက်ယူဖို့ မေးခွန်းကောင်း လေးခု ပြင်ခိုင်းပါ။ နောက် အဲဒီမေးခွန်းတွေသုံးပြီး ဆွေးနွေးပွဲ ကွန်ယက် ပြင်ဆင်ခိုင်းပါ။

အုပ်စုတိုင်းနဲ့ မေးခွန်းတွေကြည့်ဖို့ အချိန်ပေးပါ။ ဖတ်စာနဲ့ သက်ဆိုင်ပြီး အဖြေမှန်တခုတည်းမရှိတဲ့ မေးခွန်းတွေ (အနည်းဆုံး အဖြေ ၂မျိုးရနိုင်တဲ့မေးခွန်းတွေ) ရှာပါ။ ပြီးရင် အုပ်စုတွေ အလှည့်ကျ တအုပ်စုလုံးနဲ့ဆွေးနွေးပွဲ ဦးဆောင်စေပါ။

အချိန်ရှိပါက နောက်ဆက်တွဲ ည မှာပါတဲ့ "သဘောတူညီချက်ရရှိခြင်း"၊ "ဇာတ်လမ်းဇယား"၊ ဒါမှမဟုတ် ဗင်ဇယားနဲ့ စာပုဒ်တွေနှိုင်းယှဉ်ခြင်း၊ စတဲ့နည်းတွေသုံးနိုင်ပါတယ်။

(page 31)

# အပိုင်း ၃ အကောင်အထည်ဖော်ဖို့
စီစဉ်ခြင်း

(page 32)
နောက်တဆင့်မှာတော့ သင်တန်းသားတွေကို လက်တွေ့ကျတဲ့အဆင့်မှာ အကောင်အထည်ဖေါ်ဖို့ အစီအစဉ်လုပ်စေပါ။ သင်တန်းကပို့ချမှုတွေကို သဘာဝကျစေဖို့နဲ့ အတန်းတွေမှာပြောင်းသုံးနိုင်ဖို့ သင်ကြားမယ့် ဖတ်စာတွေသုံးပြီး တိကျတဲ့အစီအစဉ်တွေလုပ်ဖို့ လိုပါတယ်။ ဒီအဆင့်ပြုလုပ်ခွင့်ပေးဖို့ အရေးကြီးပါတယ်။ ဒီနည်းတွေနဲ့စခါစရှိတဲ့သင်တန်းသားတွေကိုအားပေးထောက်ခံဖို့လိုပါတယ်။ သင်တန်းရဲ့ ဒီအဆင့်ဟာ အင်မတန် တီထွင်မှုတွေနဲ့ပြည့်ဝနိုင်ပြီး အားလုံးအတွက်ကျေနပ်စေတဲ့အတွေ့အကြုံတရပ်ဖြစ်စေနိုင်ပါတယ်။ ဒါပေမဲ့ စဖို့ရာ အမြဲလိုလို ခက်ပါတယ်။ မေးခွန်းတချို့ဟာ စဉ်းစားရာမှာ ထောက်ပေးနိုင်ပါတယ်။

- အခုလုပ်ခဲ့တဲ့ဟာတွေကို မနက်ဖန် မိမိရဲ့အတန်းထဲမှာ သွားလုပ်မယ်လို့ စိတ်ကူးပါ။ ဘာအကြောင်းအရာ ဒါမှမဟုတ် ခေါင်းစဉ်နဲ့လုပ်ဆောင်မလဲ။ ဒါမှမဟုတ် ဘာအကြောင်းအရာရွေးမလဲ။
- ဒီနည်းတွေနဲ့အဲဒါကိုဘယ်လိုသင်မလဲ။ ဘယ်လိုစမလဲ။ ဘာလုပ်မလဲ။
- ဘာပစ္စည်းတွေလိုမလဲ။
- ဒီနေ့လုပ်တာနဲ့ပါတ်သက်ပြီး ဘာတွေမေးစရာရှိမလဲ။ ဆက်မလုပ်ခင် ဘာတွေရှင်းပြဖို့လိုသလဲ။
- ကျောင်းသားတွေကို ဘာတတ်စေလိုသလဲ။ ဒါမှမဟုတ် ဘာလုပ်တတ်စေလိုသလဲ။ သူတို့ကို ကူညီဖို့ ဘာလုပ်မလဲ။
- ဘယ်လိုအတားအဆီးတွေ ကြုံရမလဲ။ ဘယ်လိုကျော်လွှားမလဲ။ ပြီးတော့
- ဒီတွေးခေါ်ထားတဲ့အစီအစဉ်ကို တကယ်ဖြစ်လာအောင် ဘယ်လိုလုပ်မလဲ။ ဘယ်လေ့ကျင့်ခန်းတွေ တကယ်စမ်းကြည့်မလဲ။ ဘယ်တော့လဲ။ ဘယ်နှစ်ကြိမ်လဲ။

ချမှတ်ပြီးတာနဲ့တပြိုင်နက် အစီအစဉ်တွေကို တအုပ်စုလုံးနဲ့ ဖလှယ်သင့်ပါတယ်။ အုပ်စုဟာ ကောင်းပြီး တီထွင်ဉာဏ်ပါတဲ့ အကောင်ထည်ဖေါ်နည်းတွေနဲ့ အစီအစဉ်အရ ဖြစ်နိုင်တဲ့အမှားအယွင်းတွေ၊ ဒါမှမဟုတ် လစ်ဟင်းချက်တွေ ရှာသင့်ပါတယ်။

## သင်တန်းနောက်ပိုင်း။ ။ နောက်ဆက်တွဲအစီအစဉ် ပြုလုပ်ခြင်း

အာရ်ဒဗယ်လ်ယူစီတီ အစီအစဉ်ရဲ့ ပုံစံမှာ သင်တန်းမှာသင်ပေးလိုက်တဲ့နည်းတွေကို အတန်းတွေထဲမှာ သုံးတဲ့အခါ ကြုံတွေ့ရတဲ့ အတွေ့အကြုံတွေကို သင်တန်းတွေကြားအားလပ်ချိန်မှာ ဖလှယ်ကြဖို့ သင်တန်းသားတွေ တွေ့ဆုံမယ် ဆိုတဲ့ မျှော်လင့်ချက်ရှိပါတယ်။ ဒီအချိန်တွေဟာ အာရ်ဒဗယ်လ်ယူစီတီ အစီအစဉ်ရဲ့အရေးပါတဲ့ အစိတ်အပိုင်း တရပ်ဖြစ်ပြီး အစီအစဉ်တရပ်နဲ့လုပ်ရပါမယ်။ ဒီအချိန်တွေအတွက် ရက်တိတိကျကျသတ်မှတ်ရပြီး တင်ပြဖို့တာဝန် တွေကိုလည်း သဘောတူရပါမယ်။ (ဆိုလိုတာက၊ ဘယ်သူဟာ ဒီအချိန်စတဲ့အခါမှာ ဘာစမ်းပြီးပြီလဲ။ နေရာရယူဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အစီအစဉ်မှာ သဘာပတိလုပ်ဖို့ ဘယ်သူ့တာဝန်လဲ။)

(page 33)
သင်တန်းသားတွေဟာ အောက်ပါမေးခွန်းတွေ ဆွေးနွေးဖို့ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။

- ယေဘုယျအားဖြင့် အကောင်အထည်ဖော်တာ ဘယ်လိုလဲ။
- အောင်မြင်မှုတွေဘာလဲ။ အအောင်မြင်ဆုံးအစိတ်အပိုင်းတွေဘာလဲ။
- ဘယ်လိုဆုံးရှုံးမှုတွေ၊ ဒါမှမဟုတ် အခက်အခဲတွေကြုံခဲ့ရသလဲ။
- ကျောင်းသားတွေ ဘယ်လိုတုန့်ပြန်သလဲ။
- နောက်တခေါက်သူတို့ ဘယ်လိုကွဲပြားစွာလုပ်မလဲ။
- သူတို့ရဲ့စိတ်ဝင်စားမှုအဆင့် ဘယ်လောက်မြင့်သလဲ။
- သူတို့ဘယ်လောက်သင်ယူလိုက်သလဲ။
- ဆရာအတွက်သင်ခန်းစာက ဘယ်လိုနေသလဲ။ ကောင်းသလား၊ ဒါမှမဟုတ် အခက်အခဲရှိတဲ့အပိုင်း ဒုက္ခပေးတဲ့ အပိုင်းရှိသလား။ ပြီးတော့
- အကောင်အထည်ဖော်မှု ဘယ်နှစ်ကြိမ်လုပ်ခဲ့သလဲ။

သင်တန်းသားတွေကို အုပ်စုငယ်တွေအနေနဲ့ မိမိတို့ရဲ့ အတွေ့အကြုံတွေ ဖလှယ်ပါစေ။ ပြီးတော့မှ တအုပ်စုလုံးနဲ့ ဖလှယ်ပါစေ။ အောင်မြင်မှု ဆုံးရှုံးမှု စတာတွေနဲ့ပါတ်သက်တဲ့ အတွေ့အကြုံတွေ၊ ဒီနည်းစဉ်တွေကို ဒေသခံ ယဉ်ကျေးမှု၊ အခြေအနေတွေနဲ့ ဆရာတွေအကြိုက်တို့နဲ့ကိုက်ညီအောင် ဘယ်လိုပြောင်းမလဲ စတာတွေ ဆွေးနွေးစေပါ။

## စာပေနဲ့ပါတ်သက်ပြီး အဓိပ္ပါယ်ကောက်ယူနိုင်တဲ့မေးခွန်းတွေရနိုင်တဲ့နေရာများ

ဒီလမ်းညွှန်စာအုပ်အစောပိုင်းမှာ တင်ဆက်ခဲ့တဲ့ ဖလှယ်–စူးစမ်းနည်းအရ ဆရာအနေနဲ့ ဆွေးနွေးဖို့ အဓိပ္ပါယ် ကောက်ယူစေတဲ့မေးခွန်းတွေ ကြိုတင်ပြင်ဆင်ဖို့လိုပါတယ်။ ဒါကြောင့် ဒါကိုဆွေးနွေးဖို့ မေးခွန်းတွေထုတ်တဲ့ နည်းစဉ်တွေကို အကြံပြုဖို့ဆိုတာဟာ အတင့်ရဲလွန်းတယ်၊ လွယ်လွယ်လုပ်လွန်းတယ်လို့ထင်စရာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီမေးခွန်းတွေတွေ့နိုင်မယ့်နေရာကောင်းတွေ စာပေအမျိုးမျိုးနဲ့ပါတ်သက်ပြီး တွေ့နိုင်ပါတယ်။ ဒီလို တွေ့နိုင် မယ့်နေရာတွေစာရင်းအောက်မှာဖေါ်ပြထားပါတယ်။

## ဇာတ်လမ်းကျောရိုးအခြေခံထားတဲ့ မေးခွန်းများ

ကနေဒါလူမျိုး Northrop Frye (၁၉၅၇)က စာပေဆိုတာများသောအားဖြင့်ကျွန်ုပ်တို့ရှာနေတဲ့ ကောင်းကင် ဒါမှမဟုတ် ရှောင်လိုတဲ့ ငရဲအကြောင်းရေးထားတာလို့ဆိုပါတယ်။ ဒီလိုဆို ဇာတ်လမ်းကျောရိုးတွေဟာ များသော

(page 34)

အားဖြင့် တခုခုလိုချင်တဲ့လူတွေ (တခုခုမလိုချင်တဲ့လူတွေ)နဲ့ ရအောင်ကြိုးစားသူတွေ (ဒါမှမဟုတ် ဝေးအောင်ကြိုးစားသူတွေ) အကြောင်းပါ။ အရိုးဆုံးဇာတ်လမ်းတွေကလွဲရင် အားလုံးကတော့ ဇာတ်ကောင်တွေ ဘာလိုချင်သလဲ၊ ဘာမလိုချင်ဘူးလဲ၊ ဘယ်လိုရသလဲ၊ ဘယ်လိုရှောင်သလဲဆိုတာရယ် ဘယ်သူ၊ ဒါမှမဟုတ် ဘာက ကူညီသလဲဆိုတာ တိုက်ရိုက်မပြောချင်မပြောပါဘူး။ ဒီအရာတွေက ဇာတ်လမ်းကိုပုံဖေါ်တဲ့အတွက် ဒီအကြောင်း တွေနဲ့ပါတ်သက်ပြီး မေးသင့်ပါတယ်။ ဒါကြောင့် ဇာတ်လမ်းကျောရိုးကို အခြေခံထားတဲ့ မေးခွန်းတွေဟာ အောက်ပါပုံစံတွေရှိတတ်ပါတယ်။

- ဒီဇာတ်ကောင် တကယ်ဘာလိုချင်သလဲ။ သူဘာ *မလိုချင်ဘူး*လဲ။
- ဘာက သူလိုချင်တာရစေသလဲ။
- သူ့ရည်မှန်းချက်ရအောင် ဘာစွန့်လွှတ်လိုက်ရသလဲ။
- အစမှာ သူဘယ်လိုလဲ။ အဆုံးမှာ သူဘယ်လိုလဲ။ ဘာကြောင့်ဒီလိုပြောင်းလဲသလဲ။ ပြီးတော့ ဒီလိုလုပ်ရင်း ဘာသင်ယူလိုက်ရသလဲ။

## ရုပ်ပုံတွေနဲ့ လက္ခဏာတွေအကြောင်းမေးခွန်းတွေ

ပေါ်ပေါ်ထင်ထင်အရိပ်လက္ခဏာတွေမဟုတ်ရင်တောင်မှ စာပေအားလုံးဟာ မိမိတို့ဘဝတွေကအကြောင်းအရာတွေနဲ့လူသားတိုင်းကြုံတွေ့ရတဲ့အကြောင်းအရာတွေကို ညွှန်ပြပါတယ် (**F. Moser** နဲ့ ကိုယ်တိုင်ဆွေးနွေးခြင်း၊ ၁၉၈၉)။ ပြင်သစ် မနုဿဗေဒပညာရှင် **Claude Levi-Strauss** က ဒဏ္ဍာရီတွေဟာ များသောအားဖြင့် တိုက်ရိုက်ပြောဆိုရာမှာအခက်အခဲရှိလွန်းတဲ့ ပြဿနာတွေ ဖြေရှင်းဖို့ နည်းတွေဖြစ်တယ်လို့ဆိုပါတယ်။ စာပေနဲ့ပါတ်သက်ပြီးတော့လည်း ဒီလိုပဲပြောနိုင်ပါတယ်။ စာပေထဲက ရုပ်ပုံတွေနဲ့ လက္ခဏာတွေဟာ စာဖတ်သူတွေကို မိမိတို့ဘဝတွေနဲ့ လက်လှမ်းမမှီတဲ့အရာတခုခုကို ရိုးတိုးရိပ်တိပ် အမှတ်ရစေပါတယ်။ ဇာတ်လမ်းတခုက ရုပ်ပုံတခု ဒါမှမဟုတ် အကြောင်းအရာတခုရဲ့ အဓိပ္ပါယ်ကို ဆက်လေ့လာဖို့ နည်းလမ်းတခုကတော့ ဒီမေးခွန်းသုံးခုမေးဖို့ပါပဲ။

၁။ ဇာတ်လမ်းက အဲဒီအရာရဲ့အဓိပ္ပါယ် (ဒါမှမဟုတ် ဘယ်လိုနေရာကပါဝင်သလဲ။) ဘာလဲ။
၂။ မိမိဘဝမှာ (ရုပ်ပုံ ဒါမှမဟုတ် အကြောင်းအရာ) ဘာက ကိုယ်စားပြုသလဲ။
၃။ ဘာက (ရုပ်ပုံဒါမှမဟုတ် အကြောင်းအရာ) လူ့ဘဝမှာ အဓိပ္ပါယ်ရှိသလဲ။

နောက်ဆက်တွဲတွေမှာပါတဲ့ ဇာတ်လမ်းတွေကို၊ ဥပမာ၊ "အိုင်ဗင်နဲ့ ဖျံအရေခွံ"ကို ကြည့်ခြင်းဖြင့် ကုန်းနဲ့ရေအကြားနယ်ခြားသတ်မှတ်ချက်အကြောင်းမေးလိုကမေးပါမယ်။ "မကောင်းမှုပြုသူ" မှာ မိမိကျူးလွန်မိမှန်းမသိလိုက်တဲ့ ပြစ်မှုအတွက်အပြစ်ဒဏ်သတ်မှတ်ခံရခြင်းအကြောင်းမေးလိုကမေးပါမယ်။ "ကျေးဇူးတင်ပါတယ် ခင်ဗျာ" မှာ အပြာရောင်ဆိတ်သားရေဖိနပ်လို အသေးအဖွဲလေးတခုကို လိုချင်ရာက ဘဝတခုလုံးပြောင်းလဲစေတဲ့ အဖြစ်အပျက်တွေ အကြောင်း မေးချင်မေးပါမယ်။

## ဆန့်ကျင်ဖက်အစိတ်အပိုင်းများနဲ့ပါတ်သက်တဲ့မေးခွန်းများ

အခုတွေ့ခဲ့ရသလို ရေးထားတာထက်ကျော်လွန်ပြီး အဓိပ္ပါယ်ရှိတဲ့ ရုပ်ပုံလက္ခဏာတွေကို စာပေမှာ တွေ့ရလေ့ရှိပါတယ်။ Levi-Strauss က ရုပ်ပုံတွေဟာ ဒီစာပုဒ်မှာပဲပါတဲ့တခြားရုပ်ပုံလက္ခဏာတွေနဲ့ နှိုင်းယှဉ်တဲ့အခါမှာရယ် တခြားစာပေတွေနဲ့ ဘဝမှာ တူညီတဲ့ရုပ်ပုံတွေရှာရင်ရယ် ပိုအဓိပ္ပါယ်ရှိပါတယ်လို့ဆိုပါတယ်။
ရိုးရာစာပေဆွေးနွေးတဲ့မေးခွန်းတွေထဲမှာ ဒီကွဲပြားမှုနှိုင်းယှဉ်တဲ့အကြံပါနိုင်ပါတယ်။

- ဇာတ်လမ်းထဲမှာ ဘယ်သူ ဒါမှမဟုတ် ဘာရဲ့ ကွဲပြားမှုနှိုင်းယှဉ်ထားသလဲ။ ဘယ်လိုကွဲပြားသလဲ။
- ဒီလိုပဲ တခြားစာပေတွေထဲမှာ ဘယ်သူ ဒါမှမဟုတ် ဘာရဲ့ ကွဲပြားမှုကိုနှိုင်းယှဉ်ထားသလဲ။ မိမိအတွေ့အကြုံ အရရော။ ကမ္ဘာမှာရော။

ဥပမာပေးရမယ်ဆိုရင် "ဂျက်နဲ့ပဲပင်အကိုင်း" ဇာတ်လမ်းမှာ ထင်ထင်ရှားရှားကွဲပြားတဲ့ဇာတ်ကောင်တွေဟာ ဂျက်ရယ် လူ့ဘီလူးကြီးတို့ရယ်ပါပဲ။ ပြီးတော့သူတို့ဂုဏ်ပုဒ်တွေဟာ ဒီလိုကွဲပြားပါတယ်။

| *ဂျက်* | *လူ့ဘီလူးကြီး* |
|---|---|
| ငယ်တယ် | အသက်ကြီးတယ် |
| ဆင်းရဲတယ် | ချမ်းသာတယ် |
| အားနည်းတယ် | အာဏာရှိတယ် |
| အပေါ်တက်နေတယ် | အောက်ဆင်းနေတယ် |
| အားနည်းပုံရတယ် | အာဏာရှိပုံရတယ် |
| ဉာဏ်နဲ့သတ္တိသုံးတယ် | ခွန်အားဒါမှမဟုတ်အခွင့်အရေးကိုအားကိုတယ် |

အခု မေးလိုကမေးနိုင်တာရှိပါတယ်။ ဒီလိုပဲ ကွဲပြားတာတွေနှိုင်းယှဉ်ထားတဲ့ စာပေက ဘယ်ဇာတ်ကောင်တွေ သိသေးသလဲ။ ဒါဝိဒ်နဲ့ဂေါလိယရယ် အိုင်ဗင်နဲ့ ဘာဘာယာဂါရယ်တို့ ခေါင်းထဲဝင်လာပါတယ်။ အခုခေတ်မှာတော့ ဒီလို ကွဲပြားမှုမျိုးကို ဂျမေကာက ရေခဲပြင်လျှောစီးတဲ့အသင်း၊ ဒါမှမဟုတ်လူငယ်တွေနဲ့ လူကြီးတွေစတဲ့ လက်အောက်ခံ လူသားတယောက်က အာဏာရဖို့ရုန်းကန်ရတဲ့ နေရာတိုင်းမှာတွေ့နိုင်ပါတယ်။ ခေတ်ပေါ်စာပေထဲက ဇာတ်ကောင်တွေရဲ့ကွဲပြားမှုတွေဟာ ကွဲပြားမှုတွေအစွန်းကျတဲ့ရိုးရာပုံပြင် ဒဏ္ဍာရီတို့လို မဟုတ်ပဲ မသိသာပဲရှိပါတယ်။ ဒီလိုနေရာမျိုးမှာ တူညီမှုတွေရောကွဲပြားမှုတွေပါ ရှာရင် အဓိပ္ပါယ်ပိုရှိပါတယ်။ ဥပမာ "ကျေးဇူးတင် ပါတယ်ခင်ဗျာ" မှာ တူညီတဲ့အချက်တွေကိုကြည့်ရင် ကောင်လေးနဲ့မိန်းမကြီးတို့ရဲ့ ကွဲပြားမှုတွေဟာ ပိုအဓိပ္ပါယ် ရှိပါတယ်။ သူမဟာ ကောင်လေးလိုပါပဲ။ ဒါပေမဲ့ သူမဟာ ကောင်လေးမတွေ့ရသေးတာကို တွေ့ပြီးပါပြီ။ ဘာလဲ။ ဘယ်လိုလဲ။ အဖြေတွေဟာ ဇာတ်လမ်းရဲ့ သော့ချက်တွေပါပဲ။ "မကောင်းမှုပြုသူ" မှာ တရားသူကြီးရော လယ်သမားပါ ခေါင်းစဉ်ကအကြံပြုထားသလို မိမိတို့ရဲ့ သတိမထားမိမှုကြောင့် အန္တရာယ်ပြုဖူးသူတွေပဲဖြစ်ပါတယ်။

(page 36)

## ဇာတ်ကျောကိုဆန့်ကျင်ဖတ်ခြင်း

ဇာတ်လမ်းတွေဟာ များသောအားဖြင့် ဘယ်သူ ဒါမှမဟုတ် ဘယ်ဟာကောင်းတယ်၊ ဘယ်လိုလူမျိုးတွေကို ဆုချသင့်တယ်၊ဆုမချသင့်ဘူး၊ ပြီးတော့ မတူညီတဲ့လိင်၊ အသက်နဲ့ ရာထူးရှိတဲ့လူအမျိုးမျိုးကို ဘယ်လိုပြုမူရမလဲဆိုတာမျှော်လင့်ထားကြောင်း ရေးထားလေ့ရှိပါတယ်။ ဇာတ်လမ်းတွေမှာ လူမှုရေးစည်းကမ်းတွေကို ပေါ်ပေါ်ထင်ထင်ထောက်ခံချင်ထောက်ခံမယ်၊ မသိမသာထောက်ခံချင်ထောက်ခံမယ်၊ ဒါမှမဟုတ် စိန်ခေါ်ချင် စိန်ခေါ်မယ်။ စာဖတ်သူတွေဟာ စာပုဒ်မှာရေးထားတဲ့ရပ်တည်ချက်တွေကို သဘောတူစရာမလိုပါဘူး။ ဒါပေမဲ့ ပေါ်ပေါ်ထင်ထင်မဟုတ်ပဲ ရေးထားတဲ့လူမှုစည်းကမ်းတွေနဲ့ သဘောမတူဖို့က အခက်ဆုံးပါ။

ဥပမာ၊ ရိုးရာပုံပြင်အတော်များများဟာ အမျိုးသမီးတွေကို သူတို့ရဲ့ရုပ်ရည်နဲ့စိတ်နေသဘောထားတို့အရ သရုပ်ဖော်ပြီး အမျိုးသားတွေကိုတော့ သူတို့ရဲ့ အပြုအမူလုပ်ရပ်နဲ့ အောင်မြင်မှုတွေအားဖြင့် သရုပ်ဖော်ပါတယ်။ ဒီအကြောင်း သိပ်မပြောကြပေမဲ့ ကလေးတယောက်ဟာ အမျိုးသမီးဆိုရင် ရုပ်ရည်လှရမယ်၊ ပြီးတော့သဘောကောင်းရမယ်၊ ဒါပေမဲ့ အလုပ်တော့သိပ်မလုပ်ဖြစ်ဘူးလို့ ထင်ကောင်းထင်နိုင်ပါတယ်။

ဒီလိုကိစ္စမျိုးတွေမှာ ကျောင်းသားတွေကို ရေးထားတဲ့ဇာတ်ကျောကို ဆန့်ကျင်ပြီးဖတ်ဖို့ တိုက်တွန်းဖို့လိုပါတယ်။ ဇာတ်လမ်းထဲမှာ မသိမသာရေးထားတဲ့ လူမှုစည်းကမ်းတွေကို စိန်ခေါ်တဲ့ အောက်ပါလိုမျိုး မေးခွန်းတွေမေးဖို့ တိုက်တွန်းဖို့လိုပါတယ်။

- တကယ်လို့ ဇာတ်ကောင်တွေရဲ့ လိင်ဟာ ပြောင်းပြန်ဖြစ်မယ်ဆိုရင်၊ ဇာတ်လမ်းဘယ်လို ပြောင်းသွားမလဲ။ ဒါက အမျိုးသား အမျိုးသမီးတို့ရဲ့ အခန်းကဏ္ဍဟာ ဘာဖြစ်တယ်လို့ပြောနေပုံရသလဲ။ သဘောတူသလား။
- ဒီဇာတ်လမ်းမှာ ဆုချလောက်အောင် ဇာတ်ကောင်က ဘာလုပ်လို့လဲ။ ဒို့တွေလည်း ဒီလိုလိုက်လုပ်သင့်တယ်လို့ စာရေးဆရာက ဆိုလိုသလား။ လုပ်သင့်တယ်လို့ ထင်သလား။

**အတွဲလိုက်ဖတ်ခြင်း**။ ။ ဆန့်ကျင်ပြီးဖတ်ဖို့ နောက်နည်းတခုက အကြောင်းအရာတခုကို မတူညီတဲ့နည်း၂နည်းနဲ့ချဉ်းကပ်ပြီး ဖတ်ဖို့ပါပဲ။ ဥပမာ၊ Henry Wadsworth Longfellow ရဲ့ "ကလေးများအချိန်" ကို သူ့ဟာသူသီးခြားဖတ်ရင် တယောက်ထဲ အရေးကြီးတာတွေလုပ်နေရာက သူ့ကလေးတွေကစားတာရဲ့ နှောက်ယှက်မှုကြောင့် ရပ်လိုက်တဲ့ ဖခင်တယောက်အကြောင်းကို သရုပ်ဖော်ရေးထားတာကြောင့် စိတ်ထဲမှာ တခုခုခံစားလိုက် ရပါမယ်။ ဒီနှောက်ယှက်မှုဟာ စာပေစိတ်ကူးယဉ်မှုတွေရဲ့ ဇာတ်ကောင်တွေကို မိမိကိုယ်တိုင်နဲ့ နှိုင်းယှဉ်ခံစားနိုင်တဲ့ ကဗျာဆရာတယောက်ကို ဒီကဗျာစပ်စေပါတယ်။

ပြီးတော့ Kahlil Gibran ရဲ့ ဒီအကြောင်းအရာနဲ့ပဲပါတ်သက်ပြီး ကိုင်တွယ်ပုံကို ဖတ်လိုက်ရပါတယ်။ ဒီမှာတော့ မျက်နှာကိုရေအေးနဲ့ပက်ခံလိုက်ရသလို ခံစားရပါတယ်။ ဒီကဗျာဆရာရဲ့အဆိုအရ ကလေးတွေဟာ ကျွန်ုပ်တို့ရဲ့ စိတ်ကူးတွေကို ဖြည့်ဆည်းဖို့ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့ အထူးခံစားခွင့်ဟာ သူတို့ကို လမ်းညွှန်ပေးလိုက်ဖို့ပါပဲ။ Longfellow ရဲ့ စာပြောသူရဲ့စိတ်ဓါတ်ဟာ Gibran ရဲ့ကဗျာနဲ့နှိုင်းယှဉ်လိုက်တဲ့အခါ ပြဿနာပေါ်စေပါတယ် (Probst, 1986)။––ရိုးရာအနောက်နိုင်ငံတွေရဲ့ ကလေးဘဝကို မြင်တဲ့အမြင်းကလည်းထိုနည်းတူစွာပါပဲ။

(page 37)

## လူ့ကျင့်ဝတ်နဲ့ဆိုင်တဲ့မေးခွန်းများ

ကောင်းမှုမကောင်းမှုနဲ့ ဒါတွေရဲ့ရလဒ်တွေနဲ့ပါတ်သက်တဲ့ မေးခွန်းတွေဟာ စာပေမှာပြန့်နှံ့နေပါတယ်။ ကလေးငယ်တွေဟာ စာပေကနေ စာရိတ္တနဲ့ပါတ်သက်တဲ့ လမ်းညွှန်ချက်တွေရရှိဖို့မျှော်လင့်ပြီး တကယ်လို့ ဇာတ်ကောင်တယောက်ကို သူတို့အနေနဲ့ ဆိုးတယ်လို့ယူဆထားတဲ့ လုပ်ရပ် (ဥပမာ ဂျက်ဟာ လူ့ဘီလူးကြီးဆီက ခိုးတာမျိုး) တခုကြောင့် ဒဏ်ပေးမခံရဘူးဆိုရင် ဦးနှောက်ခြောက်သွားနိုင်ပါတယ်။
ဒါကြောင့် ဇာတ်ကောင်တယောက်ရဲ့လုပ်ရပ်ဟာ မှန်သလားဆိုတဲ့မေးခွန်းမျိုးမေးရင်ကောင်းပါတယ်။
ဒီဇာတ်လမ်းမှာ ခင်ဗျားမပါပေမဲ့ ဒီမြို့မှာနေတယ်ဆိုရင် ဒီလုပ်ရပ်မျိုးဟာ မှန်ကန်တဲ့လုပ်ရပ်မျိုးလား။

## သဘောတရားသက်သက်ဆိုင်တဲ့မေးခွန်းတွေ

*Days with Frog and Toad* လို့ခေါ်တဲ့ (Lobel, 1987) ရဲ့ ကလေးစာအုပ်မှာ သရဲပုံပြင်တွေ တယောက်နဲ့တယောက်ပြောပြီး နှစ်ယောက်သား သတ္တိ ရှိတာကိုပျော်နေတဲ့ မိတ်ဆွေနှစ်ယောက်ရှိပါတယ်။ ဒီဇာတ်လမ်းဟာ ကြည့်လိုက်ရင် ရိုးရိုးလေးလို့ထင်ရတဲ့ သတ္တိလိုမျိုး အတွေးအခေါ်တွေဟာ စဉ်းစားဖို့ ရှုတ်ထွေးနိုင်ပါတယ်။ ကျွမ်းကျင်သူဆရာတယောက်လက်ထဲမှာတော့ ကလေးတွေဟာ ဒီလိုအသုံးအနှုံးမျိုးကို သူတို့ဘယ်လိုနားလည်လဲဆိုတာ လေ့လာနိုင်ပါတယ်။ ဆရာ့အနေနဲ့

လူတယောက်ဟာ သတ္တိရှိတယ်လို့ ပြောတဲ့အခါ ဘာကိုဆိုလိုတာလဲ။
သရဲပုံပြင်တွေကြားတဲ့အခါမှာလုပ်သလိုမျိုး မရှိတဲ့အရာတွေကို တွန်းလှန်တာဟာ သတ္တိရှိတာလား။
အန္တရာယ်တမျိုးမျိုးကို––မရင်ဆိုင်ချင်ပဲ––ရင်ဆိုင်ရတာ သတ္တိရှိတာလား။
အရမ်းမောင်းနေတဲ့ကားတွေနား ရပ်နေသလိုမျိုး––လက်တွေ့အကြောင်းအရာ ဘာမျှမရှိပဲ အန္တရာယ်ကို ရင်ဆိုင်တာ သတ္တိရှိတာလား။

ဒဿနိကပညာရှင် Gareth Matthews (1988) က ဒါတွေရယ် သဘောတရားရေးဆန်တဲ့တခြား အကြောင်းအရာတွေနဲ့ ပါတ်သက်ပြီး ကလေးတွေနဲ့ လေးလေးနက်နက်စကားပြောပါတယ်။ ဒါပေမဲ့ ကလေးတွေဟာ ဇာတ်လမ်းတွေထဲမှာ ဒီသဘောတရားတွေကို ကွက်ကွက်ကွင်းကွင်းမြင်ရတဲ့အခါမှာ သဘောတရားတွေကို စဉ်းစားတဲ့အခါ ပေါ်လာတတ်တဲ့ အခက်အခဲတွေ ပျောက်သွားနိုင်ပါတယ်။

## တိုက်ရိုက်မရည်ညွှန်းထားတဲ့ စာဖတ်သူမျက်နှာဖုံးချွတ်ခြင်း

ဇာတ်လမ်းတခုအောင်မြင်ဖို့ရာမှာ စာဖတ်သူဟာ ခံစားမှုနဲ့ဆိုင်တဲ့ တုန့်ပြန်ချက်တွေနဲ့ စာရေးဆရာက တိုက်ရိုက်မပြောထားတဲ့ ယုံကြည်ချက်တွေကိုတောင် လက်ခံရပါမယ်။ ဒါဟာ ရီစရာကောင်းတယ်၊ ဒါဟာ သူရဲ ကောင်းဆန်တယ်၊ ဒီရည်မှန်းချက်က တန်ဖိုးရှိတယ်၊ ဒီလုပ်ရပ်ဟာ မုန်းစရာကောင်းတယ် စသဖြင့်––ဒါတွေ အားလုံးဟာ အနည်းနဲ့အများဆိုသလို စာရေးဆရာဟာ တိတ်တဆိတ်ရည်ရွယ်ထားတာတွေပါ။ တိုက်ရိုက် မရည်ရွယ်ထားတဲ့ စာဖတ်သူတွေရဲ့ အခန်းကဏ္ဍကို လက်ခံရာမှာ ဇာတ်လမ်းအောင်မြင်မှုအတွက် ကျွန်ုပ်တို့ဟာ မိမိတို့ရဲ့ ခါတိုင်း အယူအဆတွေကနေ ဆွဲထုတ်ခံရပါတယ်။ မကြာခဏ ဆိုသလို ကျွန်ုပ်တို့ဟာ မြင်နေကျအမြင်တွေ

(page 38)
ထက်ကျော်လွန်ပြီး တိုက်ရိုက်မပြောထားတဲ့စာဖတ်သူတယောက်အနေနဲ့ရှိရမယ့် ရပ်တည်ချက်နဲ့ရပ်တည်ရင် ကောင်းတယ်လို့ထင်တတ်ကျပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ကို ခါတိုင်းလုပ်နေကျ မဟုတ်တဲ့ အကြမ်းဖက်မှု ဒါမှမဟုတ် ယုတ်ညံ့တဲ့လုပ်ရပ်တွေ ကိုလက်ခံစေတယ်ဆိုရင်တော့ ဒီလိုလုပ်ခြင်းဟာ ဆိုးနိုင်ပါတယ်။
စာဖတ်သူတွေဟာ မိမိတို့ ဆွဲဆောင်ခံရတဲ့အခြေအနေကို သိလေ့မရှိတာကြောင့် စာဖတ်သူတွေရဲ့ ဆင်ခြင်ဉာဏ်ကို သိမ်းသွင်းခံရတာ လွှမ်းမိုးခံရတာတို့နဲ့ပါတ်သက်ပြီး ဆွေးနွေးသင့်ပါတယ်။ ဆွေးနွေးပွဲမှာ ကျောင်းသားတွေနဲ့ စာရေးဆရာရဲ့ ရည်ရွယ်ချက်နဲ့ပါတ်သက်ပြီး မေးခွန်းထုတ်ပါ။ စာရေးဆရာဟာ စာဖတ်သူကို ဘယ်သူဘက် ပါစေလိုသလဲ။ ဘယ်သူဘက် မပါစေလိုဘူးလဲ။ ဇာတ်လမ်းထဲက ဘယ်အကြောင်းအရာက စာဖတ်သူကို ဒီဘက် ဒါမှမဟုတ် ဟိုဘက် ပါစေတာလဲ။ ဇာတ်လမ်းထဲက ဘယ်အချက်က စာရေးဆရာနဲ့သဘောတူဖို့ ခက်စေတာလဲ။ ပြီးတော့ ဘာကြောင့် ခက်တာလဲ။

**ပုံစံ ၄ ဇာတ်လမ်းဇယား**

| ဇာတ်လမ်း<br>ခေါင်းစဉ် | ဇာတ်လမ်းထဲမှာ<br>ဘယ်သူ<br>ပြောင်းလဲသွားသလဲ။ | ဒီလိုပြောင်းလဲသွားလို့<br>ဘယ်သူ<br>အကျိုးခံစားရသလဲ။ | ဒီလိုပြောင်းလဲသွားတာဟာ<br>ဘယ်လို အဓိပ္ပါယ်<br>သက်ရောက်သလဲ။ |
|---|---|---|---|
| "အိုင်ဗင်နဲ့ဖုံအရေခွံ" | | | |
| "ငွေငန်း ဇနီးသယ်" | | | |
| "ငါးအဖြူရောင်" | | | |

## ဇာတ်လမ်းတွေနှိုင်းယှဉ်ခြင်း။ ။ ဇာတ်လမ်းဇယား
ဇာတ်လမ်းတွေကို တခြားဇာတ်လမ်းတွေနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ မမြင်မသိလိုက်တဲ့အရာတွေ မြင်လာနိုင်ပါတယ်။ ဥပမာ၊ "အိုင်ဗင်နဲ့ ဖုံအရေခွံ" ဇာတ်လမ်းဟာ ပြင်သစ်ပုံပြင်တခုဖြစ်တဲ့ "ငွေငန်းဇနီးသယ်" ရယ် ရိုမေးနီးယား ပုံပြင်တခုဖြစ်တဲ့ "ငါးအဖြူရောင်" တို့နဲ့ဆင်ပါတယ်။ ဇာတ်လမ်းတခုဖတ်ပြီးတိုင်း ကျောင်းသားတွေကို သူ့မှာပါတဲ့ အစိတ်အပိုင်းတွေကို ပုံစံ ၄ မှာရှိတဲ့ ဇယားမှာ ရေးခိုင်းနိုင်ပါတယ်။ ပုံတွေထပ်ထည့်လိုက်ရင် နှိုင်းယှဉ်စရာတွေ လည်း ပိုများလာပါလိမ့်မယ်။

(page 39)

## စကားရည်လုရန်နောက်ထပ်နည်းလမ်းများ

စည်းကမ်းမတင်းကြပ်ထားတဲ့စကားရည်လုပွဲလေးတွေဟာ အတန်းတွေမှာ ဆွေးနွေးပွဲတွေဖြစ်စေလို့ လူကြိုက်များကြပါတယ်။ ဒီလမ်းညွှန်စာအုပ်အစောပိုင်းက သရုပ်ပြသင်ခန်းစာမှာ တင်ပြသွားတဲ့ စကားရည်လုနည်း အပြင် ဒီမှာ တခြားစကားရည်လုနည်းတွေကိုတင်ပြလိုက်ပါတယ်။

## သဘောတရားရေးဆိုင်ရာ အငြင်းပွါးမှု

ဒီနည်းကိုလမ်းညွှန်စာအုပ် ၅ က *စုပေါင်းသင်ယူခြင်း*မှာလည်းဖေါ်ပြထားပါတယ်။ ပညာရေးဆိုင်ရာအငြင်းပွါးမှုဟာ ဒီလမ်းညွှန်စာအုပ်မှာပါတဲ့ဆွေးနွေးပွဲကွန်ယက်လေ့ကျင့်ခန်းလိုစုပေါင်းသင်ယူရတဲ့လေ့ကျင့်ခန်းတခုပါ။
အတန်းကို အငြင်းပွါးစေတဲ့ ခေါင်းစဉ်တခုတင်ဆက်ပါ။ ဇာတ်လမ်းတိုတခု ဒါမှမဟုတ် လက်တွေ့လေ့လာမှုတခုကို ဖတ်ပြခြင်း ဒါမှမဟုတ် ပြောပြခြင်းတို့နဲ့ အကြောင်းအရာကို တင်ဆက်ပါ။ ဟုတ်ကဲ့၊ မဟုတ်ဘူး၊ ကောင်းတယ်၊ ဆိုးတယ်၊ လို့ဖြေနိုင်တဲ့မေးခွန်းတွေမေးပါ။ ဒီမေးခွန်းတွေအတွက် ဥပမာက အစိုးရဟာ ပတ်ဝန်းကျင်အဆိပ်တွေ အန္တရာယ်က နိုင်ငံသားတွေကို ကာကွယ်ဖို့ ထူးခြားတဲ့လုပ်ဆောင်မှုတွေ လုပ်သင့်သလား။
ကျောင်းသားတွေကို လေးယောက်တအုပ်စု ဖွဲ့ခိုင်းပါ။ တအုပ်စုစီအတွင်းမှာ တတွဲဟာ ကောင်းတယ်ဆိုတဲ့ ရပ်တည်မှုကို ယူပြီး နောက်တတွဲက ဆိုးတယ်ဆိုတဲ့ ရပ်တည်ချက်ယူပါ။ ဘယ်ရပ်တည်ချက်ခံယူဖို့ချမှတ်ခံရပါစေ ကောင်းတယ်၊ ဒါမှမဟုတ် ဆိုးတယ် ဆိုတဲ့ ရပ်တည်ချက်ကို ထောက်ခံမယ့် အကြောင်းပြချက်တွေကို ချရေးဖို့ မေးခွန်းကို အတွဲလိုက် ဆွေးနွေးသင့်ပါတယ်။
၇ မိနစ် ၈ မိနစ် အပြီးမှာ ကောင်းတယ်ဆိုတဲ့ အတွဲဟာ ခွဲထွက်လိုက်ပြီး ဒီရပ်တည်ချက်ပဲဆွေးနွေးနေတဲ့ တခြားအတွဲက နောက်တယောက်နဲ့ တွဲရပါမယ်။ ၄ မိနစ် ၅မိနစ်ကြာအောင် အကြောင်းပြချက်တွေ နှိုင်းယှဉ်ရပါမယ်။
အခုနဂိုက အတွဲ ပြန်ပေါင်းလိုက်ပြီး မိမိတို့သိထားတာတွေ အချင်းချင်းပြောပြပြီး ၄ မိနစ် ၅ မိနစ် အကြာမှာသူတို့ ရပ်တည်ချက်ကို ထောက်ခံတဲ့အကြောင်းပြချက်တွေအတွက် ပိုပြီးရှည်ပြီး ပိုပြည့်စုံတဲ့စာရင်းလုပ်ရပါမယ်။
ပြီးရင် နဂိုက လေးယောက်ပါတဲ့အဖွဲ့ထဲက အတွဲတွေဟာ ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး စကားရည်လုရပါမယ်။ တဖက်စီက မိမိတို့ရပ်တည်ချက်နဲ့ပါတ်သက်တဲ့ ထွက်ဆိုချက်နဲ့ စရင် အကောင်းဆုံးပါ။ ဆိုလိုတာက သူတို့သံဒိဌာန် ချလိုက်တဲ့ ထွက်ဆိုချက်နဲ့ ဒီလိုသံဒိဌာန်ချလိုက်ရခြင်းရဲ့ အဓိကအကြောင်းရင်းတွေနဲ့စဖို့ပါ။ သူတို့ဟာ အချင်းချင်း အကြောင်းပြချက်တွေ ငြင်းဆိုချက်တွေကို စကားရည်လုပါလိမ့်မယ်။ စကားရည်လုပွဲအတွက် အနည်းဆုံး ၈ မိနစ်က ၁၀ မိနစ် အချိန်ပေးပါ။ တဖက်စီကို ဆွေးနွေးပွဲ အဆုံးမှာ မိမိတို့ရပ်တည်ချက်အတွက် အကျဉ်းချုပ် ထွက်ဆိုချက် ပြောခိုင်းပါ။
နောက်တခုလုပ်နိုင်တာက ကျောင်းသားတွေကို တမိနစ်လောက် ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး တကယ်တန်း ဘယ်လိုယူဆသလဲဆိုတာစဉ်းစားခိုင်းပြီး သူတို့ရဲ့ တကယ့်ရပ်တည်ချက်ကို အုပ်စုထဲက တခြားကျောင်းသားတွေနဲ့ ဖလှယ်ခိုင်းပါ။ ဒါမှမဟုတ် ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး သူတို့ခေါင်းထဲမှာ ဘာရှိသလဲ ဆိုတာနဲ့ပါတ်သက်ပြီး ၁၀ မိနစ် လွတ်လွတ်လပ်လပ်ရေးခိုင်းပါ။

## ကဒ်ပြားတွေပေါ်က အကျိုးကြောင်းပြဆင်ခြင်ချက်များ

အငြင်းပွါးနိုင်တဲ့အကြောင်းအရာတခုကို အတန်းကိုတင်ဆက်ပြီး ဟုတ်မဟုတ် ကောင်းမကောင်းစတဲ့ နှစ်မျိုးဖြေနိုင်တဲ့မေးခွန်းတွေမေးပါ။ အတန်းတဝက်ကို မေးခွန်းတခုစီကိုင်တွယ်ခိုင်းပါ။ ပြီးရင် မေးခွန်းနဲ့သက်ဆိုင်တဲ့ အချက်အလက်တွေပါတဲ့ ဖတ်စာဖတ်ခိုင်းပါ။ ကွဲပြားတဲ့ဘက်တွေဟာ ကွဲပြားတဲ့စာတွေဖတ်နိုင်ပါတယ်။ ဒါမှမဟုတ် နှစ်ဘက်လုံးထောက်ခံတဲ့အချက်အလက်တွေပါတဲ့ဖတ်စာတွေရှိရင် နှစ်ဘက်စလုံးဒီစာတွေပဲ ဖတ်နိုင်ပါတယ်။
ကျောင်းသားတွေဟာ စာဖတ်စဉ် သူတို့ဘက်ထောက်ခံတဲ့အကြောင်းပြချက်တွေကို ရှာရပါမယ်။ ကဒ်ပြားတွေ ဒါမှမဟုတ် စာရွက်ဖြတ်ပိုင်းတွေမှာ အနည်းဆုံးအကြောင်းပြချက် သုံးခုရေးရပါမယ်။
နောက် ကျောင်းသားတွေဟာ ကဒ်ပြားတွေကို သူတို့အုပ်စုဆွေးနွေးပွဲကို ယူလာရပါမယ်။ (သူတို့အုပ်စုဟာ ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး ရပ်တည်ချက်တဘက်တည်း ရှိတဲ့အတန်းတဝက်ပါ။) ကျောင်းသားတယောက်စီ အုပ်စုကို ဒီရပ်တည်ချက်ထောက်ခံတဲ့မိမိရဲ့အခိုင်မာဆုံး အကြောင်းပြချက် တင်ပြရပါမယ်။ တကယ်လို့ တခြားကျောင်းသားတယောက်က ဒီအကြောင်းပြချက်တင်ပြပြီးသွားရင်တော့ နောက်အကြောင်းပြချက်တခု တင်ပြရပါမယ်။ အုပ်စုဟာ တင်ပြပြီးသွားတဲ့ အကြောင်းပြချက်တွေ ဆွေးနွေးပြီး မိမိတို့ရပ်တည်ချက်ကို ထောက်ခံတဲ့ အကောင်းဆုံး အကြောင်းပြချက် ၄ ခု ၅ ခု ရွေးရပါမယ်။ နောက်တဆင့်အနေနဲ့ လုပ်နိုင်တာ ၂ ခုရှိပါတယ်။ တဘက်စီအနေနဲ့ အဖွင့်ထွက်ဆိုချက်တခုခုအပေါ် သဘောတူ ပြီးတော့ လူတယောက်ကို အဲဒီထွက်ဆိုချက် တင်ပြစေနိုင်ပါတယ်။ တဘက်စီက မိမိတို့ရဲ့ အဖွင့်ထွက်ဆိုချက် တင်ပြပြီးတဲ့အခါ မိမိတို့ဘက်ထောက်ခံတဲ့ အကြောင်းပြချက်တွေ တင်ပြပြီး တဘက်စီရဲ့ အကျိုးကြောင်းပြချက်တွေကို စကားရည်လုနိုင်ပါတယ်။
နောက်တနည်းကတော့ အကျိုးကြောင်းပြချက်ကို စီစဉ်တဲ့လေ့ကျင့်ခန်းတွေပိုလိုအပ်ခဲ့ရင် ကျောင်းသားတွေဟာ တခြားတဘက်ရဲ့ အကျိုးအကြောင်းပြချက်တွေကို ဘောင်ခတ်နိုင်ပါတယ်။

**တခြားတဘက်ရဲ့အကျိုးကြောင်းပြချက်တွေ ဘောင်ခတ်ခြင်း။** ။ ဒီလေ့ကျင့်ခန်းမှာ ပြီးခဲ့တဲ့လေ့ကျင့်ခန်းက အဆင့်တွေဖြစ်တဲ့ ကဒ်ပြားပေါ်က အကျိုးကြောင်းပြချက်တွေကို လုပ်ခဲ့ပြီးဖြစ်လိမ့်မယ်။ ဒီအခါမှာ တဘက်စီကနေ မိမိတို့ရဲ့ ငြင်းဆိုချက်အတွက် အကောင်းဆုံး အကြောင်းပြချက်တွေကို စဉ်းစားပြီးပြီး အခိုင်မာဆုံး အကြောင်းပြချက်လည်း ရွေးချယ်ပြီး ဖြစ်လိမ့်မယ်။
တဘက်က တခြားတဘက်ကို ဒီအကြောင်းပြချက်တွေပြောရပါမယ်။ ဒါပေမဲ့ အဖွင့်ထွက်ဆိုချက်မလိုပါဘူး။ တဘက်ကကျောင်းသားတွေဟာ မိနစ်အနည်းငယ်ကြာ မိမိတို့ချင်းဆွေးနွေးပြီး တခြားတဘက်ရဲ့ ရပ်တည်ချက်အတွက် အဖွင့်ထွက်ဆိုချက် (မိမိတို့ကောက်ချက်ချထားသလို) ပြင်ဆင်ပြီး၊ ဒီရပ်တည်ချက်ကို ထောက်ခံတဲ့ အကြောင်းပြချက်တွေ တင်ပြပါမယ်။
အခု ဒီအဖွဲ့ကပဲ–– မိမိတို့ရပ်တည်ချက်ဟာ ဘာလဲဆိုတာကိုတော့ မပြောပဲ –– မိမိတို့ရဲ့ ရပ်တည်ချက်ကို ထောက်ခံတဲ့ အကြောင်းပြချက်တွေ တဘက်က ကျောင်းသားတွေကိုတင်ဆက်ပါမယ်။ ဒီကျောင်းသားတွေဟာ သူတို့ ကြားခဲ့ရတာအတွက် ဘာဖြစ်မယ်ဆိုပြီးမိမိတို့ကောက်ချက်ချထားတဲ့အတိုင်း ငြင်းဆိုချက်အတွက် အဖွင့်ထွက်ဆိုချက်ရယ် ထောက်ခံတဲ့ အကြောင်းပြချက်တွေရယ် ပြင်ဆင်ပါမယ်။

အခုနှစ်ဘက်လုံး စကားရည်လုနိုင်ပါတယ်။ တဘက်စီက တခြားတဘက်က မိမိတို့ကိုပေးလိုက်တဲ့ အဖွင့်ထွက်ဆိုချက်နဲ့ စနိုင်ပါတယ်။ ပြီးရင် သူတို့ ရပ်တည်ချက်တွေကို ထောက်ခံတဲ့ အကြောင်းရင်းတွေ ဖလှယ်ပြီး စကားရည်လုနိုင်ပါတယ်။

စကားရည်လုပွဲဟာ ၁၀မိနစ် ဒါမှမဟုတ် ၁၀မိနစ်ထက်ကျော်ပြီးရင် ရပ်လိုက်ပါတယ်။ တဘက်စီဟာ အခု တခြားတဘက်အတွက် အပိတ်ထွက်ဆိုချက် ပြင်ဆင်ပြီး အဲဒီဘက်ကို ပြောပြပါတယ်။ အပိတ်ထွက်ဆိုချက်ဟာ မိမိတို့ရပ်တည်ချက်ကို ထောက်ခံတဲ့အခိုင်မာဆုံးအကြောင်းပြချက်တွေနဲ့ ပြန်လည်ပြောပြခြင်းဖြစ်ပါတယ်။

## အပြုသဘောဆောင်တဲ့ အငြင်းပွါးမှု

အပြုသဘောဆောင်တဲ့ အငြင်းပွါးမှုနည်းဟာ ပြီးခဲ့တဲ့အပိုင်းမှာ တင်ဆက်ခဲ့တဲ့နည်းလိုပဲ ကျောင်းသားတွေကို ပြင်ဆင်ဖို့နဲ့ မိမိတို့အကျိုးအကြောင်းပြငြင်းဆိုချက်တွေတင်ပြဖို့နဲ့ တခြားတဘက်ကို သေသေချာချာနားထောင်ဖို့ ရည်ရွယ်ထားပါတယ်။ ကျောင်းသားတွေအနေနဲ့ ကိုယ်ပိုင်ခံစားမှုသိပ်မပြင်းပြတဲ့အကြောင်းအရာတွေနဲ့ ဒီနည်းကို စ စမ်းဖို့ အကြံပြုထားပါတယ်။ ဒီအကြောင်းအရာကို ဇာတ်လမ်း ဒါမှမဟုတ် လက်တွေ့လေ့လာမှုတရပ်တို့နဲ့ စိတ်ဝင်စားစရာကောင်းအောင်တော့ တင်ဆက်ရပါမယ်။

အကြောင်းအရာကို တင်ဆက်ပြီးတာနဲ့ အပိုင်းခွဲရပါတယ်။ (ဆိုလိုတာက ကျောင်းသားတွေကို နှစ်မျိုးဖြေနိုင်တဲ့ မေးခွန်းမေးပါတယ်။) အတန်းကို တဘက်စီနေနိုင်တဲ့ အုပ်စုတွေခွဲပါတယ်။

ပထမအနေနဲ့ အုပ်စုတွေအတွင်းက ကျောင်းသားတွေ အတွဲလိုက် စာဖတ်ပြီး မိမိတို့ဘက် ထောက်ခံတဲ့ အကောင်းဆုံး အချက်တွေ စာရင်းလုပ်ပါတယ်။ အတွဲတွေက မိမိတို့ဘက်ကရှိတဲ့ အတန်းတဝက်နဲ့ ဒီအကြောင်း တွေ ပြောနိုင်ပါတယ်။ နောက်တဘက်ကကျောင်းသားတွေက တခြားတဘက်ကကျောင်းသားတွေကို မိမိတို့ရဲ့ ငြင်းဆိုချက်ကိုတင်ပြပါတယ်။ ဒီအချိန်မှာ တခြားတဘက်ကလူတွေက ရှင်းပြခိုင်းတဲ့မေးခွန်းမျိုးပဲမေးရပါမယ်-- ငြင်းဆိုချက်တွေနဲ့ပါတ်သက်ပြီး အငြင်းပွါးခြင်း မလုပ်ပါဘူး။ နှစ်ဘက်စလုံး မိမိတို့ရဲ့ အကျိုးကြောင်းပြ ငြင်းဆိုချက် တွေကို တင်ပြပါတယ်။

အခု ကျောင်းသားတွေဟာ မိမိတို့အစကတွေ့ဆုံတဲ့ မူလအုပ်စုတွေကို ပြန်သွားပါတယ်။ တခြားတဘက်က တင်ပြခဲ့တဲ့ အကျိုးကြောင်းပြငြင်းဆိုချက်တွေကို ဆွေးနွေးပြီး အဲဒီဘက်က တင်ဆက်သွားတဲ့ အခိုင်မာဆုံး အကြောင်းပြချက် ငါးခုရွေးပါတယ်။

အုပ်စုနှစ်စုဟာ အလှည့်ကျ မိမိတို့ရွေးထားတဲ့ တခြားတဖက်ရဲ့ အကောင်းဆုံးအကြောင်းပြချက်တွေ တင်ဆက် ပါတယ်။ ဒီမှာလည်း ကျောင်းသားတွေဟာ ရှင်းပြတဲ့မေးခွန်းတွေပဲ မေးရပါတယ်။

တတန်းလုံးဆွေးနွေးနိုင်စေပြီး ကျောင်းသားတွေကို တဘက်စီကတင်ပြသွားတဲ့ အကောင်းဆုံးအကြောင်း ပြချက်တွေရှာခိုင်းပါတယ်။ ဆရာက ဒါတွေကို သင်ပုန်းမှာ ချရေးနိုင်ပြီး ဘယ်သူက ဘယ်ငြင်းဆိုချက်လုပ်သွားတယ် ဆိုတာမပြောပဲ ဆရာက ကျောင်းသားတွေကို ငြင်းဆိုချက်တခုစီကို ဘယ်အရာက ခိုင်မာစေသလဲ။ ဘယ်အရာက အားနည်း စေသလဲဆိုတာ ဆွေးနွေးခိုင်းပါတယ်။

(page 42)
နောက်ဆုံးအနေနဲ့ ကျောင်းသားတွေကို မိမိတို့ရပ်တည်ချက်ရွေးချယ်ခိုင်းပြီး ထောက်ခံတဲ့အကြောင်းရင်းတွေနဲ့ အတူတကွ ချရေးခိုင်းပါ။ ရေးသားချက်ဟာ အောက်ပါပုံစံရှိနိုင်ပါတယ်။

- ရပ်တည်ချက်ထွက်ဆိုချက်
- ရပ်တည်ချက်ကို ထောက်ခံတဲ့ အကြောင်းရင်းတွေ
- နိဂုံးချုပ်ကောက်ချက် (ဘာလို့ ဒီရပ်တည်ချက်ကိုဒီအကြောင်းပြချက်တွေက ထောက်ခံသလဲ ဆိုတာပြောပြီး)

အညွှန်းစာအုပ်များ


Alvermann, D. (1991). The discussion web: A graphic aid for learing across the curriculum. *The Reading Teacher, 45, 92-99.*

Bleich, D. (1975). *Subjective criticism*. Baltimore, MD: Johns Hopkins University Press.

Bloom, B. (Ed.). (1956). *Taxonomy of educational objectives: Handbook I. The cognitive domain*. New York: David McKay.

Britton, J. (1970). *Language and learning*. Harmondsworth, England: Penguin.

Brophu, S. (1996). *Classroom debate as a method in reding for understanding*. Cluj, Romania.

Freire, P. (1970). *The pedagogy of the oppressed*. New York: Seabury.

Frye, N. (1957). *The anatomy of criticism*. Princeton, NJ: Princeton University Press.

Levi-Strauss, C. (1963). *Structural anthropology*. New York: Basic Books.

Lipman, M. (1991). *Thinking in education*. New York: Cambridge University Press.

Lobel, A. (1987). *Days with frog and toad*. New York: Harpercrest.

Matthews, G. (1988). *Dialogues with children*. Cambridge, MA: Harvard University Press.

Ogle, D. (1986). K-W-L: A teaching model tha develops active reading of expository text. *The Reading Teacher, 39, 564-570*.

Plecha, J. (1992). Shared inquiry. In C. Temple & P. Collins (Eds.), *Stories and readers*. Norwood, MA: Christopher Gordon.

Probst, R. (1986). *Response and analysis*. Portsmouth, NH: Boynton/Cook.

Rosenblatt, L. (1978). *The reader, the text, the poem: The transactional theory of the literary work*. Carbondale, IL: southern Illinois University.

Stauffer, R. (1975). *The language experience approach to the teaching of reading*. New York: Harper & Row.

Temple, C., Meredith, K., & Steele, J. (1998). *How children learn: A statement of first principles*. Geneva, NY: Reading & Writing for Critical Thinking Project.


အကြံပြုထားသည့် ဖတ်စရာများ


Barone, D. (1992). Dual entry diaries. In C. Temple & P. Collins (Eds.), *Stories and reader* . Norwood, MA: Christopher Gordon.

Borders, S., & Naylor, A. (1993). *Children talking about books*. Phoenix, AZ: Oryx Press.

(page 43)


Brown, A., Palincsar, A., & Armbruster, B. (1984). Instructing comprehension-fostering activities in interactive learning situations. In H. Mandl (Ed.), *Learning and comprehension of text*. Hillsdale, NJ: Erlbaum.

Calkins, L. (1986). *The art of teaching writing*. Portsmouth, NH: Heinemann.

Dewey, J. (1910). *My pedagogic creed.* Chicago, IL: A. Flanagan.

Freinet, C. (1960). *Modernizar la escuela*. Barcelona, Spain: BEM.

Gardner, H. (1991). *To open minds*. New York: Basic Books.

Johnson, D.W., Johnson, R.T., & Smith, K.A. (1991). *Cooperative learning: Increasing college faculty instructional productivity*. Washington, DC: ERIC.

Langer, J. (1994) *Teaching literature*. Urbana, IL: National Council of Teachers of English.

Lipman, M. (1998). *Philosophy goes to school*. Philadelphia, PA: Temple University Press.

Matthews, G. (1985). *Philosophy and the young child*. Cambridge, MA: harvard University Press.

Paul, R., Elder, L., & Nosich, G. (1995). *Critical thinking: How to prepare students for a rapidly changing world*. Cotati, CA: Foundation for Critical Thinking.

Piaget, J. (1955). *The language and thought of the child*. New York: Meridian.

Reimer, J., Paolitto, D., & Hersh, R. (1983). *Promoting moral growth: From Piaget to Kohlberg* (2nd ed.). White Plains, NY: Longman.

Roser, N.L., & Martinez, M.C. (Eds.). (1995). *Booktalk and beyond*. Newark, DE: International Reading Association.

Temple, C., & Gillet, J. (1996). *Language and literacy: A lively approach*. New York: HarperCollins.

Whitehead, A.N. (1957). *The aims of education*. New York: Macmillan.

(page 44)

## အဓိပ္ပါယ်ဆိုလိုချက်များ

*သင်ကြားခြင်းသင်ယူခြင်း ဘောင်* — သင်ခန်းစာတခု ဒါမှမဟုတ် သင်ယူခြင်းဆိုင်ရာ လေ့ကျင့်ခန်းတခုရဲ့ အစ၊ အလယ်၊ အဆုံး အတွက်သင့်တော်မယ့် သင်ကြားနည်းများ။

*အကြိုထွက်ပေါ်စေခြင်း* — ကျောင်းသားတွေရဲ့ သိလိုစိတ်တွေကိုနှိုးဆွပေးလိုက်ပြီး သင်ယူမှုအတွက် ရည်ရွယ်ချက် သတ်မှတ်စေတဲ့ အာရ်ဒဘယ်လ်ယူစီတီသင်ကြားခြင်းနဲ့ သင်ယူခြင်းဘောင် အစက အဆင့်။

*အဓိပ္ပါယ်ပုံဖော်ခြင်း* — အာရ်ဒဘယ်လ်ယူစီတီသင်ကြားခြင်းနဲ့သင်ယူခြင်းဘောင်မှာ ကျောင်းသားတွေ စူးစမ်းလေ့လာပြီး အဓိပ္ပါယ်တည်ဆောက်တဲ့ အလယ်အဆင့်။

*ပြန်လည်စဉ်းစားခြင်း* — အာရ်ဒဘယ်လ်ယူစီတီသင်ကြားခြင်းနဲ့သင်ယူခြင်းဘောင်မှာ ကျောင်းသားတွေဟာ မိမိတို့ဖြေရမယ့်မေးခွန်းတွေနဲ့ပါတ်သက်ပြီး မိမိတို့သင်ယူခဲ့တာကိုပြန်လည်စဉ်းစားတဲ့ အဆုံးအဆင့်။ ။ သင်ယူခဲ့တာတွေကို အခြေအနေအသစ်တွေမှာ အသုံးချတယ်၊ အတွေးအခေါ်တွေကို မေးခွန်းထုတ်တယ်၊ စကားရည်လုတယ်။ ပြီးတော့ မိမိတို့သင်ယူခဲ့ရတာတွေကို နေရာပေးဖို့အတွက် မိမိတို့ရဲ့ အတွေးအခေါ်တွေကို စနစ်တကျပြန်လုပ်တယ်။

*ဖလှယ်စူးစမ်းခြင်း* — ဆရာက အဓိပ္ပါယ်ပြန်ဆိုရတဲ့ ဒါမှမဟုတ် အဖြေတခုတည်းမရှိတဲ့ မေးခွန်းထုတ်ပြီး ကျောင်းသားအုပ်စုက မေးခွန်းတခုစီကို လေးလေးနက်နက်ပူးပေါင်းဆွေးနွေးတဲ့ The Great Books Foundation ရဲ့ ဆွေးနွေးပွဲလုပ်ဆောင်နည်း။

*ဆွေးနွေးပွဲကွန်ယက်* — အဖြေနှစ်ခုထွက်နိုင်တဲ့မေးခွန်း (မှန်သည်၊ မှားသည်) ကို ဆွေးနွေးဖို့ ဇယားသုံးတဲ့ ပူးပေါင်းဆောင်ရွက်တဲ့နည်း။

*ကောက်ချက်ချခြင်း* — ဆင်ခြင်ဉာဏ်သုံးပြီး တိုက်ရိုက်တင်ပြထားခြင်းမရှိတဲ့ ကောက်ချက်ချခြင်း။

*အဓိပ္ပါယ်ပြန်ဆိုတဲ့မေးခွန်း* — ဖလှယ်–စူးစမ်းနည်းစဉ်မှာ ဒါဟာ အရေးပါတဲ့မေးခွန်းတခု ဖြစ်ပါတယ်။ ဖတ်စာတခုနဲ့

(page 45)

တိတိကျကျပါတ်သက်ပြီး အဓိပ္ပါယ်ကောက်ယူခြင်း ဒါမှမဟုတ် ကောက်ချက်ချခြင်းကနေ အဖြေရပါတယ်။

*ဝေဖန်ပိုင်းခြားစဉ်းစားခြင်း* ပေးထားတဲ့အချက်အလက်တွေကို ကျော်လွန်ပြီးစဉ်းစားခြင်း။ တီထွင်ဉာဏ်၊ ပြဿနာရှာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ သုံးသပ်ခြင်းနဲ့ အဓိပ္ပါယ်ကောက်ယူခြင်းတို့ ပါတဲ့စဉ်းစားခြင်း။ ဆင်ခြင်ဉာဏ်၊ စိတ်ဝင်စားမှုနဲ့ ရှုထောင့်အမြင်တို့ ပါတဲ့ စဉ်းစားခြင်း။

*စကားရည်လုပွဲ* အတွေးအခေါ်တွေ အပြိုင်အဆိုင်ဖလှယ်ခြင်း။ တင်းကြပ်တဲ့ စည်းကမ်းတွေ ပါချင်ပါမယ်၊ မပါချင်မပါဘူး။

*စာဖတ်သူတုန့်ပြန်ချက်* Louise Rosenblatt (1978), David Bleich (1975), Wolfgang Iser နဲ့တခြားလူတွေနဲ့ ဆက်စပ်ထားတဲ့ စာပေသီအိုရီတခု။ ဒီသီအိုရီအရ ဖတ်စာတခုရဲ့ အဓိပ္ပါယ်ဟာ စာရေးသူနဲ့စာဖတ်သူတို့ ၂ ဦးပူးပေါင်းတည်ဆောက်ထားပြီး စာဖတ်သူတွေရဲ့ အတွေးအခေါ်တွေ၊ သရုပ်ဖေါ်မှုတွေ၊ ဆက်စပ်တွေးတောမှုတွေနဲ့ ခံစားမှုတွေ ဖတ်စာကတင်ပြလိုက်တဲ့ အကြံပြုချက်တွေ ပါပါတယ်။

*ခန့်မှန်းချက်* ဖြစ်ခဲ့တဲ့အကြောင်းအရာပုံစံတွေအရ ဘာဖြစ်မလဲဆိုတာ ကောက်ချက်ချခြင်း။

*အတည်ပြုခြင်း* တွေးတောချက် ဒါမှမဟုတ် ခန့်မှန်းချက်တခုဟာ မှန်တယ်လို့ ဆုံးဖြတ်ခြင်း

(page 46)
နောက်ဆက်တွဲ က

## အိုင်ဗင်နဲ့ ဖျံအရေခွံ (**Bucksnort Trout** ၏ပြန်လည်ပြောပြချက်)

စကော့တလန် မြောက်ဖက်ကမ်းခြေတလျှောက် ဆောင်းလေဟာ အမှောင်ညတွေရယ်မှုန်မှိုင်းတဲ့နေ့တွေရယ်မှာ တိုက်ခတ်ပြီး လှိုင်းအမြင့်ကြီးတွေက အနက်ရောင် ကျောက်တုံးတွေကို ရိုက်ခတ်နေပါတယ်။ ဒါပေမဲ့ နွေရာသီမှာ တော့ ပင်လယ်ရေဟာ ငြိမ်သက်နေပြီး နေ့တာလည်းပိုရှည်တော့ နေရောင်ဟာ နှစ်ဆယ့်လေးနာရီ ရှိနေပါတယ်။ အဲဒီအချိန်မှာတော့ တံငါသည်တွေဟာ သူတို့ရဲ့ ငါးဖမ်းပိုက်ကွန်တွေကို ပင်လယ်ထဲချရဲပြီး သူတို့ဝမ်းစာရှာဖို့ ကြိုးစားပါတယ်။ နွေရာသီမှာတောင် ရုတ်တရက် မုန်တိုင်းက သူတို့ကို လွှမ်းမိုးသွားနိုင်ပါတယ်။ ဒါမှမဟုတ် မြူနှင်းတွေက တိတ်တဆိတ် တရိပ်ရိပ်တက်လာလို့ သူတို့လမ်းပျောက်သွားနိုင်ပါတယ်။ အဲဒီအခါမှာတော့ သူတို့ရဲ့ မိသားစုတွေက ကမ်းခြေကိုသွားပြီး ရေလှိုင်းတွေမှာ အရိပ်အယောင်ရှာကြပါတယ်။ တခါတလေမှာတော့ ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ ဖျံတကောင်က သူတို့ကိုပြန်ကြည့်ချင်ကြည့်နေတတ်ပါတယ်။ လူတွေကလည်း အဲဒီဖျံကိုတွေ့ ပြီး တွေးတောကြတာပေါ့ – – –

ပင်လယ်နားက ကျောက်ဆောင်ကလိုဏ်လေးတခုပေါ်မှာ တံငါသည်တယောက်ရယ်၊ သူ့မိန်းမနဲ့ သူတို့သား အိုင်ဗင် အိုင်ဗင်စင်တို့ နေကြတယ်။ အဲဒီနေ့ကတော့ တနှစ်လုံးမှာ နေ့တာအရှည်ဆုံးနေ့ပေါ့ ––နွေရာသီအလယ် မရောက်ခင် တနေ့ပေါ့။ သန်းခေါင်ချိန်နားမှာ ကောင်းကင်က တောက်ပတဲ့ လိမ္မော်ရောင်အောက်မှာ အသက် ၇ နှစ် သာသာရှိသေးတဲ့ အိုင်ဗင်လေးဟာ ခရုခွံတွေရယ် ပိုက်ကွန်အစုတ်အပြတ်တွေနဲ့ လှိုင်းတွေက ပို့လိုက်တဲ့ အရာတွေရှာရင်း ကမ်းခြေနားက ကျောက်ဆောင်တွေကို လိုက်ကြည့်နေတယ်။

ရုတ်တရက် လေထဲက အသံတသံ သူ့ဘက်ကို လွင့်မျောလာတယ်။ ဒီကမ္ဘာကမဟုတ်တဲ့ အသံတွေ ညီညီညာညာ သီချင်းဆိုနေသလိုပါပဲ။ သူမော့ကြည့်လိုက်ပါတယ်။ သူ့ညာဘက် ကမ်းခြေပေါ်က အငူလေးနားက ကျောက်ဆောင် တွေအောက်ခြေက အပေါက်တပေါက်ကနေ မီခိုးတွေနွယ်တက်နေတာကိုတွေ့လိုက်ရပါတယ်။

### ပထမအကြိမ်ရပ်ခြင်း

အိုင်ဗင်ဟာ သွားကြည့်ချင်ပါတယ်။ ဒါပေမဲ့ သူ့ခြေထောက်တိုတိုလေးတွေက သူ့ကို ကျောက်ဆောင်အမြင့်ကြီးတွေ ပေါ်ကို မသယ်သွားနိုင်ပါဘူး။ ဒါကြောင့်သူ့အမေ သူ့ကို ခေါ်တဲ့အခါ သူဟာ ဆက်မစူးစမ်းတော့ပဲ သူတို့မိသားစု နေတဲ့အိမ်ကလေးကို ပြန်လာခဲ့ပါတယ်။

အချိန်အားဖြင့် ၇ နှစ်ကျော်သွားပါပြီ။ အိုင်ဗင်ဟာ အခုဆို ၁၄ နှစ်ရှိပါပြီ။ ဒီတခါလည်း နွေရာသီအလယ် မရောက်ခင်တနေ့ ညသန်းခေါင်မှာ ကမ်းခြေကို တခါပြန်ရောက်နေပါတယ်။ ထူးဆန်းတဲ့သီချင်းဆိုသံတွေ တခါပြန်ကြားရတယ်လို့ထင်ပြီး အငူနားက ကျောက်ဆောင်တွေအောက်ခြေက အပေါက်ကနေ မီးခိုးထွက်လာကို တခါပြန်တွေ့ရပြန်တယ်။ ဒီတခေါက်တော့ ဘာဖြစ်လို့အဲဒီနေရာကို သွားမကြည့်သလဲ မသိပါဘူး။ အရေးပေါ်ကိစ္စ တခုခုကြောင့် သူ့မိဘရဲ့အိမ်ကလေးကို ပြန်သွားရတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သူ့အဖေရဲ့ ကျန်းမာရေးက အရင်ကလိုမဟုတ်တော့ဘူး။ မိဘ ၂ ပါးစလုံးက အသက်ကြီးလာပြီကိုး။

နောက်ထပ် ၇ နှစ်ကြာသွားပါပြီ။ သူ့အဖေဟာလည်း ပင်လယ်ရေအေးထဲက ငါးဖမ်းရလို့ပင်ပန်းနေပါပြီ။ ဒါကြောင့် သူ့မိဘတွေဟာ မြို့ထဲမှာ ပြောင်းနေပြီးအနားယူကြပါတယ်။ သူတို့ရဲ့ အိမ်ကလေးကိုတော့ အိုင်ဗင်ကို

ပေးလိုက်တယ်။ သူ့အတွက်အဖေါ်ဆိုလို့ ကမ်းခြေကငှက်တွေရဲ့အော်သံပဲ ရှိတာပေါ့။ သူဟာ နေ့တွေမှာ အချိန်အကြာကြီး ငါးမျှားပြီး ညအချိန်မှာ သစ်ရွက်ဆွေးခြောက်မီးပုံလေးနဲ့ မီးလှုံရပါတယ်။ သူ့ခမျာ အထီးကျန်နေရှာမယ်လို့ ထင်ရပါတယ်။

နွေရာသီအလယ်မတိုင်မီတနေ့ထပ်ရောက်လာတော့ အိုင်ဗင်ဟာ သီချင်းဆိုတာရယ် မီးခိုးရယ်ကို မှတ်မိလာတယ်။ သန်းခေါင်အချိန်မှာ သူဟာကမ်းခြေကိုလမ်းလျှောက်သွားတယ်။ ထူးဆန်းတဲ့ ဒီလောကထဲကမဟုတ်တဲ့ သီချင်းသံဟာ နားဝင်ချိုချို ညီညီညာညာလေး သူ့နားထဲဝင်လာတယ်။

## ဒုတိယအကြိမ်ရပ်နားခြင်း

ဒီတခါမှာတော့ ဘယ်ကျောက်ဆောင်ကမှ သူ့ကိုတားလို့မရပါဘူး။ ပြီးတော့ သူ့ကိုပြန်ခေါ်မယ့်လူလည်း တယောက်မှ မရှိဘူးလေ။ အိုင်ဗင်ဟာ ကမ်းခြေတလျှောက် အငူလေးဘက်ကို လျှောက်လာခဲ့တယ်။ နီးလာတော့ သူဟာ မီးလောင်သံတဖျောက်ဖျောက်ကြားရပြီး ကျောက်ဆောင်မှာ မီးရောင်ပြန်ဟပ်တာကိုပါ မြင်ရလာတယ်။ သာယာတဲ့သီချင်းသံဟာ လှိုဏ်ဂူတခုထဲကလာနေတာကိုး။ လှိုဏ်ဂူဝမှာတော့ မီးခိုးရောင် ပါးပါးလှပ်လှပ် အရေခွံ အပုံတပုံတွေ့ရပါတယ်။ ဖျံအရေခွံတွေ။

အိုင်ဗင်ဟာ အလှဆုံးလို့ထင်တဲ့ တခုကိုရွေးလိုက်ပြီး တဖြည်းဖြည်း သတိကြီးစွာနဲ့ အပုံထဲက ဆွဲထုတ်လိုက်တယ်။ ဒီဖျံအရေခွံကို လုံးလိုက်ပြီး အိမ်ကို တခါတည်း ပြန်ယူလာခဲ့တယ်။ အိမ်ရောက်တာနဲ့ သစ်သားသေတ္တာထဲမှာ ဒီဖျံအရေခွံကို သော့ခတ်ထားလိုက်ပြီး သော့ကိုတော့ သူ့လည်ပင်းမှာဆွဲထားတဲ့ သားရေကြိုးမှာ ချည်ထား လိုက်ပြီး အိပ်ယာဝင်သွားတယ်။

မနက်မှာ သူဟာ သူ့အိပ်ယာက စောင်ကိုယူပြီး လှိုဏ်ဂူဆီ ပြန်လာခဲ့တယ်။ အဲဒီမှာ အလွန်လှပပြီး ဝမ်းနည်းနေတဲ့ မိန်းမပျိုလေးတယောက် တုန်တုန်ရီရီနဲ့ ကွေးနေပြီး သူ့ရဲ့ အဝတ်အစားမဲ့နေတဲ့ ကိုယ်ခန္ဓာကို သူ့လက်တွေရယ် ဆံပင်ရှည်ကြီးရယ်နဲ့ ဖုံးထားတာကို တွေ့ရတယ်။ စကားတခွန်းမှမပြောပဲ အိုင်ဗင်လည်း အမျိုးသမီးကို သူ့စောင်နဲ့ ပတ်လိုက်ပြီး အိမ်ကိုပြန်ခေါ်လာခဲ့တယ်။

အိုင်ဗင်ဟာ ဒီအမျိုးသမီးကို ကြင်ကြင်နာနာ ဆက်ဆံပြီး အချိန်ကြာလာတော့ သူတို့နှစ်ယောက် ချစ်သွားကြ တယ်။ သူတို့မှာ သားတယောက်ရပြီး နောက်တော့ နောက်တယောက်ရလာတယ်။ အိုင်ဗင်ဟာ စိတ်ချမ်းသာပြီး အမျိုးသမီးဟာလည်း မိခင်ကောင်းတယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ မကြာခဏဆိုသလို သူ့မိန်းမဟာ ပင်လယ် ဘက်ကို ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ ငေးကြည့်နေတာကို အိုင်ဗင်တွေ့ရတယ်။ သူဟာ သူ့မိန်းမကို သစ်သား သေတ္တာထဲမှာ ဘာရှိလဲဆိုတာကို မပြောပါဘူး။ ပြီးတော့ သူ့မိန်းမကိုလည်းသေတ္တာ မဖွင့်ရဘူးလို့ တားမြစ်ထားတယ်။

နှစ်တွေထပ်ကြာသွားပါပြီ။ တခါတော့ ခရစ်စမတ်မရောက်ခင် တနေ့မှာ အိုင်ဗင်ဟာ သူ့မိသားစုကို ဘုရားကျောင်း သွားဖို့ ပြင်ဆင်ခိုင်းပါတယ်။ ဒါပေမဲ့ သူ့မိန်းမက နေမကောင်းဘူးလို့ ပြောပြီး အိုင်ဗင်နဲ့ သူ့သားတွေကိုပဲ သွားဖို့ ပြောသတဲ့။

## တတိယအကြိမ်ရပ်ခြင်း

ဒါနဲ့ပါတ်သက်ပြီး အိုင်ဗင်အနေနဲ့ စိတ်ဆိုးချင်ဆိုးပါလိမ့်မယ်။ အင်္ကျီအလျင်စလိုဝတ်လိုက်ရလို့ အိုင်ဗင်ဟာ သူ့ကုတင်တိုင်မှာ သော့ချိတ်ထားတဲ့ကြိုးကို မေ့ကျန်ခဲ့ပြီး ဘုရားကျောင်းကို အဲဒီသော့ မပါပဲ ထွက်သွားခဲ့ပါတယ်။ သန်းခေါင်ကျော်မှာ အိုင်ဗင်နဲ့ သူ့သားတွေ ဘုရားကျောင်းက ပြန်လာကြပါတယ်။ အိမ်ပြန်မရောက်ခင် အိမ်တံခါး ပွင့်နေတာ လှမ်းမြင်ရပါတယ်။ သစ်သားသေတ္တာပွင့်နေပြီး သော့ခလောက်မှာလည်းသော့တန်းလန်း ဖြစ်နေတာ တွေ့ရပါတယ်။ သူ့မိန်းမကတော့ မရှိတော့ပါဘူး။

(page 48)

တခါတလေ သူတို့သားတွေ ကမ်းခြေမှာ လမ်းလျှောက်ရင် ပင်လယ်ရေအေးထဲကနေ ဝမ်းနည်းတဲ့မျက်လုံးကြီး တွေနဲ့ ဖျံလှလှတကောင် သူတို့ အနားကလိုက်လာတယ်လို့ ပြောကြပါတယ်။ ပြီးတော့ တခါတလေ အိုင်ဗင် ငါးဖမ်းနေတဲ့အခါ အဲဒီဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ ဖျံလှလှဟာ သူ့ပိုက်ကွန်ထဲကို ငါးသလောက်ယောက်ဖမျိုး ငါးတွေမောင်းပေးတယ်လို့လည်းပြောကြသေးတယ်။ အဲဒီဖျံက အိုင်ဗင်ရဲ့မိန်းမ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘယ်သူမှမပြောနိုင်ပါဘူး။ ကျနော်တို့အားလုံးသိတာကတော့ အိုင်ဗင်ဟာ သူ့မိန်းမကို ဒီလောကမှာ နောက်ထပ် ဘယ်တော့မှမတွေ့တော့ဘူး ဆိုတာပါပဲ။

နောက်ဆက်တွဲ ခ

## မကောင်းမှုလုပ်သူ (စာရေးသူ **Anton Chekhov**)

စုံစမ်းစစ်ဆေးနေတဲ့တရားသူကြီးအရှေ့မှာ ရပ်နေတာကတော့ အိပ်ယာခင်းစနဲ့ချုပ်ထားတဲ့အင်္ကျီအစင်းရယ် ဖာထားတဲ့ ဘောင်းဘီရယ်ဝတ်ထားတဲ့ ပိန်ညှောင်နေတဲ့ လယ်သမားလေးတယောက်ပါပဲ။ သူ့ရဲ့ အမွေးများတဲ့မျက်နှာဟာ ကျောက်ပေါက်မာတွေနဲ့ ပြည့်နေပြီး မျက်ခုံးထူကြီးတွေအောက်မှာ မနည်းကြည့်ယူရတဲ့ မျက်လုံးတွေဟာ သုန်မှုန်နေပြီး ကြမ်းတမ်းတဲ့အမူအရာ ပေါ်နေပါတယ်။ သူ့ခေါင်းပေါ်မှာတော့ ဖီးသပ်ထားခြင်းမရှိတဲ့ ဆံပင်ရှည်ကြီးတွေ တောအုပ်ရိုင်းလို ဖြစ်နေပြီး သူဟာစိတ်ဆိုးနေတဲ့ ပင့်ကူတကောင်ပုံပေါက်နေပါတယ်။ ဖိနပ်တော့မစီးထားပါဘူး။

"ဒဲနစ် ဂရီဂိုရီယက်ဗ်" လို့ စုံစမ်းစစ်ဆေးနေတဲ့တရားသူကြီးက စပြောလိုက်ပါတယ်။ "အရှေ့တိုးပြီး ဒို့မေးခွန်းတွေဖြေပါ။ အခုလ ဂျူလိုင်လ ၇ ရက်နေ့တုန်းက ရထားလမ်းစောင့် အိုင်ဗင် စီမီယိုနော့ဗ် အာကင်ဖော့ဗ် က ရထားလမ်းတွေစစ်ဆေးနေတုန်း မိုင်တိုင် တရာနဲ့လေးဆယ်တစ်မှာ ခင်ဗျားကို သံလမ်းတွေကို ဇလီဖားတုံးနဲ့ဆက်တဲ့ ဝက်အူတခု ဖြုတ်နေတာတွေ့တယ်။ ဝက်အူဒီမှာ။ ဒီဝက်အူနဲ့အတူ သူခင်ဗျားကို ဖမ်းလိုက်တယ်။ ဟုတ်ပါသလား။"

"ဘာပြောတာလဲ။"

"အာကင်ဖော့ဗ် ပြောတဲ့အတိုင်း ဖြစ်သလား။"

"ဟုတ်ကဲ့။ ဖြစ်ပါတယ်။"

"ကောင်းပြီ။ ဒါဆိုပြောစမ်း၊ ဝက်အူကို ဘာလို့ ဖြုတ်တာလဲ။"

"ဘာပြောတာလဲ။"

"'ဘာပြောတာလဲ။" တွေအသာထားပြီး မေးတာကိုဖြေ၊ ဘာဖြစ်လို့ ဝက်အူဖြုတ်တာလဲ"

"မလိုလို့ရှိရင် အဲဒါကို ဖြုတ်လိုက်မှာ မဟုတ်ပါဘူး။" လို့ ဒဲနစ်လဲ လည်ချောင်းသံကြီးနဲ့ မျက်နှာကျက်ကို စိုးရိမ်တဲ့အကြည့်နဲ့ လှမ်းကြည့်ရင်း တဗျစ်တောက်တောက် ပြောလိုက်ပါတယ်။

"ခင်ဗျားက အဲဒါကို ရုတ်တရက် ဘာလုပ်ဖို့ လိုတာလဲ။"

"ဝက်အူလား။ ---ကျနော်တို့ ဝက်အူတွေကို ငါးမျှားကြိုး ရေထဲနစ်အောင်ခဲလိုဆွဲတယ်လေ။"

"အဲဒီ 'ကျနော်တို့' ဆိုတာ ဘယ်သူတွေလဲ။"

"ကျနော်တို့လေ၊ ရိုးရိုးသာမန်လူတွေလေ -- ကလီမိုဗို လယ်သမားတွေလေ၊ အဲဒါက - - -"

"နားထောင်၊ ငါ့ကို ရူးသလိုလို ပေါသလိုလို လာမလုပ်နဲ့။ စကားကောင်းကောင်းပြော။ ငါ့ကို ခဲလိုဆွဲတဲ့အကြောင်းနဲ့လာလိမ်လို့ အကျိုးမရှိဘူး။"

"ကျနော့တသက်လုံး တခါမှ မညာဖူးပါဘူး။ ဒါဆို အခုမှ ဘာလို့ စညာရမှာလဲ။"

မျက်လုံးပေကလပ် ပေကလပ်လုပ်ရင်း ဒဲနစ်က မြည်တွန်တောက်တီးလိုက်ပါတယ်။ "တရားသူကြီးမင်းခင်ဗျား၊ ခဲမဆွဲပဲ လူတယောက်က ငါးမျှားနိုင်တယ်လို့ တရားသူကြီးမင်းက ယူဆတာများ ဖြစ်နိုင်မလား။ ငါးမျှားချိတ်က ငါးစာ ဒါမှမဟုတ် တီကောင်အရှင်ကို ခဲမဆွဲပဲ ပစ်လိုက်ရင် အောက်ကို နစ်သွားပါ့မလား။- - - ပြီးတော့ *ကျနော်* ညာတယ်လို့ ပြောတယ်နော်။" လို့ပြောရင်း ဒဲနစ်က မဲ့ပြုံးပြုံးလိုက်ပါတယ်။ "သက်ရှိငါးစာက ရေပေါ်ပေါ်နေမယ်ဆိုရင် ဘာအသုံးသွားကျတော့မှာလဲ။ ကကတစ်တို့၊ ငါးရှဉ့်တို့၊ ရေချိုငါးတို့ဆိုတာ အောက်မှာ အမြဲနေတာ။

ပြီးတော့ ငါးစာက ရေပေါ်မှာပေါ်နေမယ်ဆိုရင် ဘူးလ်ဟဲ့ဒ် လို့ခေါ်တဲ့ငါးတွေပဲရမှာ၊ ဒါတောင်မှ တခါတလေမှ ရမှာ။ နောက်ပြီးတော့ ကျနော်တို့ မြစ်ထဲမှာက ဘူးလ်ဟဲ့ဒ်လည်း မရှိ။ ဒီလိုငါးမျိုးက နေရာအကျယ်ကြီးကြိုက်တာ – –။"
"ဘာဖြစ်လို့ ငါ့ကို ဘူးလ်ဟဲ့ဒ်တွေအကြောင်း လာပြောနေတာလဲ။"
"ဘာပြောလဲ။ ခင်ဗျားပဲ ကျနော့ကိုမေးတာ မဟုတ်ဘူးလား။ – – – ဒီအရပ်မှာ အထက်တန်းစားတွေတောင်မှ ဒီလိုပဲ ငါးဖမ်းတာပဲ။ အငယ်ဆုံး ကလေးကခြေ ကလေးတကောင်တောင်မှ ခဲမဆွဲပဲ ငါးမမျှားဘူး။ စည်းကမ်းတွေဆိုတာ လူမိုက်တွေအတွက် လုပ်ထားတာမဟုတ်ဘူး။"
"ဒါဆို မင်း ဒီဝက်အူကို ခဲဆွဲဖို့ ဖြုတ်လိုက်တယ်လို့ ထွက်ဆိုတယ်နော်။"
"ဒါကလွဲပြီး တခြား ဘာရှိသေးလို့လဲ။ ဘယ်သူမှ အဲဒါနဲ့ ဇယ်ခုတ်တမ်း မကစားဘူး။"
"ဒါပေမဲ့ မင်းက ခဲစ၊ ဒါမှမဟုတ် ကျည်ဆံ၊ ဒါမှမဟုတ် သံတမျိုးမျိုး သုံးရင်ရသားပဲ။"
"ခဲတွေက ကောက်ဖို့ ဟိုနားဒီနားမှာ လျှောက်ရှိနေတာမှမဟုတ်တာ။ ဝယ်ရတယ်။ ပြီးတော့ သံက သုံးလို့မကောင်းဘူး။ ဝက်အူထက်ပိုကောင်းတာ ဘာမှမရှိဘူး။ လေးလည်းလေးတယ် ပြီးတော့ အပေါက်လည်း ပါတယ်။"
"အရူးအပေါလိုလုပ်နေတယ်။ မနေ့ကမှမွေးသလိုလို ကောင်းကင်ကကျလာသလိုလိုထင်ရတယ်။ ဒါကို ဖြုတ်လိုက်လို့ ဘာဖြစ်နိုင်သလဲဆိုတာ မင်းရဲ့ ထူနေတဲ့ခေါင်းထဲကို ရောက်အောင်လုပ်လို့မရဘူးလား။ အစောင့်သာမရှိရင် ရထား လမ်းချော်သွားနိုင်တယ်။ လူတွေသေနိုင်တယ်။ မင်းဒီလူတွေကို သတ်နိုင်တယ်။"
"ကြားသားမိုးကြိုး၊ တရားသူကြီးမင်းရဲ့။ ကျနော်ကဘာလို့ လူတွေကို သတ်ချင်ရမှာလည်း။ ကျနော်က ခရစ်ယာန်တယောက် မဟုတ်ဘူးလား။ ကျနော်က ရာဇဝတ်သားတယောက်လား။ ဘုရားသခင်ရေ၊ ကျနော့တသက်လုံး လူသတ်ဖို့နေနေသာသာ ဒီလိုမျိုးတောင် မစဉ်းစားမိဘူး။ ဘုရားသခင် ကယ်တော်မူပါ။ ဒါမျိုး ဘယ်လိုလုပ်ပြီး ပြောလို့ထွက်သလဲ မသိ။"
"ကိုင်း ခင်ဗျားအဆိုအရဆိုရင် ဘာတွေက ရထားမှောက်စေသလဲ။ ဝက်အူ နှစ်ခုသုံးခု ဖြုတ်လိုက်တာနဲ့ ရထားမှောက်မှာပဲ။"
လယ်သမားလည်း မဲ့ပြုံးပြုံးလိုက်ပြီး စစ်ဆေးနေတဲ့တရားသူကြီးကို မျက်မှောင်ကုပ်ပြီး စူးစိုက်ပြီး မယုံသလို ကြည့်လိုက်ပါတယ်။
"မဟုတ်ကဟုတ်က။ ဒီတရွာလုံး ဒီဝက်အူတွေဖြုတ်နေတာ ဘယ်နှစ်နှစ်ရှိပြီလဲ။ ဘုရားကယ်တော်မူပါ။ ဘာရထားမှ မမှောက်ပါဘူး။ ဘယ်သူမှလဲ မသေဘူး။ ကဲ ကျနော့အနေနဲ့ သံလမ်းတခုဖြုတ်တယ် ဒါမှမဟုတ် သစ်သားတုံးတတုံး တင်ထားတယ် ဆိုပါစို့။ ကိုင်း ဒီလိုဆို ရထားက လမ်းချော်သွားနိုင်ပါတယ်။ ဒါပေမဲ့၊ ဟင်း၊ ဝက်အူလေးတခုများ။"
"မင်းခေါင်းထဲဝင်အောင် ထည့်ထားစမ်း။ ဝက်အူတွေက သံလမ်းတွေကို ဇလီဖားတုံးနဲ့ ဆက်ထားတယ်ဆိုတာ။"
"ကျနော်တို့နားလည်ပါတယ်။ ကျနော်တို့က ဝက်အူတွေအားလုံး လျှောက်ဖြုတ်နေတယ်လို့များ ထင်သလား။ ခင်ဗျား ပြောပုံကြီးက။ ကျနော်တို့က အများကြီးချန်ထားပါတယ်ဗျ။ ဉာဏ်မသုံးပဲ မလုပ်ပါဘူး။ ကျနော်တို့ နားလည်ပါတယ်။" လို့ပြောပြီး ဒဲနစ်က သန်းလိုက်ရင်း လက်ဝါးကားတိုင်ပုံ သူ့ပါးစပ်ရှေ့မှာ လုပ်လိုက်ပါတယ်။

"မနှစ်က ဒီမှာ ရထားလမ်းချော်သွားတယ်။" လို့ တရားသူကြီးကပြောလိုက်ပါတယ်။ "အခုတော့ ရှင်းပြီ၊ ဘာလို့ ဒီလိုဖြစ်သလဲဆိုတာ။"
"ခွင့်လွှတ်ပါ။ – – – ခင်ဗျားပြောတာ ကျနော်သိပ်မကြားလိုက်ပါဘူး။"
"မနှစ်က ဒီမှာ ဘာလို့ ရထားလမ်းချော်သလဲဆိုတာ ရှင်းပြီလို့ ပြောတာ။ အခု ဘာလို့ဒီလိုဖြစ်သလဲဆိုတာ သိပြီ။"
"ဒါကြောင့် ခင်ဗျားက ကျနော် နားလည်ဖို့ အတွက် ပညာတိုးစေတာပဲ။ ခင်ဗျားတို့အားလုံးပါ။ ကျနော်တို့ရဲ့ ကျေးဇူးရှင်တွေ။ ဘယ်လိုဖြစ်သလဲဆိုတာ ကောင်းကောင်းမွန်မွန် စဉ်းစား အဖြေရှာလိုက်ပြီပဲ။ ဒါပေမဲ့ အစောင့်ကတော့ လယ်သမားတယောက်ဆိုတော့ လယ်သမားတယောက်ရဲ့ ဦးနှောက်ပဲ ရှိတာပေ့ါ။ သူကျနော့် သွားတွေကို လက်သီးနဲ့ ၂ ချက်ထိုးပြီး ရင်ဘတ်ကို တချက်ထိုးတာလည်း ရေးထားပါအုံး တရားသူကြီးမင်း။"
"ခင်ဗျားအိမ်ကို ရှာတဲ့အခါ ဒုတိယ ဝက်အူတခုတွေ့တယ်။ အဲဒီဝက်အူကို ဘယ်တုန်းက ဘယ်က ဖြုတ်တာလဲ။"
"သေတ္တာအနီလေးအောက်မှာ ဖွက်ထားတဲ့ ဝက်အူကိုမေးတာလား။"
"ခင်ဗျား ဘယ်မှာ ဖွက်ထားသလဲဆိုတာ လုံးဝ မသိဘူး။ ဒါပေမဲ့ အဲဒါကို တွေ့ ပြီ။ အဲဒါ ဘယ်တုန်းက ဖြုတ်တာလဲ။"
"အဲဒါ ကျနော်ဖြုတ်တာမဟုတ်ဘူး။ မျက်လုံးတဖက်တည်းရှိတဲ့ စယ်မြင်ရဲ့သား အစ်နာရှ်ကာ ကျနော့အတွက် ဖြုတ်ပေးတာ။ သိလား၊ ကျနော်ပြောနေတာက သေတ္တာလေးအောက်မှာ ရှိတဲ့ဟာ အကြောင်းပြောနေတာ၊ ဒါပေမဲ့ အပြင်က ခြံထဲက တဲထဲက ဟာက မီထြိုဖန်နဲ့ ကျနော် အတူတူဖြုတ်တာ။"
"ဘယ် မီထြိုဖန်လဲ။"
"မီထြိုဖန် ပက်ထြော့ဗ်နဲ့။ သူ့အကြောင်းမကြားဖူးဘူးလား။ သူကငါးဖမ်းတဲ့ပိုက်ကွန်တွေလုပ်ပြီး – –အထက်တန်းလွှာကလူတွေကို ရောင်းတယ်လေ။ သူ ဒီဝက်အူတွေ အများကြီးသုံးတာပေါ့။ ပိုက်ကွန်တခုဆို ဆယ်ခုလောက်။ – – –"
"ဒီမှာ၊ နားထောင်။ ပြစ်မှုဆိုင်ရာဥပဒေ အပိုဒ် ၁၀၈၁ မှာဘာပြဌာန်းထားသလဲဆိုရင် ရထားလမ်းတခုကို တမင်သက်သက် ဖျက်ဆီးပြီး အဲဒီရထားလမ်းက သွားလာရေးကို အန္တရာယ်ပြုပြီး၊ အဲဒီပြစ်မှုတရားခံဟာ ဒီအပျက်အစီးကြောင့် အန္တရာယ်ကြီးကြီးမားမားဖြစ်မယ်ဆိုတာကိုသိရင်၊ နားလည်သလား။ *သိရင်* ပြစ်မှုတရားခံကို ပြည်နှင်ဒဏ်ရယ် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ရယ် အပြစ်ဒဏ်ပေးနိုင်တယ်။ မင်းက ဒီဝက်အူဖြုတ်ရင် ဘာဖြစ်မလဲဆိုတာ မသိပဲမနေဘူး။"
"ဟုတ်တာပေ့ါ။ လူကြီးမင်းပဲ အသိဆုံးနေမှာပါ။ ကျနော်တို့က သာမန်ပညာမဲ့လူတွေပဲ –– ဘာနားလည်မှာလိုက်လို့။"
"ဒီကိစ္စနဲ့ပါတ်သက်ပြီး မင်း ကောင်းကောင်းနားလည်တယ်။ မင်းညာနေတာ ––– ဟန်ဆောင်နေတာ။"
"ကျနော်ဘာဖြစ်လို့ ညာနေရမှာလဲ။ ကျနော့ကိုမယုံရင် ရွာထဲကလူတွေ ဘယ်သူ့ကိုမဆို သွားမေးကြည့်။ ခဲမဆွဲရင် ဘာလိခ်ငါးတွေပဲမိမှာ။ ငါးသိုင်းဆိုတာကလည်း ငါးဆိုရုံတမယ်လေး။ အဲဒါတောင်မှ ခဲမဆွဲရင် မဖမ်းနိုင်ဘူး။ ဟုတ်တယ်။ ဟုတ်တယ်။ ဘူးလ်ဟဲ့ဒ်တွေကျတော့ရော။" လို့တရားသူကြီးက လှောင်ပြုံးပြုံးရင်း စပေးလိုက်ပါတယ်။

"ကျနော်တို့အရပ်မှာတော့ ဘူးလ်ဟဲ့ဒ်တွေသိပ်မရှိဘူး။ လိပ်ပြာကို ငါးစာအဖြစ်သုံးပြီး ငါးမျှားကြိုးမှာခဲမဆွဲပဲ ရေအပေါ်ယံမှာပဲ ပစ်လိုက်ရင်တော့ မားလက်လို့ခေါ်တဲ့ ငါးသေးသေးလေးတွေပဲရတယ်။ ဒါတောင်မှ တခါတလေပဲရတာ။"
"တော်တော့။ တိတ်တိတ်နေ။"
အားလုံးတိတ်သွားပါတယ်။ ဒဲနစ်ဟာ ခြေထောက်တချောင်းပေါ်အားပြုပြီးရပ်နေရာက နောက်တချောင်းကို ရွှေ့လိုက်ပါတယ်။ စားပွဲခင်း အစိမ်းရောင်အုပ်ထားတဲ့ စားပွဲကို စိုက်ကြည့်လိုက်ပြီး စားပွဲခင်းစကို ကြည့်နေတာမဟုတ်ပဲ နေကိုကြည့်နေသလို မျက်မှောင်ကြုတ်လိုက်ပါတယ်။ အမှုစစ်ဆေးတဲ့ တရားသူကြီးကတော့ မြန်မြန်ရေးနေပါတယ်။
"ကျနော်သွားလို့ရပြီလား။" ခဏတာငြိမ်နေပြီးနောက် ဒဲနစ်ကမေးလိုက်ပါတယ်။
"မရသေးဘူး။ မင်းကိုထိန်းသိမ်းထားရမယ်။ ပြီးတော့ ထောင်ကိုပို့ရမယ်။"
ဒဲနစ်ရဲ့မျက်လုံးတွေလည်း ပြူးကျယ်သွားပြီး မျက်ခုံးထူကြီးတွေ မြောက်တက်သွားပြီး တရားသူကြီးကို မေးခွန်းတွေအများကြီးပါတဲ့ အကြည့်နဲ့ကြည့်လိုက်ပါတယ်။ "ဘာဆိုလိုတာလဲ။ –– ထောင်ကို။ တရားသူကြီးမင်းခင်ဗျား အဲဒါလုပ်ဖို့ ကျနော့အတွက်အချိန်မရှိပါဘူး။ ကျနော်ဈေးသွားပြီး အီးဂေါ်ဆီက ပိုက်ဆံ သုံးကျပ် သွားယူရမယ် – – –ဝက်ဆီအတွက်။"
"တိတ်တိတ်နေ။ ဖြတ်မပြောနဲ့။"
"ထောင်ကို ––– အနည်းဆုံး ကျနော်တခုခု လုပ်ခဲ့ရင်တော့ ––– ကောင်းပါပြီ –– သွားမယ်။ ဒါပေမဲ့ ဘာမှလဲမလုပ်ပဲနဲ့ ထောင်ချခံရတာကတော့ ––– ကျနော်က အေးအေးဆေးဆေး သန့်သန့်လေး နေတဲ့လူပါ – – – ဘာလို့ထောင်ပို့မှာလဲ။ ဘာမှလဲမခိုးဘူး။ ပြီးတော့ သိရသလောက်တော့ ဘယ်တော့မှလဲ ရန်မစခဲ့ဖူးဘူး။ ဒါပေမဲ့ အခွန်ပေးဖို့ ကျန်နေတဲ့အကြွေးတွေနဲ့ပါတ်သက်ပြီး သံသယရှိရင်တော့ ––– ရွာလူကြီးပြောတဲ့စကား တလုံးမှ မယုံပါနဲ့။ ရွာလွှတ်တော်က ရာသက်ပန်အဖွဲ့ဝင်ကိုမေး။ ရွာလူကြီးကတော့ ခရစ်ယာန်မဟုတ်ဘူး – – –။"
"တိတ်တိတ်နေ။"
"ကျနော်တိတ်တိတ်နေနေတာ ကြာပြီ။" လို့ဒဲနစ်က ရေရွတ်လိုက်ပါတယ်။ "ဒါပေမဲ့ အဲဒီရွာလူကြီး – – – သူက ရာဖြတ်တာနဲ့ပါတ်သက်ပြီး ဘယ်လိုပဲ ညာထားညာထား – – – ကျနော်ကြိမ်ရဲတယ် – – – ကျနော်တို့ ညီအကို သုံးယောက်ရှိတယ်။ ကူဇ်မာ ဂရီဂိုရီယက်ဗ် ပြီးတော့ အီးဂေါ် ဂရီဂိုရီယက်ဗ် ပြီးတော့ ကျနော် ဒဲနစ် ဂရီဂိုရီယက်ဗ် – – –။"
"မင်း ငါ့ကို နှောက်ယှက်နေတယ်။ ဟေ့ စယ်မြင်၊ သူ့ကိုအပြင်ခေါ်သွားစမ်း။" လို့တရားသူကြီးက အော်လိုက်ပါတယ်။
"– – – ကျနော်တို့က ညီအကိုသုံးယောက်ပါ။" လို့ ဒေါင်ကောင်းကောင်း စစ်သားကြီးနှစ်ယောက်က သူ့ကို ဖမ်းချုပ်ပြီအခန်းအပြင်ခေါ်သွားတုန်း ရေရွတ်လိုက်ပါတယ်။ အကိုတယောက်က နောက်တယောက်ကို မစောင့်ရှောက်ပါဘူး။ – – – ကူဇ်မာ ကပိုက်ဆံမပေးဘူး။ ဒီလိုဆို ကျနော်ကသေရော။ ဆုံးသွားတဲ့ ကျနော်တို့ရဲ့ဆရာ ဗိုလ်ချုပ်ကြီး –– ကောင်းရာသုဂတိလားပါစေ–– ဒါမှမဟုတ်ရင် သူခင်ဗျားကို အကြောင်းပြလိမ့်မယ်။ တရားသူကြီး။ တရားမစီရင်ခင် ခင်ဗျားကို ခင်ဗျားဘာလဲဆိုတာ သိသင့်တယ်။ ဒီလိုပဲ မလုပ်ရဘူး။ လူတယောက်ကို ကြိမ်နဲ့ရိုက်တယ်ဆိုရင်တောင် ရပါသေးတယ်။ ဒါပေမဲ့ မကောင်းမှုတခုအတွက် – – – တရားမျှမျှတတ – – –။

(page 53)

နောက်ဆက်တွဲ ၈

ကျေးဇူးတင်ပါတယ် မင်းကတော်                                        စာရေးသူ  Langston Hughes

သူမဟာ မိန်းမထွားကြီးဖြစ်ပြီး အထဲမှာ တူနဲ့သံတွေကလွဲရင် အကုန်လုံးပါတဲ့ ပိုက်ဆံအိတ်ကြီးတလုံးကို ကိုင်ထားပါတယ်။  အဲဒီပိုက်ဆံအိတ်မှာ လက်ကိုင်ကြိုးရှည်ပါပြီး သူ့ပုခုံးမှာ စလွယ်သိုင်းလွယ်ထားပါတယ်။ ကောင်လေးဟာ သူမနောက်ကနေ ပြေးလာပြီး အဲဒီပိုက်ဆံအိတ်ကို ဆွဲယူဖို့ ကြိုးစားလိုက်တဲ့အချိန်မှာတော့ ည ၁၁နာရီလောက်ရှိပြီ၊ မှောင်နေတယ်၊ ပြီးတော့ သူမဟာ တယောက်တည်း လမ်းလျှောက်နေတယ်။ ကောင်လေးက အနောက်ကနေ တချက်ဆောင့်ဆွဲလိုက်ချိန်မှာတော့ ကြိုးပြတ်သွားပါတယ်။ ဒါပေမဲ့ ကောင်လေးရဲ့ ကိုယ်အလေးချိန်နဲ့ ပိုက်ဆံအိတ်တို့ နှစ်ခုပေါင်းလိုက်တော့ ကောင်လေးလည်း ကိုယ်ဟန်ပျက်သွားပြီး မျှော်လင့်ထားသလို တရှိန်ထိုးပြေးမသွားနိုင်ပဲ ပလက်ဖေါင်းပေါ် ပက်လက်လန်ကျသွားပြီး သူ့ခြေထောက်နှစ်ချောင်းလည်း မိုးပေါ် ပျံတက်သွားပါတယ်။ အမျိုးသမီးကြီးလည်း လှည့်ရုံလှည့်လိုက်ပြီး သူ့ဂျင်းဘောင်းဘီက ထိုင်တဲ့နေရာတဲ့တဲ့ကို ကန်ထဲ့လိုက်ပါတယ်။ ပြီးတော့ အောက်ကို လှမ်းလိုက်ပြီး ကောင်လေးကို ရှပ်အင်္ကျီအရှေ့ဘက်က ဆွဲမလိုက်ပြီး သွားချင်းရိုက်သွားတဲ့အထိ လှုပ်လိုက်ပါတယ်။

ပြီးတော့ အမျိုးသမီးကြီးက "ကောင်လေး ငါ့စာအုပ်ကောက်ပြီး ဒီကိုပေးစမ်း။" လို့ပြောလိုက်တယ်။ သူ့လက်ကတော့ ကောင်လေးကို တင်းတင်းကြပ်ကြပ် ကိုင်ထားတုန်းပဲ။ ဒါပေမဲ့ ကောင်လေး သူ့ပိုက်ဆံအိတ်ကို ကောက်နိုင်စေဖို့ သူကုန်းပေးလိုက်တယ်။ ပြီးတော့ "ကိုင်း နင့်ကိုယ်နင် မရှက်ဘူးလား။" လို့ပြောလိုက်တယ်။ သူ့ရှပ်အင်္ကျီအရှေ့ဘက်ကနေ ခိုင်ခိုင်မြဲမြဲဆွဲကိုင် ခံနေရတဲ့ ကောင်လေးက "ဟုတ်ကဲ့ ခင်ဗျာ။" လို့ပြောလိုက်ပါတယ်။

အမျိုးသမီးက "ဘာလို့ ဒီလိုလုပ်ချင်တာလဲ။" လို့မေးလိုက်တော့ ကောင်လေးက "ကျနော်ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူး။" လို့ ပြန်ဖြေလိုက်ပါတယ်။

အမျိုးသမီးက "လူလိမ်။" လို့အော်လိုက်ရော။

အဲဒီအချိန်မှာတော့ လူနှစ်ယောက်သုံးယောက်လောက် ဖြတ်သွားပြီး ရပ်လိုက် နောက်ပြန်လှည့်ကြည့်လိုက်နဲ့ တချို့က ရပ်ကြည့်နေပါတယ်။

"မင်းကို ငါလွှတ်ပေးလိုက်ရင် ပြေးမလား။" လို့အမျိုးသမီးကမေးလိုက်ပါတယ်။

"ဟုတ်ကဲ့ ခင်ဗျာ။" လို့ကောင်လေးကပြန်ဖြေပါတယ်။

"ဒီလိုဆို ငါမင်းကို မလွှတ်ပေးတော့ဘူး။" လို့ အမျိုးသမီးကပြောပါတယ်။ သူလွှတ်မပေးပါဘူး။

"ကျနော်တောင်းပန်ပါတယ် ခင်ဗျာ။" လို့ ကောင်လေးက ခပ်တိုးတိုးပြောလိုက်ပါတယ်။

"ဟင်း။ မင်းမျက်နှာကလည်း ညစ်ပတ်နေတာပဲ။ ငါမျက်နှာသစ်ပေးချင်လိုက်တာ။ အိမ်မှာ မင်းကိုမျက်နှာသစ်ဖို့ ပြောမယ့်လူ တယောက်မှမရှိဘူးလား။"

"မရှိပါဘူး ခင်ဗျာ။" လို့ကောင်လေးက ပြန်ပြောပါတယ်။

"ဒီလိုဆို ဒီညနေတော့ ဒီမျက်နှာ သစ်ပြီသား ဖြစ်စေရမယ်။" လို့ ဒီမိန်းမကြီးက ပြောရင်း ကောင်လေးကို သူ့နောက်က တန်းလန်းဆွဲရင်း လမ်းမပေါ် လျှောက်သွားပါတယ်။

(page 54)

ကောင်လေးကိုကြည့်ရတာ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်လောက်ရှိပုံရမယ်။ ပိန်ပိန်ပါးပါး နွံ့နွံ့လေးရှိပြီး ဂျင်းဘောင်းဘီနဲ့ တင်းနစ်ဖိနပ် ဝတ်ထားပါတယ်။

"မင်း ငါ့သားဖြစ်ဖို့ကောင်းတယ်။ မင်းကို အမှားနဲ့အမှန် ငါသင်ပေးနိုင်တယ်။ အခုလောလောဆယ်တော့ အနည်းဆုံး မင်းကိုမျက်နှာသစ်ပေးနိုင်တယ်။ ဆာသလား။"

"မဆာပါဘူး ခင်ဗျာ။" လို့တန်းလန်းအဆွဲခံနေရတဲ့ ကောင်လေးက ပြန်ဖြေလိုက်တယ်။ "ကျနော့်ကို လွှတ်ပဲ လွှတ်ပေးစေချင်ပါတယ်။"

"ဟိုနားမှာ လမ်းချိုးလိုက်တော့ ကသိကအောင့်ဖြစ်သွားသလား။" လို့အမျိုးသမီးကမေးလိုက်ပါတယ်။

"မဖြစ်ပါဘူးခင်ဗျာ။"

"ဒါပေမဲ့ မင်းက *ငါ့* ကိုလာဆက်သွယ်လိုက်တာကိုး။" လို့အမျိုးသမီးကပြောလိုက်တယ်။

"ဒီလိုလာဆက်သွယ်လိုက်တာ ခနပဲလို့ထင်ရင် ပြန်စဉ်းစားလိုက်အုံး။ ဒီမှာ လူကြီးမင်း၊ မင်းနဲ့ငါပြီးသွားရင် မင်းဟာ မစ္စစ် လူဝဲလား ဘေးတ်စ် ဝါရှင်တန် ဂျုန်းစ် ကို အမြဲမှတ်မိနေစေရမယ်။"

ကောင်လေးရဲ့မျက်နှာမှာ ချွေးတွေထွက်လာပြီး စရုန်းလာပါတယ်။ မစ္စစ်ဂျုန်းစ်လည်း ရပ်လိုက်ပြီး သူ့အရှေ့မှာ လှုပ်ခါလိုက်ပြီး သူ့လည်ပင်းကို လက်နဲ့အနောက်ကနေ မလှုပ်နိုင်အောင်သိုင်းချုပ်ကိုင်လိုက်ပြီး လမ်းပေါ်ဆက်ဆွဲသွားပါတယ်။ သူ့တံခါးရောက်တော့ ကောင်လေးကို ခန်းမကြီးကနေ အိမ်အနောက်မှာ ပရိဘောဂ အစုံရှိတဲ့ အခန်းတခန်းထဲ အထိ အထဲကို ဆွဲခေါ်သွားပါတယ်။ တံခါးတချို့ကလည်း ပွင့်နေတော့ သူနဲ့ဒီအမျိုးသမီး နှစ်ယောက်တည်း မဟုတ်ဘူးဆိုတာ သူသိလိုက်ပါတယ်။ အမျိုးသမီးဟာ သူ့ကို အခန်းအလယ်မှာ သူ့လည်ပင်းကနေ ကိုင်ထားဆဲပါ။

"မင်းနာမည်ဘာလဲ။" လို့မေးလိုက်ပါတယ်။

"ရော်ဂျာပါ။" လို့ကောင်လေးက ပြန်ဖြေပါတယ်။

"ဒီလိုဆို ရော်ဂျာရေ အဲဒီရေဇလုံကိုသွားပြီး မျက်နှာသွားသစ်ချေ။" လို့အမျိုးသမီးက ပြောရင်း အဆုံးမှာ သူ့ကို လွှတ်ပေးလိုက်ပါတယ်။ ရော်ဂျာဟာ တံခါးကိုကြည့်လိုက် -- အမျိုးသမီးကိုကြည့်လိုက် -- တံခါးကိုကြည့်လိုက် --*ပြီးတော့ ရေဇလုံဆီသွားလိုက်ပါတယ်*။

"ရေကို နွေးလာတဲ့အထိ ဖွင့်ထားလိုက်။" လို့အမျိုးသမီးကပြောပါတယ်။ "ဒီမှာ မျက်နှာသုတ်ပုဝါအသစ်။" ရေဇလုံပေါ်မှာ ကုန်းနေရင်းကောင်လေးက "ကျနော့်ကို ထောင်ခေါ်သွားမလို့လား။" လို့မေးလိုက်ပါတယ်။

"အဲဒီမျက်နှာနဲ့တော့မခေါ်သွားပါဘူး။ အဲဒီမျက်နှာနဲ့တော့ ဘယ်ကိုမှမခေါ်သွားနိုင်ဘူး။" လို့အမျိုးသမီးက ပြန်ပြောပါတယ်။

"ငါကဖြင့်အိမ်ပြန်လာပြီး စားဖို့ တခုခုချက်မလားလို့ မင်းက ငါ့ပိုက်ဆံအိတ်ကို လုယူရတယ်လို့။ ဒီလောက်တောင် နောက်ကျနေတဲ့အချိန်မှာ မင်းလည်း ညစာမစားရသေးဘူး ထင်ပါရဲ့။ စားပြီးပြီလား။"

"ကျနော့်အိမ်မှာ ဘယ်သူမှမရှိဘူး။" လို့ကောင်းလေးကပြန်ဖြေပါတယ်။

"ဒီလိုဆို တို့စားကြမယ်။ မင်းဆာနေတယ် ထင်တယ် -- ဒါမှမဟုတ် ဆာခဲ့တယ်ထင်တယ် -- ငါ့ပိုက်ဆံအိတ် လုဖို့ ကြိုးစားတယ်။" လို့အမျိုးသမီးကပြောလိုက်ပါတယ်။

"ကျနော် အပြာရောင်ဆိတ်သားရေဖိနပ် လိုချင်လို့ပါ။" လို့ကောင်လေးက ပြန်ပြောလိုက်ပါတယ်။

"ကဲ အပြာရောင်ဆိတ်သားရေဖိနပ် ရဖို့ ငါ့ ပိုက်ဆံအိတ်ကို လုဖို့မလိုပါဘူး။" လို့ မစ္စစ် လူဝဲလား ဘိတ်စ် ဝါရှင်တန် ဂျုန်းစ် ကပြောလိုက်ပါတယ်။ "ငါ့ကိုတောင်းရောပေါ့။"

"ခင်ဗျာ။"

မျက်နှာပေါ်က ရေစက်တွေ တပေါက်ပေါက် ကျနေရင်း ကောင်းလေးက သူ့ကိုကြည့်လိုက်ပါတယ်။ အကြာကြီး တိတ်ဆိတ်နေပါတယ်။ သူ့မျက်နှာသုတ်ပြီး နောက်ဘာလုပ်ရမှန်းမသိပဲဖြစ်နေပြီး မျက်နှာကိုထပ်သုတ်လိုက်ပါတယ်။ ပြီးတော့ လှည့်လိုက်ပြီး နောက်ဘာများဖြစ်မလဲလို့ စဉ်းစားမိနေပါတယ်။ တံခါးက ပွင့်နေပါတယ်။ အခန်းထဲကနေ တရှိန်ထိုးထွက်ပြေးသွားလို့ရတယ်။ သူ ပြေး၊ ပြေး၊ ပြေး၊ *ပြေး* နိုင်တယ်။

အမျိုးသမီးဟာ ကုတင်ပေါ်မှာထိုင်နေပါတယ်။ ခဏကြာတော့ "တခါက ငါလည်းငယ်ဖူးပါတယ်။ ပြီးတော့ မရနိုင်တာတွေ လိုချင်ခဲ့တယ်။" လို့ပြောပါတယ်။

နောက်တခေါက် အကြာကြီးတိတ်နေကြပြန်ရော။ ကောင်လေးက ပါးစပ်ဟသွားပါတယ်။ ပြီးတော့ သူ့ဟာသူ မျက်မှောင်ကြုတ်လိုက်မှန်း မသိပဲ မျက်မှောင်ကြုတ်လိုက်ပါတယ်။

အမျိုးသမီးက "အင်း၊ မင်းက ငါ့ကို *ဒါပေမဲ့* လို့ ပြောမယ်လို့ထင်နေတယ် မဟုတ်လား။ မင်းကထင်တယ် *ဒါပေမဲ့ ငါက သူများပိုက်ဆံအိတ် လုမယူဘူး* လို့ပြောမယ်လို့ ထင်တယ် မဟုတ်လား။ ဟင်း၊ ငါက အဲဒီလိုပြောဖို့ မဟုတ်ပါဘူး။" တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်း။ "ငါလည်းလုပ်ခဲ့ဖူးတာတွေရှိပါတယ်။ ဒါတွေမင်းကို ငါမပြောပြပါဘူး သားရယ် – – – ဘုရားကိုလည်း မပြောပါဘူး။ သူမသိသေးရင်ပေါ့လေ။ လူတိုင်း တူတာတွေရှိတာပေါ့။ ဒီတော့ ငါ စားဖို့တခုခု ပြင်နေတုန်း မင်းဒီမှာထိုင်။ ကြည့်ကောင်းသွားအောင် မင်းခေါင်းကို အဲဒီဘီးနဲ့ ဖြီးချင်ဖြီးလိုက်။"

အခန်းရဲ့တခြားထောင့်တနေရာက လိုက်ကာတခုရဲ့ အနောက်မှာတော့ ဓါတ်ငွေ့မီးဖိုပြားနဲ့ ရေခဲသေတ္တာတခု ရှိပါတယ်။ မစ္စစ်ဂျုန်းစ်ဟာ ထလိုက်ပြီး အဲဒီလိုက်ကာနောက် ဝင်သွားပါတယ်။ သူဟာ ကောင်လေး အခုပြေးတော့ မလားလို့ မကြည့်ပါဘူး။ ကုတင်ပေါ်မှာ ချန်ထားခဲ့တဲ့သူ့ပိုက်ဆံအိတ်ကိုလည်း မကြည့်ပါဘူး။ ဒါပေမဲ့ ကောင်လေးဟာ အဲဒီပိုက်ဆံအိတ်နဲ့ ဝေးရာ၊ အမျိုးသမီးကြီးကြည့်ချင်ရင် မျက်လုံးထောင့်ကနေ မြင်နိုင်အောင် အခန်းရဲ့နောက် ထောင့်တနေရာမှာ သွားထိုင်ပါတယ်။ အမျိုးသမီးသူ့ကို *စိတ်မချမှာ*ကို သူစိတ်မချ ဖြစ်နေပါတယ်။ သူ့ကို စိတ်မချ မဖြစ်စေချင်ပါဘူး။

"ဈေးဆိုင်သွားပေးရမလား။ နို့လေးဘာလေး ဝယ်ပေးဖို့လေ။" လို့ကောင်လေးကမေးလိုက်ပါတယ်။

"မလိုဘူးထင်တယ်။ မင်းက နို့ဆီသောက်ချင်တယ်ဆိုရင်တော့သွားလေ။ ငါက ဒီက ဗူးထဲကနွားနို့နဲ့ ကိုကိုးဖျော် မလို့။" လို့အမျိုးသမီးက ပြောပါတယ်။

"ရပါတယ်။" လို့ကောင်လေးကပြောလိုက်တယ်။

သူမဟာ ရေခဲသေတ္တာထဲက ထောပတ်ပဲနဲ့ဝက်ပေါင်ခြောက်တချို့ကို နွှေးလိုက်ပြီး ကိုကိုးဖျော်ပြီး စားပွဲပြင် လိုက်ပါတယ်။ အမျိုးသမီးက ကောင်လေးကို ဘယ်မှာနေလဲ၊ သူ့မိသားစုအကြောင်း၊ ဒါမှမဟုတ် သူရှက်သွား စေမယ့် အကြောင်းတွေ ဘာမှ မမေးပါဘူး။ ဒါပေမဲ့ စားရင်း သူက ညည့်နက်အထိဖွင့်တဲ့ သူအလုပ်လုပ်တဲ့ ဟော်တယ်က အလှပြင်ဆိုင် အကြောင်း၊ သူ့အလုပ်က ဘယ်လိုလဲဆိုတာ၊ ပြီးတော့ အမျိုးသမီးတွေ အမျိုးမျိုး၊ ဆံပင် အဝါရောင်၊ အနီရောင်နဲ့ စပိန်လူမျိုးတွေ ဝင်လိုက်ထွက်လိုက်နဲ့လာတာတွေကို ပြောပြပါတယ်။ ပြီးတော့ သူ့ရဲ့ ဆယ်ပြားတန် ကိတ်မုန့်တဝက် ကောင်လေးအတွက် လှီးပေးလိုက်ပါတယ်။

"စားအုံး သား။"

သူတို့စားပြီးတော့ အမျိုးသမီးက "ထရပ်လိုက်ပြီး ကဲဒီမှာ ဆယ်ဒေါ်လာယူပြီး အပြာရောင်ဆိတ်သားရေဖိနပ် သွားဝယ်ချေ။ နောက်တခါ *ငါ့* ပိုက်ဆံအိတ် *ဒါမှမဟုတ် တခြားဘယ်သူ့ရဲ့* ပိုက်ဆံအိတ်မှ မယူနဲ့ –– ဘာလို့လဲ

(page 56)
ဆိုတော့ မကောင်းတဲ့နည်းနဲ့ရတဲ့ ဖိနပ်တွေက မင်းခြေထောက်တွေကို မီးလောင်စေလိမ့်မယ်။ ငါနားရတော့မယ်။ ဒီအချိန်ကနေစပြီးတော့ မင်းကောင်းကောင်းနေတော့မယ်လို့ ငါမျှော်လင့်တယ် သား။"
သူဟာကောင်လေးကို ခန်းမကြီးထဲက နေအိမ်ရှေ့တံခါးအထိခေါ်သွားပြီး တံခါးဖွင့်လိုက်ပါတယ်။ "ကောင်းကောင်း အိပ်နော်။ ကောင်းကောင်းလည်းနေ ချာတိတ်။" လို့ကောင်လေးလမ်းပေါ်ကို လှေခါးထစ်ကနေ ဆင်းသွားတာ ကြည့်ရင်း ပြောလိုက်ပါတယ်။
ကောင်လေးဟာ မစ္စစ် လူဝဲလာ ဘိတ်စ် ဂျုန်းစ်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ ထက်ပိုပြီး ပြောချင်နေပါတယ်။ ဒါပေမဲ့ သူဟာ လှေခါးအဆုံးက နေရာကနေလှည့်ပြီး တံခါးမှာရပ်နေတဲ့ မိန်းမထွားကြီးကို ကြည့်ရင်း သူ့နှုတ်ခမ်းတွေ လှုပ်နေပေမဲ့ အဲဒါကိုတောင် မပြောနိုင်ပါဘူး။ ပြီးတော့ သူမက တံခါးပိတ်လိုက်ပါတယ်။

(page 57)
နောက်ဆက်တွဲ ဃ

## ကလေးများ အချိန်
## (စာရေးသူ **Henry Wadsworth Longfellow** )

၁ အမှောင်နဲ့ နေ့အလင်းရောင်အကြား
ညစပြီးမှောင်လာချိန်
တနေ့တာ လုပ်ငန်းတွေ ရပ်ဆိုင်းချိန်
အဲဒါက ကလေးများအချိန်ပါ။

၂ အပေါ်ကအခန်းထဲက
ခြေသံလေးတွေတဖြတ်ဖြတ်
ပွင့်သွားတဲ့တံခါးတချပ်
ပြီးတော့ တိုးညှင်း ချိုသာတဲ့အသံလေးတွေ ကြားရပါတယ်။

၃ စာကြည့်ခန်းထဲက မီးအိမ်ရဲ့အလင်းရောင်က
လှေခါးကျယ်ကြီးကဆင်းလာတဲ့
တည်ငြိမ်တဲ့ ဂရေ့စ် နဲ့ အရယ်သန်တဲ့ အလက်ဂရာ
ပြီးတော့ ရွှေရောင်ဆံပင်နဲ့ အီးဒစ်သ်တို့ ကို မြင်ရပါတယ်။

၄ တိုးတိုးပြောသံ၊ ပြီးတော့ တိတ်ဆိတ်ခြင်း
ဒါပေမဲ့ သူတို့ရဲ့ ပျော်ရွှင်နေတဲ့မျက်လုံးတွေအရ
ကျနော့ကို လှန့်ဖို့
သူတို့ ကြိတ်ပြီးကြံနေတယ်ဆိုတာသိပါတယ်။

၅ ရုတ်တရက်လှေခါးကဆင်းလာတယ်။
ခန်းမကြီးထဲက ရုတ်တရက် ဝင်စီးခံရတယ်။
အစောင့်မထားခဲ့တဲ့ တံခါးသုံးခုကနေ
ကျနော့်ရဲတိုက်ထဲ သူတို့ဝင်ခဲ့ကြတယ်။

၆ ကုလားထိုင်လက်တန်းတွေနဲ့ နောက်မှီကနေ
ကျနော့်မျှော်စင်ငယ်ပေါ်သူတို့တက်ကြပြီ။
လွတ်ဖို့ ကြိုးစားရင် ဝိုင်းထားကြတယ်။
ကြည့်ရတာ သူတို့နေရာတကာမှာရှိနေသလိုပဲ။

၇ ရိုင်းမြစ်ပေါ်က ဘစ်ရှော့ဘင်ဂျင်ရဲ့ ကြွက်မျှော်စင်
အကြောင်း စဉ်းစားမိတဲ့ အထိ
သူတို့အနမ်းတွေနဲ့ ဝါးမျိုတော့မတတ်
သူတို့လက်မောင်းတွေနဲ့လည်း ရစ်ပတ်လို့။

၈ မျက်လုံးပြာ ဓားပြတွေရေ
နံရံကိုတက်နိုင်ခဲ့လို့
နုတ်ခမ်းမွှေးနဲ့ ဒီအဖိုးအိုက
မင်းတို့ကိုမယှဉ်နိုင်လို့ ထင်လျော့လေသလား။

၉ မင်းတို့ကို ပေးမပြန်တော့ပဲ
ခံတပ်ထဲမှာ
ငါ့ရဲ့ နှလုံးသား မျှော်စင်အဝိုင်းထဲက
မြေအောက်ခန်းထဲမှာ ခိုင်ခိုင်မြဲမြဲ ထားထားမယ်။
၁၀ အဲဒီမှာ အမြဲထားထားမယ်။
ဟုတ်တယ်။ ထာဝရနဲ့ တရက်
နံရံတွေ ပြိုကျတဲ့အထိ
ပြီးတော့ ဖုန်မှုန့်တွေအဖြစ် ကြေမွသွားတဲ့အထိ။

(page 59)
နောက်ဆက်တွဲ င

# ကလေးများအကြောင်း
# (စာရေးသူ **Kahlil Gibran**)

ပြီးတော့ ကလေးငယ်ကို သူ့ရင်ခွင်မှာ ပိုက်ထားတဲ့ အမျိုးသမီးတယောက်က
တို့ကို ကလေးတွေအကြောင်းပြောပါ လို့ပြောတယ်။
ပြီးတော့သူက–
သင့်ကလေးတွေဟာ သင့်ရဲ့ကလေးတွေမဟုတ်ပါဘူး။
သူတို့ဟာ ဘဝရဲ့ သူ့ကိုယ်သူတောင့်တချက်ရဲ့ သားတွေသမီးတွေပါ။
လို့ပြောတယ်။
သင်ကနေတဆင့်လာပေမဲ့ သင့်ဆီကလာတာမဟုတ်ပါဘူး။ ပြီးတော့
သူတို့ဟာ
သင်နဲ့အတူရှိနေပေမဲ့ သင်မပိုင်ပါဘူး။
သင့်အချစ်တွေပေးနိုင်ပေမဲ့ သင့်အတွေးတွေ မပေးနိုင်ပါဘူး။
သူတို့ကိုယ်ခန္ဓာတွေအတွက် နေစရာအိမ်ပေးထားပေမဲ့ ဝိညာဉ်တွေအတွက် မပေးနိုင်ပါဘူး။
အကြောင်းကတော့ သူတို့ဝိညာဉ်တွေဟာ မနက်ဖန်ရဲ့အိမ်ထဲမှာနေပြီး
အဲဒီအိမ်ကို သင်
သွားမလည်နိုင်ပါဘူး။ အိမ်မက်ထဲမှာတောင် မသွားနိုင်ပါဘူး။
သူတို့လိုဖြစ်အောင် သင်ကြိုးစားနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ကို
သင့်လိုဖြစ်အောင်လုပ်ဖို့
မကြိုးစားပါနဲ့။
အကြောင်းကတော့ ဘဝဆိုတာ နောက်ပြန်မဆုတ်ပါဘူး။ မနေ့ကနဲ့လည်း အတူကျန်မနေပါဘူး။
သင်ဟာ သင့်ကလေးတွေကို သက်ရှိမြှားတွေအဖြစ်
လွှတ်ပို့လိုက်တဲ့
လေးဖြစ်တယ်။
မြှားပစ်သူဟာ အနန္တအကွာအဝေးရှိတဲ့ လမ်းကြောင်းပေါ်က အမှတ်အသားကို မြင်တယ်
ပြီးတော့
သူ့ မြှားတွေ
မြန်မြန်နဲ့
ဝေးဝေးသွားဖို့ သူ့အစွမ်းနဲ့ သင့်ကို ကွေးလိုက်တယ်။
မြှားပစ်သူလက်ထဲမှာ သင်ကွေးလိုက်ရလို့ ပျော်ပါ။
အကြောင်းက သူဟာ ပျံသွားတဲ့ မြှားတွေကို ချစ်သလို
တည်တန့်တဲ့ လေးကိုလည်း ချစ်ပါတယ်။

(page 60)

## နောက်ဆက်တွဲ စ

## ဘာလီသာလိကာကို ကယ်ဆယ်ကြပါစို့ (စာရေးသူ **Bucksnort Trout**)

တိရိစ္ဆာန်ရုံမှာ ကျွန်ုပ်တို့တွေ့နိုင်တဲ့ တိရိစ္ဆာန်တချို့ဟာ တောတွေထဲကနေ ပျောက်ကွယ်သလောက်ရှိနေပါပြီ။ ဒီခေတ်မှာ တိရိစ္ဆာန်ရုံတွေအနေနဲ့ လုပ်စရာအလုပ်တခုအသစ်တခုရှိနေပါတယ်– တိရိစ္ဆာန်အမျိုးအစားတွေကို အသက်ရှင်အောင်ထားဖို့နဲ့ တောထဲကို ပြန်ပို့ဖို့ပါပဲ။ ဒီအလုပ်လုပ်ဖို့ရာ တိရိစ္ဆာန်ရုံဝန်ထမ်းတွေဟာ ထူးခြားပြီး မျှော်လင့်မထားတဲ့ပြဿနာတွေကို ဖြေရှင်းဖို့ အဆင်သင့်ရှိနေဖို့ပါပဲ။ တခါတလေမှာ သူတို့လည်း ခက်ခဲတဲ့ ရွေးချယ်မှုတွေ လုပ်ရပါတယ်။

တိရိစ္ဆာန်ရုံကိုသွားလည်ရင် ပူအိုက်စွတ်စိုတဲ့အရပ်က ရောင်စုံငှက်တွေတွေ့နိုင်ပြီး ဟိုးဝေးလံတဲ့ ဒေသတခုမှာ သူတို့ရဲ့အမျိုး ထောင်ပေါင်းများစွာ နေသာတဲ့ သစ်တောတွေထဲမှာ လျှောက်ပျံနေမယ်လို့ထင်နိုင်ပါတယ်။ တကယ်လို့ သင်ကြည့်နေတဲ့ ငှက်ဟာ ဘာလီသာလိကာဆိုရင်တော့ သင့်စိတ်ကူးက သင့်ကို လှည့်စားနေတာပါ။ ဘာလီသာလိကာဟာ တောက်ပတဲ့နှုတ်သီးအပြာရောင်ရှိတဲ့ လှပတဲ့အဖြူရောင်ငှက်ပါ။ သူ့ဇာတိက အင်ဒိုနီးရှားက ကျွန်းတကျွန်းဖြစ်တဲ့ ဘာလီကျွန်းရဲ့ အနောက်မြောက်ဖက်စွန်းက သစ်တောမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ အခုရှိနေတဲ့ ဘာလီသာလိကာတွေကောင်ရေကတော့ ငါးဆယ်တောင်မပြည့်ပါဘူး။ ကမ္ဘာပေါ်မှာ ကျန်တဲ့ ဘာလီသာလိကာတွေအားလုံး၊ ရာပေါင်းများစွာဟာ၊ တိရိစ္ဆာန်ရုံတွေ ဒါမှမဟုတ် ကိုယ်ပိုင်အိမ်တွေမှာ ရှိနေပါတယ်။

ဘော့ဘ် စီးဘဲလ်စ်ဟာ အမေရိကပြည် တောင်ကယ်ရိုလိုင်းနားပြည်နယ်၊ ကိုလံဘီယာက ရစ်ဗားဘင့်က်စ် တိရိစ္ဆာန်ရုံက ငှက်စုဆောင်းရေးမှူးပါ။ သူ့တိရိစ္ဆာန်ရုံမှာ ဘာလီသာလိကာတွေ တော်တော်များများစုဆောင်း ထားပါတယ်။ သူတို့ကို လှောင်ထားစဉ် သားဖေါက်ခိုင်းလို့ရပါတယ်။ ပြီးတော့ သူတို့ဟာ တောထဲက လျှင်မြန်စွာပဲ ပျောက်ကွယ်နေတယ်ဆိုတာ သူသိပါတယ်။ သူတို့ကို ကယ်နိုင်ပါ့မလား။

လွန်ခဲ့တဲ့နှစ်တချို့က စီးဘဲလ်ဟာ တောထဲက ဘာလီသာလိကာတွေ အမျိုးတုန်းမသွားအောင် ကြိုးစားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူရယ် တခြား စိုးရိမ်နေတဲ့တိရိစ္ဆာန်ရုံဝန်ထမ်းတွေနဲ့ သိပ္ပံပညာရှင်တွေဟာ တိရိစ္ဆာန်ရုံကို ပြောင်းပြန်အလုပ်လုပ်စေခြင်းဖြင့် ဒါကိုလုပ်နိုင်ပါတယ်။ ဆိုလိုတာက သူတို့က ဖမ်းထားတဲ့ငှက်တွေကို လွှတ်ပေးပြီး တောထဲက ငှက်တွေအရေအတွက် ပြန်များလာအောင်လုပ်နိုင်ပါတယ်။ အကြံကတော့ ရိုးရိုးလေးပါပဲ။ တကယ် လုပ်တဲ့အခါပဲ ခက်တာ။

ပထမ သူတို့က အချက်အလက်တွေလိုတယ်။ ငှက်တွေ ပြန်သွားဖို့ လုံခြုံတဲ့နေရာ ရှိရဲ့လား။ ယိုနေတဲ့ပုံးထဲ ရေထည့်တာ မိုက်မဲသလား။ ဘာလီသာလိကာတွေကို သူတို့ ပြန်ပြီးပျောက်ကွယ်သွားမယ့်နေရာကို ပြန်ပို့တာ အဓိပ္ပါယ်မရှိဘူးလား။ တောထဲမှာ ဘာလီသာလိကာတွေ ဘာလို့ ဒီလောက် မြန်မြန်ပျောက်သွားနေတာလဲ။ သူတို့သိလိုက်ရတဲ့ ပထမအချက်ကတော့ ရှက်စရာကောင်းပါတယ်။ တိရိစ္ဆာန်ရုံကဝန်ထမ်းတွေဟာ ဒီပြဿနာရဲ့ တစိတ်တပိုင်းမှာ ပါနေပါတယ်။ ၁၉၆၀ ခုနှစ်တွေမှာ ဘာလီသာလိကာတွေဟာ ရှားပါးတယ်ဆိုတဲ့ စကားတွေ ထွက်လာတယ်။ မကြာခင်မှာပဲ ပုဂ္ဂလိက စုဆောင်းတဲ့လူတွေနဲ့တိရိစ္ဆာန်ရုံတွေဟာ တောထဲက ဖမ်းလာတဲ့ ငှက်ရာပေါင်းများစွာ ဝယ်ခဲ့ပါတယ်– – ပြီးတော့ ဒါကြောင့် တောထဲမှာရှိတဲ့ အကောင်ရေကို တဝက်

ပိုလျော့သွားစေပါတယ်။ ဘာတွေဖြစ်နေမှန်းသိတဲ့အခါ တိရိစ္ဆာန်ရုံဝန်ထမ်းတွေဟာ ငှက်တွေထပ်ယူတာ ရပ်ဖို့ နဲ့ ကျန်နေသေးတာတွေကို ကာကွယ်ဖို့ သဘောတူလိုက်ကြပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာတော့ တောထဲက ငှက်တွေဟာ အကောင်ရေ နှစ်ရာလောက်ပဲ ကျန်ပါတော့တယ်။

ဒုတိယအချက်ကတော့ လယ်သမားတွေဟာ အုန်းသီးစိုက်ခင်းတွေနဲ့ စားကျက်တွေလုပ်ဖို့ ဒါမှမဟုတ် ထင်းလုပ်ဖို့ ဆိုပြီး ငှက်တွေနေတဲ့ သစ်တောတွေကို ခုတ်နေကြပါတယ်။

အဲဒါနဲ့ပါတ်သက်ပြီးတော့ရော ဘာလုပ်နိုင်မလဲ။

ဘာလီကအစိုးရဟာ ငှက်တွေကို အကာအကွယ်ပေးဖို့ သဘာဝဥယျာဉ်တခု လုပ်ပြီးပြီပဲ။ ဘာလီ ဘာရတ် ဥယျာဉ်မှာ သစ်တောတွေရှိပြီး အဲဒီမှာ ဘာလီသာလိကာတွေကို နှောက်ယှက်ရင် တရားမဝင်ပါဘူး။ ကောင်းပါတယ်။

ဒါပေမဲ့ တရားမဝင်အမဲလိုက်သူတွေဟာ ငှက်တွေကို ဖမ်းပြီးရောင်းဖို့ ဥယျာဉ်ထဲကို ခိုးဝင်ပါတယ်။ တခါတလေ သူတို့ဟာ ငှက်တွေကို ထောင်ချောက်တွေနဲ့ ဖမ်းပါတယ်။ တခါတလေ သစ်ကိုင်းတွေမှာ ကော်သုတ်ပြီး ကပ်သွားတဲ့ ငှက်တွေကို ဖမ်းပါတယ်။ ဘာလီသာလိကာတွေဟာ အမျိုးတုန်းတော့မယ့်ငှက်တွေပါ ဒါပေမဲ့ စုဆောင်းသူအများဟာ သူတို့ကို တန်ဖိုးထားပြီး တရားမဝင် ထားထားကြပါတယ်။ ငှက်တကောင်အတွက်၊ သူတို့ဟာ  တရားမဝင်အမဲလိုက်သူတယောက်ရဲ့မိသားစုတစုလုံး တနှစ်စာထောက်ပံ့ဖို့ကုန်တဲ့ ပိုက်ဆံ ပေးဖို့ ဝန်မလေးပါဘူး။

အဲဒါနဲ့ပါတ်သက်ပြီးတော့ရော ဘာလုပ်နိုင်မလဲ။

ဒီပြဿနာက ဖြေရှင်းဖို့ မလွယ်ပါဘူး။ စီးဘဲလ်စ်နဲ့ တခြားလူတွေဟာ ဥယျာဉ်ထိန်းပုလိပ်တွေထပ်ခန့်ဖို့နဲ့ ဥယျာဉ်ကို လှည့်ပတ်စောင့်ကြပ်ပြီး ငှက်တွေကာကွယ်ဖို့ လှေတွေ၊ လက်နှိပ်ဓါတ်မီးတွေနဲ့ သံလိုက်အိမ်မြှောင်တွေအတွက် ထိန်းသိမ်းရေးအဖွဲ့တွေကို ပိုက်ဆံတောင်းပါတယ်။ ဒီနည်းတွေက နည်းနည်းပါးပါး အောင်မြင်ပါတယ်။ သူတို့ဟာ တရားမဝင် အမဲလိုက်တာကိုတော့ ပျောက်အောင် မလုပ်နိုင်သေးပါဘူး။ ဒါပေမဲ့ အများကြီးနည်းသွားအောင်တော့ လုပ်နိုင်ပါတယ်။ အခုဆိုရင် အဲဒီဥယျာဉ်ဟာ ငှက်တွေကို ပြန်ထားနိုင်လောက်အောင် လုံခြုံသွားပါပြီ။

ဒါပေမဲ့လဲ ကိုလံဘီယာ ဒါမှမဟုတ် ချီကာဂို ဒါမှမဟုတ် ဝါရှင်တန်က တိရိစ္ဆာန်ရုံတွေက ဘာလီသာလိကာတွေကို တောထဲကို တိုက်ရိုက်ပြန်သွားမထားနိုင်ပါဘူး။ တိရိစ္ဆာန်ရုံထဲမှာ မွေးထားတဲ့ ငှက်တွေဟာ ဘာလီရဲ့ ပူတဲ့ရာသီနဲ့ မရင်းနှီးသေးပါဘူး။ သူတို့ကိုသူတို့ သဘာဝအန္တရာယ်တွေကလည်း မကာကွယ်တတ်ပါဘူး။ ဒါမှမဟုတ် သူတို့ဟာ သူတို့လည်း အစာမရှာတတ်ပါဘူး။

အဲဒါနဲ့ပါတ်သက်ပြီးတော့ရော ဘာလုပ်နိုင်မလဲ။

စီးဘဲလ်စ်နဲ့ သူ့အဖွဲ့ဟာ သူတို့ရဲ့ ဘာလီသာလိကာတချို့ကို ဘာလီပြန်ပို့ဖို့၊ ဒါပေမဲ့ သူတို့ကို အထူး "အိမ်မဟုတ်တဟုတ်" ထဲမှာ တခြားငှက်ငယ်တွေ မွေးဖို့ ထားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီငှက်ငယ်တွေကို ဥယျာဉ်တောထဲကို လွှတ်ပေးလိုက်မှာဖြစ်ပါတယ်။ တကယ်ဆိုရင် သူတို့ဟာ ပူတဲ့ရာသီဥတုနဲ့ရင်းနှီးသွားပြီး ဒေသခံအစာတွေနဲ့ ကြီးလာမှာဖြစ်ပါတယ်။ သူတို့မှာ အသက်ရှင်ဖို့ အလားအလာပိုရှိပါတယ်။

ဒါပေမဲ့ ဘယ်ငှက်တွေကို ဘာလီယူသွားမှာလဲ။ တိရိစ္ဆာန်ရုံတွေမှာ မွေးထားတဲ့ငှက်တွေဟာ ဆွေမျိုးနီးစပ်ကြပါတယ်။ တိရိစ္ဆာန်ရုံတခုမှာဆိုရင် ဘာလီသာလိကာမောင်နှံ နှစ်စုံကနေ ငှက် ၁၈၅ ကောင် ဆင်းသက်လာတယ်။ တိရိစ္ဆာန်ရုံက ဝန်ထမ်းတွေဟာ ဘယ်ငှက်က ဘယ်မိဘက ဆင်းသက်လာတယ်ဆိုတာ လိုက်မမှတ်နိုင်တော့ပါဘူး။ ဘယ်သူကမှ အဲဒါဟာ အရေးကြီးတဲ့ကိစ္စလို့ မထင်မိကြပါဘူး။ ဒါပေမဲ့အခုတော့ ကျန်းမာတဲ့ ငှက်တွေ

တောထဲပြန်ပို့တော့မယ့်အကြောင်းတွေပြောနေတော့ ဒီကိစ္စအင်မတန် အရေးကြီးတာပေါ့။
ဘာကြောင့်လဲဆိုတော့ ဆွေမျိုးနီးစပ်တဲ့ငှက်တွေကနေ ငှက်ကလေးတွေရလာမယ်ဆိုရင် ပြီးတော့ အဲဒီငှက်ကလေးတွေကနေ နောက်ထပ်ငှက်ကလေးတွေရလာမယ်ဆိုရင် ဒီငှက်တွေဟာ တဖြည်းဖြည်းနဲ့ ပိုအားနည်းလာပြီး အစာဘယ်လိုရှာရမလဲ ဒါမှမဟုတ် သူတို့ရဲ့ကလေးတွေကို ဘယ်လိုကြည့်ထားရမလဲဆိုတာတောင် မေ့သွားနိုင်ပါတယ်။
စီးဘဲလ်စ်နဲ့သူ့အဖွဲ့က တောထဲကို ပြန်လွှတ်လိုက်တဲ့ငှက်တွေဟာ တကောင်နဲ့ တကောင် ဆွေမျိုးနီးစပ် မတော်ဖို့လိုပါတယ်။ တကယ်လို့တော်မယ်ဆိုရင် နောက်ငှက်မျိုးဆက်တွေဟာ အရင်က ငှက်တွေထက် ပိုအားနည်းပြီး ကျန်းမာရေး ပိုချို့တဲ့နိုင်ပါတယ်။ အချိန်အတော်ကြာအောင် ငှက်အကောင်ရေ များလာနိုင်ပေမဲ့ အားပိုနည်းသွားပြီး ဘာလီငှက်တွေဟာ မြန်မြန် အမျိုးတုန်းသွားနိုင်ပါတယ်။
အဲဒါနဲ့ပါတ်သက်ပြီး ဘာလုပ်နိုင်မလဲ။
ပထမဆုံးသူတို့လုပ်တာကတော့ ဘာလီသာလိကာတွေရှိတဲ့ တိရိစ္ဆာန်ရုံကဝန်ထမ်းတွေကို အဲဒီငှက်တွေဘယ်ကလာသလဲဆိုတာ ချရေးခိုင်းပါတယ်။ တိရိစ္ဆာန်ရုံဝန်ထမ်းတွေက ငှက်အတော်များများအတွက်မသေချာကြပါဘူး။ အကောင် ၁၀၀ လောက်အတွက်ပဲ သေချာပါတယ်။
နောက်တခုက ကျန်းမာတဲ့ငှက်ကလေးတွေရဖို့ အမျိုးမတော်တဲ့ငှက်တွေကို တွဲပေးဖို့ပါပဲ။ ဒီလိုလုပ်ဖို့ကကယ်လီဖိုးနီးယားက ငှက်ကို ဝါရှင်တန်က ဒါမှမဟုတ် လန်ဒန်က ငှက်နဲ့သားဖေါက်ဖို့ ၊ ပြီးတော့ နယူးယောက်ကငှက်ကို ဟာရူစတင်ကငှက်နဲ့ သားဖေါက်ဖို့ စသဖြင့်လုပ်ဖို့ ငှက်တွေပို့ ကြဖို့ပါပဲ။
အဆုံးမှာတော့ ဘော့ဘ် စီးဘဲလ်စ်ရဲ့ အဖွဲ့ဟာ လော့စ်အင်းဂျလစ်မှာ သေတ္တာ ၂၀ လေယာဥ်ပျံပေါ်တင်တဲ့နေ့ရောက်လာပါတယ်။ သုံးဆယ့်တစ်နာရီအကြာမှာ ဘာလီကို ဘာလီသာလိကာ မောင်နှံအစုံ ၂၀ ရောက်လာပြီး ဒေသခံ တိရိစ္ဆာန်ရုံထဲမှာ သားဖေါက်ဖို့ ပို့လိုက်ပါတယ်။ ငှက်တွေဟာ သူတို့အိမ်အသစ်တွေနဲ့ ယဥ်ပါးသွားပြီး အဆုံးမှာ ဘာလီသာလိကောင်ငယ် ရှစ်ကောင် သူတို့အသိုက်ကနေ ပျံဖို့ ကြိုးစားနေတာ တွေ့ရပါတယ်။ အဆုံးမှာ သူတို့ကို သစ်တောထဲကို လွှတ်လိုက်ဖို့ အဆင်သင့်ဖြစ်သွားပါပြီ။
ငှက်ကိုင်တွယ်တဲ့လူတွေဟာ ဘာလီသာလိကာပထမတအုပ်ကို ဘာလီမှာရှိတဲ့ သစ်တောရိုင်းထဲကို လွှတ်လိုက်ပါတယ်။ ရက်အနည်းငယ်အကြာမှာ သူတို့ဘယ်လိုနေသလဲဆိုတာ သိဖို့ သွားရှာကြပါတယ်။ ဒုက္ခပဲ။ နှစ်ကောင်သေပြီး တကောင်ပျောက်သွားပါတယ်။
ဒီစီမံကိန်းကို လက်မြှောက်အရှုံးပေးရမှာလား။
မဟုတ်ပါဘူး။ အကြာကြီးခြောက်သွေ့နေတဲ့ရာသီမှာ ဒီငှက်တွေကို တောထဲက အသိုက်လုပ်တဲ့နေရာတွေနဲ့ ဝေးလွန်းတဲ့အရပ်မှာ လွှတ်လိုက်တယ်လို့ အဲဒီကလူတွေက ပြောပါတယ်။ ဒါကိုသူတို့ ပြင်နိုင်ပါတယ်။
နောက်နှစ်မှာ ဘာလီက သားဖေါက်တဲ့နေရာကငှက်တွေကနေ နောက်ထပ်ငှက်တအုပ် အဆင်သင့်ဖြစ်နေပါတယ်။ ဒီတအုပ်ကိုတော့ မိုးရာသီမှာ အသိုက်လုပ်တဲ့နေရာနားမှာ လွှတ်လိုက်ပါတယ်။ အသေအချာပဲ နှစ်ကောင်ကို ဒေသခံငှက်တွေနဲ့ မိတ်လိုက်နေတာ တွေ့ရပါတယ်။ မကြာခင်မှာ အဲဒီငှက်တွေကနေ ငှက်ငယ်လေးတွေ ပေါက်လာပါတယ်။
နောက်သုံးနှစ်အကြာမှာ အမေရိကနဲ့ဥရောပက တိရိစ္ဆာန်ရုံတွေကနေ ငှက်တွေ ဘာလီကိုထပ်ယူလာကြပါတယ်။ ဘာလီကတိရိစ္ဆာန်ရုံတွေက သားဖေါက်တဲ့နေရာတွေမှာ သားဖေါက်ကြပြီး ငှက်ငယ်လေးတွေကို ဘာလီဘာရတ်ဥယျာဥ်ထဲကို လွှတ်ပေးလိုက်ပါတယ်။

(page 63)

ဥယျာဉ်ထဲမှာ ငှက်တွေစောင့်ကြည့်နေသူတွေက ဘာလီသာလိကာ အကောင်ရေ တဖြည်းဖြည်းတိုးလာတာ ရေတွက်မိကြပါတယ်။ –– ၁၈ ကောင်က အကောင် ၃၀၊ ၃၀ က ၄၈။ ဒီစီမံကိန်းအောင်မြင်တာပေါ့ –– ဟုတ်ချင်ဟုတ်မယ်။

အဲဒီနောက် အကြီးဆုံး ပြဿနာပေါ်လာပါရော။ အမေရိကန်တိရိစ္ဆာန်ရုံတခုမှာ ဘာလီသာလိကာငယ် တကောင်ဟာ ထူးဆန်းတဲ့အကြောင်းတွေကြောင့် သေသွားပါတယ်။ တိရိစ္ဆာန်ဆေးကုဆရာဝန်က အဲဒီငှက်မှာ *အတော့က်စိုပလာစမာ* လို့ခေါ်တဲ့ ကပ်ပါးပိုးရှိနေတာတွေ့ပါတယ်။ အမေရိကန်တိရိစ္ဆာန်ရုံတွေက တခြား ဘာလီသာလိကာတွေကိုလည်း စမ်းသပ်ပြီး အများမှာလည်း အဲဒီကပ်ပါးရှိတာ တွေ့ရပါတယ်။ ဒီတော့ လူတိုင်း စိုးရိမ်တာပေါ့။ ပိုးရှိနေတဲ့ ဘာလီသာလိကာတွေကို တောထဲလွှတ်ပေးလိုက်ရင် သူတို့က ကျန်တဲ့ငှက်တွေကို ရောဂါပိုးတွေပေးပြီး သေစေနိုင်ပါတယ်။ ဒီစီမံကိန်းတရပ်လုံး ရပ်လိုက်ရမလား။

ဘာလုပ်ရမလဲ။

နောက်ဆုံးတင်ပြချက်မှာ ဘာလီသာလိကာ သားပေါက်တအုပ် သားဖေါက်တဲ့နေရာကနေ လွှတ်လိုက်ဖို့ စုပြုံနေကြပါတယ်။ ပြီးတော့ ဒေသခံငှက်အကောင်အရေက နည်းလာပါတယ်။ ဒါက တရားမဝင်အမဲလိုက်သူတွေနဲ့ ရောဂါကြောင့် ဖြစ်နိုင်ပါတယ်။ တိရိစ္ဆာန်ရုံဝန်ထမ်းတွေ ဘာလုပ်ရမလဲ။ ငှက်တွေထပ်လွှတ်ပေးပြီး တောထဲမှာ ရောဂါပိုးကျမယ့်အန္တရာယ်နဲ့ ပေးတွေ့ရမှာလား။ ဒါမှမဟုတ် ဘာမှမလုပ်ပဲနဲ့ တောထဲကငှက်အကောင်ရေ ဆက်ပြီး လျော့ကျနေမလားဆိုတာ ကြည့်ရမလား။

(page 64)
နောက်ဆက်တွဲ ဆ

## ခဲဆိပ်ပမာဏ ဘယ်လောက်လဲ။ (စာရေးသူ **Bucksnort Trout**)

ပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရှင်တွေနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေဟာ ခဲဟာ လူတွေရဲ့ကိုယ်ခန္ဓာကို ဘယ်လိုအန္တရာယ်ပေးနိုင်လဲဆိုတာ သိတာကြာပါပြီ။ အလယ်ခေတ်က လူထောင်ပေါင်းများစွာဟာ ခဲသုတ်ထားတဲ့ပန်းကန်တွေနဲ့ စားလို့ ဒါမှမဟုတ် ခဲနဲ့လုံးဝ ဒါမှမဟုတ် တစိတ်တဒေသလုပ်ထားတဲ့ရေအိုး ရေပိုက်တို့က ရေသောက်လို့ အမြင်အာရုံဆုံးရှုံးသွားပြီး ဦးနှောက်မမှန်တော့တဲ့အကြောင်း ကျွန်ုပ်တို့အခုသိပါတယ်။ ဒီရာစုနှစ်မှာ တရားမဝင်ထုတ်တဲ့ ဝီစကီတွေဟာ အလယ်ဗဟိုမှာခဲနဲ့လုပ်ထားတဲ့ မော်တော်ကား ရေဒီရေတာတွေကတဆင့် ပေါင်းခံထားလို့ အဲဒီအရက် ကိုသောက်တဲ့လူတွေဟာ မျက်စိကန်းသွားပြီး ဒါထက် ပိုဆိုးတာတွေလည်း ဖြစ်တာကို တွေ့ရပါတယ်။
အမေရိကနိုင်ငံမှာ ၁၉၇၀ ခုနှစ်တွေက မော်တော်ကားဓါတ်ဆီနဲ့အိမ်သုတ်ဆေးတွေကနေ ခဲကိုထုတ်လိုက်ပါတယ်။ တိရိစ္ဆာန်တွေဟာ ခဲနဲ့လုပ်တားတဲ့လေသေနတ်ကျည်ဆံတွေကို မြိုပြီးအဆိပ်တက်တတ်လို့ ခဲနဲ့လုပ်ထားတဲ့ ကျည်ဆံတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေလည်းထုတ်ထားပါတယ်။ ဒီလိုခဲပါတဲ့ကျည်ဆံကိုသုံးတာဟာ မုဆိုးတွေဟာ မိမိတို့အကြိုက်ဆုံး အပျင်းဖြေနည်းလမ်းကို အန္တရာယ်မြန်မြန်ပြုနေတာနဲ့ တူပါတယ်။
အရင်ကလူတွေသုံးခဲ့တဲ့ခဲတွေဟာ ဘဲတွေရှိတဲ့ရေကန်တွေအပြင် တခြားနေရာတွေမှာလည်း ရှိနေပါတယ်။ အိမ်သုတ်ဆေးကခဲဟာ နံရံကကွာလို့ ဖြစ်ဖြစ် ဒါမှမဟုတ် နှစ်ပေါင်းများစွာဆေးအထပ်ထပ်သုတ်လို့ ခွာထားတဲ့ အိမ်အောက်ခြေကအစလေးတွေဟာ ကလေးတွေအတွက် အဆိပ်ပါ။ ခဲပမာဏများတဲ့ အိမ်မှာခြောက်နှစ် ဒါမှမဟုတ် ခြောက်နှစ်ထက်ပိုပြီး နေတဲ့ ကလေးတွေဟာ ဒီမပြင်နိုင်တဲ့အဆိပ်ကြောင့် အိုင်ကျူဉာဏ်ရည်အမှတ် ၁၅ မှတ်လောက် လျော့နိုင်ပါတယ်။
အမေရိကနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (အီးပီအေ)က ပတ်ဝန်းကျင်မှာရှိတဲ့ တရားဝင်ခံနိုင်စွမ်းရှိတဲ့ အဆိပ်တွေရဲ့ အဆင့်ကို ကွန်ဂရက်က ခွင့်ပြုဖို့ ကန့်သတ်ချက်တွေ အဆိုပြုပါတယ်။ ခဲဆိပ်အဆင့်များနေတဲ့ နေအိမ်တွေကို ဒေသန္တရကျန်းမာရေးဌာနက အီးပီအေကထုတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေသုံးပြီး အသုံးမပြုဖို့ တားမြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဆိပ်ပမာဏဘယ်လောက်က သိပ်များပါသလဲ။
ပတ်ဝန်းကျင်မှာရှိတဲ့ ဘယ်ခဲမဆို ဦးနှောက်ထိခိုက်စေနိုင်ပါတယ်။ ဒါပေမဲ့ ခဲကိုဖယ်ရှားဖို့ရာ ဈေးကြီးပါတယ်။ ဥပမာ၊ ဆေးတွေခွာဖို့၊ အဆောက်အဦတွေရဲ့ အောက်ခြေတွေပတ်လည်က မြေကြီးတွေ တူးဖို့ (ဒါတွေအားလုံးလုပ်ဖို့ အလုပ်သမားတွေကိုယ်တိုင်အတွက် ကာကွယ်မှုတွေ ကြီးကြီးမားမား လုပ်ရပါမယ်။) ––ပြီးတော့ အမှိုက်တွေကို ဈေးကြီးပြီး တနေ့တခြားရှားလာတဲ့ အန္တရာယ်ရှိအညစ်အကြေးတွေစွန့်ပစ်တဲ့ အမှိုက်ပုံတွေမှာ စွန့်ပစ်ရပါမယ်။ ခံနိုင်ရည်ရှိ အဆင့် သတ်မှတ်ဖို့ရာ အီးပီအေက လုပ်သင့်တာနဲ့ စီးပွါးရေးအရဖြစ်နိုင်တာ အကြားရွေးရပါမယ်။ မြို့

ပြင်တိုက်ခန်းတခုက ခြောက်နှစ်အတွင်းမှာ ကလေးတယောက်ရဲ့ အိုင်ကျူဉာဏ်ရည်အမှတ် ၁၅ မှတ် ကျဆင်းစေနိုင်တဲ့ ခဲကိုဖယ်ဖို့ မိသားစုတစုကို ဒေါ်လာ ငါးသောင်းကုန်နိုင်ပါတယ်။ ဆင်းရဲတဲ့ရပ်ကွက်တွေမှာ မိသားစုတွေဟာ ထောက်ပံ့ကြေးနဲ့ပေးရတဲ့အိမ်လခကို အနိုင်နိုင်ပေးနေရတဲ့နေရာမျိုးမှာ ပြီးတော့ လူမှုဝန်ထမ်းဌာနက ဘတ်ဂျက်ငွေတွေကလည်း အင်မတန်နည်းပါးနေပြီးသားနေရာမျိုးမှာ ဒီ ဒေါ်လာ ငါးသောင်းဟာ တော်တော်လေး ထိခိုက်စေနိုင်ပါတယ်။ ဒါပေမဲ့ ဒီဒေါ်လာ ငါးသောင်းကို သုံးရင်တောင်မှ အန္တရာယ်ဖြစ်နိုင်တဲ့ ခဲတွေဘယ်လောက်ကျန်အုံးမှာလဲ။

၁၉၈၀ ခုနှစ် နောက်ပိုင်းတွေမှာ အီးပီအေက သိပ္ပံပညာရှင်တွေဟာ စိတ်ပျက်အားငယ်စရာကောင်းတဲ့ တွေ့ရှိချက်တွေ တွေ့ခဲ့ကြပါတယ်။ နယူးယောက်မြို့က တိုက်ခန်းအဆောက်အဦတခုက ခဲပါတဲ့လက်ကျန်ဆေးတွေကို အတွင်းရော အပြင်ရောက ဖယ်ပြီးတာတောင်မှ အဲဒီမှာအနည်းဆုံး ခြောက်နှစ်ကြာ နေတဲ့ကလေးတွေကို အိုင်ကျူဉာဏ်ရည်အမှတ် ၅ မှတ်အထိကဆင်းစေနိုင်တဲ့ဦးနှောက်ထိခိုက်မှုနဲ့ တခြားဆက်နွယ်နေတဲ့ ပြဿနာတွေဖြစ်စေနိုင်သေးတဲ့ ခဲတွေ တိုက်ခန်းတွေထဲမှာ ရှိနေသေးပါတယ်။ ဖြစ်ပုံက ခဲပါတဲ့ ကားငွေ့အညစ်အကြေးတွေဟာ ထရပ်ကားတွေနဲ့ မော်တော်ကားတွေကနေလည်း ထွက်ခဲ့ပြီး ခဲဟာ ဒီအဆောက်အဦတွေရဲ့ အုတ်တွေထဲ နှစ်ပေါင်း ၇၀ ကျော်အောင် စိမ့်ဝင်နေခဲ့ပါတယ်။

တကယ်လို့ အီးပီအေရဲ့ ခံနိုင်မှုအဆင့်ကို ဒီ အနည်းဆုံး အိုင်ကျူအမှတ် ငါးမှတ်အောက် ချလိုက်ရင် ထောင်ပေါင်းရာပေါင်းများစွာ၊ သန်းပေါင်းများစွာဖြစ်ချင်ဖြစ်မယ်၊ လူတွေကို မြို့က အဓိကနေရာတွေကနေ ဖယ်ရှားရပါမယ်။ တကယ်လုံခြုံဖို့ရာက ဒီအဆောက်အဦတွေကို ဖြိုရမှာဖြစ်ပြီး အမှိုက်တွေကို ပတ်ဝန်းကျင်အတွက် လုံခြုံတဲ့ မြှုပ်နှံတဲ့နေရာတွေကို သယ်ပို့ရမှာပါ။ နေရာတွေကလည်းအများကြီး။ ကမ္ဘာ့မြို့တော်ကြီးတွေ အတော်များများ ထက်ပိုကြီးမယ်။ ဒီပြဿနာရဲ့ဒဏ် အကြီးအကျယ်ခံရဆုံးလူတွေဟာလည်း အဆင်းရဲဆုံးလူတွေဖြစ်ပါမယ်။ ဘာလို့လဲဆိုတော့ သူတို့အိမ်တွေဟာ အသွားအလာများတဲ့ ကားလမ်းတွေနားမှာ များသောအားဖြင့် အနီးဆုံး ဖြတ်တတ်လို့ပါ။

ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နဲ့ပါတ်သက်တဲ့ သိပ္ပံပညာရှင်တွေ၊ စီပွါးရေးပညာရှင်တွေ၊ အင်ဂျင်နီယာတွေနဲ့ နိုင်ငံရေးသမားတွေဟာ ဘယ်လိုကန့်သတ်ရမလဲဆိုတာ ဆုံးဖြတ်ရပါလိမ့်မယ်။ ခဲဆိပ်ဘယ်လောက်ဟာ များလွန်းပါသလဲ။ အကန့်အသတ်ဘယ်လောက်ထားရပါမလဲ။

(page 66)
နောက်ဆက်တွဲ ဇ

<u>ခရစ်စတိုဘာကိုလံဘတ်ရဲ့ မှတ်တမ်းစာအုပ်</u> မှ (**Robert H. Fuson** အင်္ဂလိပ်လိုဘာသာပြန်သည်)

*၁၄၉၂ ခုနှစ် အောက်တိုဘာလ ၁၂ရက်၊ ၊သောကြာနေ့*
(အောက်တိုဘာလ ၁၂ရက်နေ့ မှတ်တမ်းကို အောက်တိုဘာလ ၁၁ ရက်နေ့မှတ်တမ်းနဲ့ ပေါင်းရေးထားပါတယ်။)

အရုဏ်အချိန်မှာ ကိုယ်လုံးတီးလူတွေတွေ့ပါတယ်။ ပြီးတော့ သင်္ဘောကလှေနဲ့ ကမ်းခြေသွားပါတယ်။ လက်နက်ယူသွားတယ်။ *ပင်တာ*သင်္ဘောကပ္ပတိန် မာတင် အလောန်ဇို ပင်ဇွန် နဲ့ သူ့ ညီ *နီနာ*သင်္ဘောကပ္ပတိန် ဗင်ချဲန်တေယာနဲဇ် ပင်ဇွန်တို့ လိုက်လာပါတယ်။ ကျွန်ုပ်ကအလံတော်ကို လွှင့်လိုက်ပြီး ကပ္ပတိန်တွေက အစိမ်းရောင်ကြက်ခြေခတ်ကြီးပါပြီး ကြက်ခြေခတ်ရဲ့ တဖက်တချက်မှာ အက်ဖ်နဲ့ဝိုင် စာလုံးတွေရေးထားတဲ့ အလံတွေယူလာပါတယ်။ စာလုံးတွေတခုစီရဲ့ အပေါ်မှာ ဘုရင့်သရဖူပုံရှိပါတယ်။ ဒီအလံတွေကို သင်္ဘောတိုင်းက သယ်လေ့ရှိပါတယ်။ ကျေးဇူးတော်ချီးမွမ်းတဲ့ ဘုရားစာဆိုအပြီးမှာ ပင်တာနဲ့ နီနာက ကပ္ပတိန်တွေရယ် ရိုဒရီဂို ဒီအကစ်ကိုဗယ်ဒို (သင်္ဘောတွေရဲ့ အတွင်းရေးမှူး)နဲ့ စေဂိုဗီးယားက စန်းချက်ဇ် (သင်္ဘောတွေရဲ့ ငွေစာရင်းစစ်)တို့ကို ယုံကြည်ခြင်းရှိဖို့နဲ့ ဘုရင်နဲ့ ဘုရင်မအတွက် ဒီကျွန်းကို ကျွန်ုပ်သိမ်းပိုက်တာကို မျက်မြင်သက်သေအဖြစ်ကြည့်ဖို့ အမိန့်ပေးလိုက်ပါတယ်။ လိုအပ်တဲ့ထွက်ဆိုချက်တွေ ထွက်ဆိုပြီး အတွင်းရေးမှူးကို ဒီထွက်ဆိုချက်တွေကို သေသေချာချာ ရေးထားခိုင်းပါတယ်။ အထက်က နာမည်တွေအပြင် သင်္ဘောတွေက လူတိုင်း ဒီလိုလုပ်တာ မျက်မြင်တွေ့ ကြပါတယ်။ ဒီကျွန်းကို ဘုရားသခင်ရဲ့ဂုဏ်တော်နဲ့အညီ *စန် စယ်လ်ဗာဒေါ်* လို့ ကျွန်ုပ် နာမည်ပေးလိုက်ပါတယ်။
ဒီကျွန်းကို သိမ်းပိုက်ဖို့ လိုအပ်တာတွေလုပ်ပြီးလို့ မကြာခင်မှာ လူတွေဟာ ကမ်းခြေကို စရောက်လာကြပါတယ်။ သူတို့ကို မွေးလိုက်တဲ့မိခင်တွေလိုပဲ အားလုံးကိုယ်လုံးတီးပါ။ အမျိုးသမီးတွေရောပဲ။ ဒါပေမဲ့ ကျွန်ုပ်က အမျိုးသမီးငယ်လေး တယောက်ပဲတွေ့ပါတယ်။ တွေ့ရသမျှအားလုံးဟာ လူငယ်တွေဖြစ်ပြီး အသက် ၃၀ ကျော် တယောက်မှ မပါပါဘူး။ အားလုံး ဒေါင်ကောင်းပြီး ကိုယ်လုံးကိုယ်ထည်လှပြီး မျက်နှာတွေလည်းသိပ်လှပါတယ်။ ဒါပေမဲ့ မြင်ဖူးသမျှ တခြားလူမျိုးတွေထက် ကျယ်တဲ့ခေါင်းကြီးတွေနဲ့ နဖူးကြီးတွေက ဒီအလှကို ဖျက်ဆီးနေသလို ဖြစ်နေပါတယ်။ မျက်လုံးတွေကြီးပြီး သိပ်လှပါတယ်။ အသားကလည်း ကနယ်ရီကျွန်းကလူတွေလိုဒါမှမဟုတ် နေလောင်ထားတဲ့ လယ်သမားတွေရဲ့ အရောင်လိုဖြစ်နေပါတယ်။ လုံးဝမမဲပါဘူး။ ဒါကမျှော်လင့်ထားသလိုပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်ုပ်တို့ဟာ ကနယ်ရီက ဟီရယ်ရိုကျွန်းနဲ့ လိုင်းကြောင်းပေါ်မှာ အရှေ့နဲ့အနောက် တန်းနေလို့ပါပဲ။ ဒီလူတွေဟာ အရပ်ရှည်ပြီး ချွင်းချက်မရှိ သူတို့ခြေထောက်တွေဟာ ဖြောင့်တန်းနေပြီး တယောက်မှ ဗိုက်မစူကြပါဘူး။ တကယ်တော့ သူတို့အားလုံး အချိုးအစားပြေကြပါတယ်။ သူတို့ဆံပင်တွေဟာ ကောက်ကွေးမနေပဲ ဖြောင့်နေပြီး မြင်းမွေးလိုကြမ်းနေပါတယ်။ ဆံပင်ကို မျက်ခုံးမွေးအပေါ်အထိ ခပ်တိုတို

ထားပေမဲ့ အနောက်ဘက်မှာတော့ ဘယ်တော့မှမညှပ်ပဲ အခွေလိုက်ကြီးထားထားပါတယ်။ ဒေသခံလူအများစုဟာ မျက်နှာကို ဆေးခြယ်ကြပါတယ်။ ကျန်တဲ့လူတွေကတော့ တကိုယ်လုံးဆေးခြယ်ကြပါတယ်။ တချို့က မျက်လုံးတွေ ဒါမှမဟုတ် နှာခေါင်းပဲ ခြယ်ပါတယ်။ တချို့က အမဲရောင်၊ တချို့က အဖြူရောင်၊ တချို့က အနီရောင်၊ တချို့ကတော့ တခြား အရောင် အမျိုးမျိုး ဆေးခြယ်ကြပါတယ်။

ဒီကျွန်းကို ဒီကလူတွေက *ဂွါနာဟာနီ* လို့သူတို့ဘာသာစကားနဲ့ခေါ်ကြပြီး တခွန်းမှနားမလည်ပေမဲ့ သူတို့စကားပြောတာ သိပ်သွက်ပါတယ်။ သူတို့ဟာ ခင်မင်တတ်ပြီး သဘောကောင်းကြပါတယ်။ လှံငယ်လေးတွေက လွဲရင် လက်နက်မကိုင်ပါဘူး။ ပြီးတော့ သူတို့မှာ သံလုံးဝမရှိပါဘူး။ ကျွန်ုပ်ရဲ့ ဓါးကို ပြလိုက်တုန်းက တယောက်က မသိလို့ ဓါးသွားကိုဆုတ်ကိုင်လိုက်လို့ လက်ဓါးရှသွားပါတယ်။ သူတို့ လှံတွေဟာ သစ်သားနဲ့ လုပ်ထားပြီး အဆုံးတဖက်မှာ ငါးရဲ့သွား ဒါမှမဟုတ် တခြား အချွန်တခုခု တပ်ထားပါတယ်။

ကျွန်ုပ်ဟာဒေသခံတွေကို ခင်ခင်မင်မင် ရှိစေချင်တာက ဒီလူတွေကို အတင်းအဓမ္မလုပ်တာထက် မေတ္တာ အားဖြင့် လွတ်လပ်ခွင့်ပေးလိုက်နိုင်ပြီး ဘုရားသခင်ကိုယုံကြည်ဖို့ ဘာသာပြောင်းလိုက်နိုင်မယ်ဆိုတာ သိလို့ပါပဲ။ ဒါကြောင့် ကျွန်ုပ်ဟာ တချို့ကို ဦးထုပ်အနီတွေပေးပြီး တချို့ကိုတော့ ဖန်ပုတီးတွေပေးပါတယ်။ သူတို့ဟာ ပေးထားတဲ့ တန်ဖိုးသိပ်မရှိတဲ့ တခြားအရာတွေနဲ့အတူ ပုတီးတွေကို လည်ပင်းမှာ ဆွဲထားပါတယ်။ ဒီလိုလုပ်ရတာကို သိပ်သဘောကကျကြပြီး သိပ်ခင်မင်လာတာ အတော်အံ့သြစရာကောင်းပါတယ်။ သူတို့မှာရှိတာတွေအားလုံးကို ကျွန်ုပ်နဲ့ဖလှယ်ပြီး စေတနာနဲ့ပေးကြပါတယ်။ ဒါပေမဲ့ ကြည့်ရတာ သူတို့မှာ ဘာမှသိပ်ရှိပုံမရပဲ အရာရာ ဆင်းရဲနေပုံရပါတယ်။ ကျွန်ုပ်ရဲ့လူတွေကို သူတို့ကို တခုခုပြန်မပေးပဲ သူတို့ဆီက ဘာမှမယူဖို့ သတိပေးထားလိုက်ပါတယ်။

တွေ့လိုက်ရတဲ့ အမျိုးသားအတော်များများဟာ သူတို့ကိုယ်မှာ အမာရွတ်တွေရှိပြီး ဘယ်လိုဖြစ်သလဲ သိရအောင် လက်ဟန်ခြေဟန်နဲ့ မေးတော့ အနီးအနားကျွန်းတွေက တခြားလူတွေက သူတို့ကို ဖမ်းဖို့ စန် စယ်လ်ဗာဒေါကို လာကြတယ်လို့ ဆိုပါတယ်။ သူတို့အတတ်နိုင်ဆုံး ခုခံကြပါတယ်။ ကျွန်းကြီးက လူတွေက သူတို့ကို ကျွန်အဖြစ်ဖမ်းဖို့ ဒီကို လာတယ်လို့ ယူဆပါတယ်။ သူတို့ဟာ ကျွမ်းကျင်တဲ့ ကျွန်ကောင်းတွေ ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်ုပ်တို့ ပြောသမျှ သူတို့ မြန်မြန်လိုက်ပြောနိုင်ပါတယ်။ သူတို့ကို ခရစ်ယာန်တွေဖြစ်အောင် လွယ်လွယ်ကူကူ လုပ်နိုင်မယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ကိုကြည့်ရတာ ဘာသာတရားရှိပုံမရဘူး။ ဘုရားသခင် အလိုတော်ရှိမယ်ဆိုရင် ဒီကပြန်တဲ့အခါ သူတို့ ကျွန်ုပ်တို့ရဲ့ စကားသင်ဖို့ ရှင်ဘုရင်အတွက် ၆ ယောက်ခေါ်သွားမယ်။

*၁၄၉၂ အောက်တိုဘာလ ၁၃ ရက်၊ စနေနေ့*

ဒီမှာ ရွှေရှိမရှိသိဖို့ ကျွန်ုပ်အင်မတန် ဂရုစိုက်ပြီး ကြိုးစားခဲ့ပါတယ်။ ဒေသခံတချို့ဟာ နှာခေါင်းမှာ အပေါက် ဖေါက်ထားပြီး ရွှေစလေး တန်းလန်းဆွဲထားတာ တွေ့ရပါတယ်။ လက်ဟန်ခြေဟန်တွေအရ မှန်မှန်ကန်ကန် အဓိပ္ပါယ်ပြန် ရင်တော့ တောင်ဘက်သွားရင် ဒါမှမဟုတ် ကျွန်းတောင်ဘက်ကို ပတ်သွားရင် ရွှေတွေအများကြီးနဲ့ အဲဒါတွေ ထည့်ထားတာတွေပိုင်တဲ့ ဘုရင်တပါး တွေ့မယ်။ ဒီဘုရင်ဆီခေါ်သွားဖို့ ဒေသခံတချို့ရှာဖို့ ကြိုးစားခဲ့ပေမဲ့ ဘယ်သူမှာ ဒီခရီး သွားချင်ပုံမပေါ်ဘူး။

မနက်ဖန်နေ့လယ် အနောက်တောင်သွားဖို့ ရည်ရွယ်ထားတယ်။ ဒေသခံတွေက တောင်ဘက်နဲ့ အနောက်တောင် ဘက်မှာ သာမက အနောက်တောင်မှာလည်း ကုန်းမြေ ရှိကြောင်းပြပါတယ်။ အနောက်တောင် သွားပြီး ရွှေနဲ့

အဖိုးတန် ကျောက်မျက်ရတနာတွေ သွားရှာမယ်။ ဒါ့ပြင် ကျနော်နားလည်တာ မှန်လို့ရှိရင်တော့ အနောက်မြောက်ကနေ လူစိမ်းတွေရန်ဖြစ်ဖို့နဲ့ ဒီကလူတွေဖမ်းဖို့ လာကြတယ်။
ဒီကျွန်းက အတော်ကြီးပြီး တော်တော်လေး ပြန့်တယ်။ သစ်ပင်တွေအများကြီးနဲ့ စိမ်းစိုနေပြီး ရေကန်တွေလည်း အတော်များများရှိတယ်။ ဒီကျွန်းအလယ်မှာ ပင်လယ်ရေအိုင်ကြီးတခုရှိပြီး တောင် တတောင်မှမရှိပါဘူး။ ဒီနေရာကို ေးကြည့်ဖို့ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ သိပ်ပြီးစိမ်းစိုနေပြီး ရာသီဥတုကလည်း အင်မတန်သာယာပါတယ်။ တကယ်ဆို ကနယ်ရီကျွန်းတွေကထွက်လာပြီးကတည်းက ဘုရားဟာ နေ့ကောင်းတွေ တရက်ပြီးတရက် မပျက်မကွက် ချပေးခဲ့ပါတယ်။

*၁၄၉၂ အောက်တိုဘာလ ၁၄ ရက်၊ စနေနေ့*

ဒီကလူတွေ ဘယ်လောက် ယဥ်ပါးလဲဆိုတာ အံ့ဩလို့မဆုံးပါဘူး။ သူတို့မှာ ပေးကမ်းစရာ နည်းနည်းပဲရှိပေမဲ့ ကျွန်ုပ်တို့ ဘာပေးပေး သူတို့က ဖန်ကွဲစတွေဖြစ်ဖြစ် မြေထည်ပန်းကန်ကွဲစတွေဖြစ်ဖြစ် ရှိတာအားလုံးပေးတာပဲ။ သင်္ဘောသားတယောက်က ချည်ငင်ပြီးသား ဝါဂွမ်းချည် ၂၅ ပေါင်အတွက် (ပဲနီတပြားတောင်မတန်တဲ့) ပေါ်တူဂီသုံး *စေတီးစ်* ပေးတယ်။ ဒီအလဲအလှယ်ကို ကျွန်ုပ်တားလိုက်ဖို့ ကောင်းတယ်။ ဒါပေမဲ့ ဒီချည်ကို ဘုရင်ဆီ ယူသွားချင်တယ်။ ပြီးတော့ ကြည့်ရတာ ဒီမှာ အများကြီးရှိနေပုံပဲ။ ဝါဂွမ်းကို စန် စယ်လ်ဗာဒေါ ကျွန်းမှာ စိုက်တယ်ထင်တယ်။ ဒါပေမဲ့ ဒီမှာရောက်နေတာသိပ်မကြာသေးလို့ အသေအချာမပြောနိုင်ပါဘူး။ ဒါ့ပြင် သူတို့ နှာခေါင်းမှာ တန်းလန်းတပ်ထားတဲ့ရွှေဟာလည်း ဒီကပဲလာတာပဲ။ ဒါပေမဲ့ အချိန်မကုန်ဖို့ ဂျပန်ကျွန်းကို ရှာနိုင်မလားလို့ သွားကြည့်ချင်တယ်။
ညအချိန်ကျတော့ လူတွေအားလုံး ကမ်းကို လှေတွေနဲ့သွားကြတယ်။
ကျွန်ုပ်လည်း ဖြစ်သမျှအားလုံး ဘုရင်ကိုပြောပြနိုင်ဖို့ အဖြစ်အပျက်တွေအားလုံးတွေ့နိုင်ဖို့အတွက် တချိန်လုံး ရွှေ့နေပါတယ်။ ပြီးတော့ ခံတပ်ဆောက်ဖို့ သင့်တော်တဲ့နေရာများတွေ့မလားလို့ ရှာချင်တယ်။ ကျွန်းမဟုတ်ပေမဲ့ ကျွန်းနဲ့တူတဲ့ ကုန်းမြေတခုတွေ့တယ်။ အိမ်ခြောက်လုံးရှိတယ်။ နှစ်ရက်လောက်နဲ့ အဲဒါကို ဖြတ်ပြီး ကျွန်းလုပ်လို့ ရမယ်ထင်တယ်။ ဒါပေမဲ့ ဒီလိုလုပ်ဖို့ မလိုပါဘူး။ ဘာလို့လဲဆိုတော့ ဒီလူတွေက လက်နက်သုံးရာမှာ မကျွမ်းကျင်ကြလို့ပါပဲ။ ကျွန်ုပ်သိမ်းပြီးသား ကျွန်းခုနစ်ခုကို ပြဖို့ ဘုရင်ကို ခေါ်လာရင် ဘုရင်ကိုယ်တိုင် တွေ့မှာပါ။ သူတို့ ကျွန်ုပ်တို့ရဲ့ ဘာသာစကားကို သင်ပြီးတဲ့အခါ သူတို့ကို ပြန်ပို့မယ်။ ဒါပေမဲ့ ဘုရင်က သူတို့အားလုံးကို ကာစတီးလ်ကို ခေါ်သွားရမယ် ဒါမှမဟုတ် ဒီမှာဖမ်းထားရမယ်လို့ အမိန့်ပေးရင်တော့ မလုပ်နိုင်ဘူး။ ယောကျ်ား ၅၀ လောက်နဲ့ အားလုံးထိန်းထားနိုင်ပြီး ကြိုက်သလို ခိုင်းလို့ရတယ်။

*၁၄၉၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့*

နေဝင်ချိန်မှာ အငူနားမှာ ရွှေရှိမရှိရှာဖို့ ကျောက်ချလိုက်ပါတယ်။ စန် စယ်လ်ဗာဒေါက လူတွေက ဒီကျွန်းက လူတွေက သူတို့လက်မောင်းတွေနဲ့ ခြေထောက်တွေမှာ ရွှေလက်ကောက်ကြီးတွေ ဝတ်တယ်လို့ ပြောဖူးတယ်။ ယုံတော့ မယုံပါဘူး။ ဒါပေမဲ့ သူတို့ထွက်ပြေးလို့ရအောင် ကမ်းကပ်ဖို့ ဒီဇာတ်လမ်းလုပ်ကြံတယ်လို့ပဲ ထင်တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီမှာ ရပ်လိုက်တယ်။ ဘာလို့လဲဆိုတော့ ညအချိန်မှာ မသိတဲ့ ရေထဲမှာ သိပ်မသွားချင်လို့ပဲ။

(page 69)
ဘယ်ကျွန်းကိုမှ မသိမ်းပိုက်ပဲ ဖြတ်မသွားချင်ပါဘူး။ ဒါပေမဲ့ တခုသိမ်းပြီးရင် အားလုံးပိုင်သလိုပါပဲ။

*၁၄၉၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်၊ အင်္ဂါနေ့*

အရုဏ်လင်းစမှာ လှေငယ်လေးနဲ့ ကမ်းကိုသွားပါတယ်။ ကမ်းခြေမှာလူတွေလာကြိုပါတယ်။ လူတွေမှ အများကြီးပဲ။ ပြီးတော့ ကိုယ်လုံးတီးတွေနဲ့၊ စန် စယ်လ်ဗာဒေါက အတိုင်းပဲ။ သွားချင်တဲ့နေရာ ပေးသွားတယ်။ ပြီးတော့ လိုချင်တာ ဘာမဆိုပေးတယ်။

စန်တာ မာရီယာ ဒလာ ကွန်စက်ပ်စီရောန်မှာ အကြာကြီးမနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီမှာ ရွှေမရှိဘူး၊ ပြီးတော့ လေက အရှေ့တောင်ထောင့်ဖြတ်လေအဖြစ်ပြောင်းသွားတယ်။ နှစ်နာရီလောက် နေပြီးတော့ သင်္ဘောပေါ် ပြန်သွားဖို့ ကျွန်းကနေ ခွါခဲ့ပါတယ်။ သင်္ဘောပေါ်တက်မလို့လုပ်တုန်း *နီနာ*ဘေးနားကို လှေကြီးတစင်း ကပ်လာပြီး စန် စယ်လ်ဗာဒေါက လူတယောက် ခုန်ချသွားပြီး ထွက်ပြေးလွတ်မြောက်သွားပါတယ်။ ဒီလိုဖြစ်တာ ဒုတိယ အကြိမ် ရှိပါပြီ။ ညတုန်းကလည်း နောက်တယောက် ပင်လယ်ထဲခုန်ချလိုက်ပြီး လှေနဲ့ ထွက်ပြေးသွားပါတယ်။ ညတုန်းက လူတချို့ အဲဒီလှေနောက်လိုက်သွားတယ်။ သူတို့မှာလက်နက်တွေပါပေမဲ့ ဒီလှေကို ဘယ်လိုမှမမှီနိုင်ပါဘူး။ အဲဒီလှေတွေက သိပ်မြန်တာပဲ။

ဒီမနက် ကျွန်ုပ်တို့ အဖွဲ့က လူတချို့က ဒုတိယလှေကို ဖမ်းဖို့ ကြိုးစားပေမဲ့ ဒီတခါလည်း အဲဒီလှေက သူတို့လက်က ပြေးလို့လွတ်သွားပါတယ်။ အဲဒီလှေကို လူမပါပဲ ကမ်းခြေမှာ တွေ့ရပြီး အဲဒီထဲက လူတွေကတော့ ကြက်ပျောက ငှက်ပျောက် ပျောက်သွားပါတယ်။ သင်္ဘောသားတွေဟာ လှေကို *နီနာ* ဆီပြန်ယူလာပါတယ်။ လူတယောက်ပါတဲ့ နောက်လှေတစင်းလည်း အဲဒီကိုလာပါတယ်။ သူဟာ နောက်အငူတခုကလာပြီး ဝါဂွမ်းတွေ ရောင်းဝယ်ဖို့ လာပါတယ်။ သူက လှေငယ်လေးပေါ် မတက်တော့ သင်္ဘောသားတချို့က ပင်လယ်ထဲခုန်ချပြီး သူ့ကိုဖမ်းပါတယ်။ ဒါတွေအားလုံးကို သင်္ဘောနောက်ဘက် ကုန်းပတ်ပေါ်ကကြည့်ရင်း ကျွန်ုပ်က သူ့ကို ခေါ်လာခိုင်းပါတယ်။ အဲဒီလူကို ဦးထုပ်အနီပေးလိုက်ပြီး အစိမ်းရောင် ဖန်ပုတီးလေးတချို့ သူ့လက်မောင်းမှာ ဝတ်ပေးလိုက်ပါတယ်။ ပြီးတော့ သိမ်းငှက်တွေမှာဆွဲတဲ့ခြူနှစ်ခုကို သူ့နားနှစ်ဘက်မှာ တပ်ပေးလိုက်ပါတယ်။ ပြီးတော့ *နီနာ*က လူတွေကိုလည်း သူ့လှေပြန်ပေးဖို့ အမိန့်ပေးလိုက်ပြီး သူ့ကို ကမ်းကိုပြန်ပို့လိုက်ပါတယ်။ သူက ကျွန်ုပ်ကို ဝါဂွမ်းတွေ ပေးချင်ပေမဲ့ ကျွန်ုပ် မယူလိုက်ပါဘူး။ သူကမ်းခြေရောက်တော့ လူတွေဝိုင်းလာပြီး အံ့သြဖွယ်ရာတခုလို ဝိုင်းကြည့်ကြပြီး ကျွန်ုပ်တို့ဟာ လူကောင်းတွေလို့ ယုံသွားကြပါတယ်။ ထွက်ပြေးသွားတဲ့ လူတွေဟာ ကျွန်ုပ်တို့ကို အန္တရာယ်တခုခုပြုတာကြောင့် ကျွန်ုပ်တို့ဟာ သူတို့ကိုခေါ်သွားရခြင်းဖြစ်တယ်လို့ ကျွန်ုပ်အနေနဲ့ သူတို့ကို ထင်စေချင်တယ်။ ဒီအကြောင်းတွေကြောင့် ကျွန်ုပ်သူ့ကို သုံးလိုက်ပြီး ပြောခဲ့တဲ့ အရာတွေအားလုံး သူ့ကို ပေးလိုက်ခြင်းဖြစ်တယ်။ အဲဒါမှ သူတို့ဟာ ကျွန်ုပ်တို့ကို အထင်ကြီးပြီး တကယ်လို့ဘုရင်မင်းတရားကြီးက လူတွေ ထပ်လွှတ်ခဲ့ရင် သူတို့က ကောင်းကောင်းဆက်ဆံကြမှာပါ။ သူ့ကိုပေးလိုက်တဲ့ဟာတွေက နှစ်ပြားတောင် မတန်ပါဘူး။

အဲဒီမှာ ပြောင်းနေတဲ့လေရှိယုံမက ရွှေလည်းမရှိပါဘူး။ ကျွန်ုပ် ဒီနေရာကနေ ဝေးဝေးကို ထွက်မသွားရင် စန် စယ်လ်ဗာဒေါကလူတွေ ထွက်ပြေးလွတ်မြောက်သွားမယ်ဆိုတာလည်း စိုးရိမ်မိပါတယ်။ အနောက်ဘက်မှာ ရှိတယ်လို့ ကျွန်ုပ်ယူဆတဲ့ နောက်ကျွန်းကြီး တကျွန်းကို သွားချင်ပါတယ်။

(page 70)
နောက်ဆက်တွဲ ဈ

<u>ဘာတောလိုမေး ဒလာစ် ကားစားစ် ရဲ့ နေ့စဉ်မှတ်တမ်း</u> မှ
ဘာတောလိုမေး ဒလာစ် ကားစားစ်၊ အမေရိကတိုက်ကနဦးသမိုင်း မှဘာသာပြန်ဆိုထားပါတယ်။

၁၄၉၄ ခုနှစ် ဧပြီလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ အလွန်းဇို ဒဟိုရေဒါဟာ လူ ၄၀၀ လောက်ကို ကုန်းပေါ်ခေါ်သွားပြီး ဗိုလ်ချုပ်က ရီယို ဒယ်လ် အိုရိုလို့ခေါ်တဲ့ မြစ်ကိုကျော်သွားပြီးနောက် (မော်မြစ်ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်ုပ်က ဒီဒေသနဲ့ ဒီမြစ်တွေရဲ့ ဒေသခံနာမည်တွေ သိလို့ပါပဲ။) ဟိုရေဒါဟာ မြို့တမြို့ရောက်သွားပါတယ်။ အဲဒီက *ကာချိက်* (ဒေသခံ သူကြီး)ရယ်၊ သူ့ညီရယ်၊ သူ့တူရယ်တို့ကို ကြိုးတုပ်လိုက်ပြီး ဗိုလ်ချုပ်ဆီကို အကျဉ်းသားတွေ အနေနဲ့ ပို့လိုက်ပါတယ်။ ဒါ့ပြင် သူဟာ *ကာချိက်*ရဲ့ ဆွေမျိုးတယောက်ကိုလည်း ဖမ်းမိပြီး လူစုဝေးရာအရပ်မှာ သူ့ရဲ့နားတွေကို ဖြတ်လိုက်ပါတယ်။ ဒီလိုလုပ်ရတာကတော့ ခံတပ်ကနေ သင်္ဘောကို သွားနေတဲ့ ခရစ်ယာန် သုံးယောက်ကို မြစ်ကို ကူးရာမှာ အဝတ်ထုပ်တွေသယ်ပြီး ကူညီဖို့ *ကာချိက်*က ဒေသခံငါးယောက်ပေးခဲ့တယ် ထင်ပါတယ်။ ပြောကြတာကတော့ အဲဒီဒေသခံတွေက သူတို့ကို မြစ်မှာ တန်းလန်းထားခဲ့ပြီး ရွာပြန်ခဲ့ပြီး *ကာချိက်*က သူတို့ကို အပြစ်မပေးတဲ့အပြင် အဝတ်တွေကို သူ့အတွက်ယူထားလိုက်တယ်တဲ့။ ဒီအနီးအနားမြို့က *ကာချိက်*က ဗိုလ်ချုပ်နဲ့ ဟိုရေဒါတို့ ပထမဆုံးတခေါက်လာတုန်းက သူနဲ့သူ့ မြို့နီးစပ်ကလူတို့က ကြိုဆိုထား တာကြောင့်သူ့သူငယ်ချင်းတွေကို အန္တရာယ်မပြုဖို့ ဗိုလ်ချုပ်ကို တောင်းပန်ဖို့ အကျဉ်းသားတွေနောက်လိုက်ဖို့ ဆုံးဖြတ် လိုက်ပါတယ်။ အကျဉ်းသားတွေနဲ့အတူ သူရောက်လာတော့ သူတို့ကို အများအရှေ့မှာ ခေါင်းဖြတ်ဖို့ အတွက် ကြေညာတဲ့လူတယောက်ကို ကြေညာခိုင်းလိုက်ပါတယ်။ တရားမျှတမှု၊ ခင်မင်ရင်းနှီးမှုတို့ မြှင့်တင်ပြီး ခရစ်ယာန်ဘာသာကို ဆွဲဆောင်မှုရှိစေတဲ့ နည်းပါလား––ဘုရင်တပါးကို သူ့နယ်ပါယ်မှာ ဖမ်းချုပ်ပြီး သူတို့အပြစ် ကြောင့်မဟုတ်ပဲ သူရယ်၊ သူ့ညီရယ် သူ့တူရယ်ကို သေဒဏ်ချမှတ်လိုက်ပါတယ်။ သူတို့မှာ အပြစ်ရှိရင်တောင်မှ အပြစ်ဟာ ငယ်လွန်းလို့ အရေးမကြီးတာကြောင့် လျှော့ပေါ့ဖို့ လိုပါတယ်။ ဒါ့အပြင် သူတို့မှာ အပြစ်ရှိတာ အပြစ်ကင်းတာ ဘယ်လို သက်သေပြမလဲ။ သူတို့ရောက်ရောက်ချင်း ဟိုရေဒါက ဖမ်းလိုက်ပြီး သူတို့စကားလည်း ဘယ်သူမှ မတတ်ကြဘူး။ ဒီလိုတရားမျှတမှုမရှိလို့ပဲ ဟိုရေဒါဟာ *ကာချိက်*ရဲ့ စာရင်းငှား တယောက်ရဲ့ နားတွေကို သူ့အရှေ့မှာတင် ဖြတ်လိုက်တာပေါ့။ နယ်မြေတခုလုံးမှာ သတင်းကောင်းတွေချည့်ပဲပေါ့။ ခရစ်ယာန်တွေရဲ့ ကြင်နာမှုနဲ့ကောင်းမွန်မှုကို ပြလိုက်တာပဲ။
ဇာတ်လမ်းကို ပြန်သွားကြမယ်ဆိုရင် အကျဉ်းသားနဲ့ အမျိုးတော်ချင်တော်မဲ့ *ကာချိက်*ဟာ အပြစ်ဒဏ်ကိုကြားပြီး ဗိုလ်ချုပ်ကို သူတို့ကို ကယ်ဖို့နဲ့ ဒီလိုမျိုးနောက်ထပ် ဘယ်တော့မှ မဖြစ်စေရပါဘူးလို့ လက်ဟန်ခြေဟန်နဲ့ မျက်ရည်တွေကြားက တောင်းပန်တော့ ဗိုလ်ချုပ်ကလည်း သူ့အမိန့်ကို ရုပ်သိမ်းလိုက်ပါတယ်။ အဲဒီအချိန်မှာ

ခံတပ်က မြင်းသမားတယောက်က ပုန်ကန်မှုအကြောင်းသတင်းယူလာပါတယ်။ *ကာချိုက်*ရဲ့လူတွေဟာ ခရစ်ယာန်ငါးယောက်ကို ဝိုင်းထားလိုက်ပြီး သတ်ဖို့ရည်ရွယ်ပါတယ်။ ဒါပေမဲ့ သူနဲ့ သူ့ မြင်းက ဒီလူတွေကို ကယ်နိုင်ခဲ့ပြီး ဒေသခံတွေ ၄၀၀ လောက်ကို မောင်းထုတ်နိုင်ခဲ့ပါတယ်။ တချို့ ဟာ သူတို့လိုက်လို့ ဒဏ်ရာရခဲ့ပြီး တချို့ကသေမှာ သေချာပါတယ်။ မကြာသေးခင် အချိန်ကအထိ ကောင်းကင်ဘုံကလာတဲ့လူတွေလို့ အထင်ခံရတဲ့ ခရစ်ယာန်တွေအတွက်တော့ နာမည်ကောင်းလိုက်မယ်ဖြစ်ချင်း။ ဒါဟာ တရားမျှတမှု အမည်ခံပြီး ဒေသခံတွေအပေါ် ပထမဆုံး ကျူးလွန်တဲ့ မတရားမှုပါပဲ။ ဒါဟာ အဲဒီအချိန်ကစပြီး ဒီတကျွန်းလုံးမှာ အများကြီးစီးလာတော့မယ့် သွေးမြေကျခြင်းရဲ့ အစလည်းဖြစ်ပါတယ်။ ဒီအကြောင်း နောက်တော့ပြပါမယ်။

*ကာချိုက်*နဲ့ သူ့လူတွေဟာ ခရစ်ယာန်တွေကို တရားမျှတတဲ့စစ်ပွဲ တိုက်ဖို့ စစ်ကြေညာခွင့်ရှိတယ်ဆိုတာနဲ့ ခရစ်ယာန်ငါးယောက်အပေါ် သူတို့ရဲ့ အပြုအမူဟာ အဲဒီအခွင့်အရေးကို စသုံးတာဆိုတာ ဦးနှောက်ကောင်းတဲ့ လူမှန်သမျှ သံသယရှိမှာမဟုတ်ပါဘူး။ သူတို့သခင်ကိုသင်္ဘောကိုအကျဉ်းသားအနေနဲ့ဖမ်းပြီးခေါ်သွားတာကို ဒီခရစ်ယာန်တွေရဲ့ အသက်နဲ့ ပြန်ရွေးဖို့ လုပ်တာဖြစ်ချင်ဖြစ်မယ်။ *ကာချိုက်*အနေနဲ့ သူ့မြေမှာ လွတ်လွတ်လပ်လပ်ဖြတ်သွားခွင့်ပေးပြီး သူကြိုဆိုခဲ့သလိုကြိုဆိုတာဟာ သဘောကောင်းတဲ့လုပ်ရပ်တရပ်လို့မထင်ဘူးဆိုတာကို ဒီမြို့ကိုလာပြီး နာရီပိုင်းပဲနေပြီး အထူးသဖြင့် ဒီကဘာသာစကားကို မတတ်တဲ့ ဗိုလ်ချုပ်က ဘယ်လိုခိုင်လုံတဲ့ အကြောင်းပြချက်ရှိလို့လဲ။ တကယ်ဆို ဗိုလ်ချုပ်ဟာ ခွင့်ပြုချက်မရှိပဲလာပြီး ခရစ်ယာန်တွေဆိုတာလည်း ကြမ်းတမ်းတဲ့ရုပ်ပေါက်ပြီး သူတပါးမြေပေါ်ကို လက်နက်တွေ မြင်းတွေနဲ့ ကျူးကျော်သွားတဲ့ အထူးအဆန်းတွေ။ ကြည့်ရတာ ကြမ်းတမ်လွန်းလို့ မြင်လိုက်တာနဲ့ ဒီမှာနေတဲ့လူတွေဟာ အရှင်လပ်လပ်များ အစားခံရမလားဆိုပြီး တုန်လှုပ်ချောက်ချားကြပါတယ်။ အမှန်မှာ ကနေ့လောကမှာ ဒါမျိုးကို စော်ကားမှုလို့ယူဆပြီး သဘာဝတရားအရရော လူသားတရပ်လုံးကပါ ကလဲ့စားချေကြမှာပါ။ ဒ့ါပြင် *ကာချိုက်*ဟာ သူ့ကိုယ်သူ ဗိုလ်ချုပ် ထက်ရော၊ ခရစ်ယာန်တွေထက်ရော၊ ပြီးတော့ ဒေသခံခိုးသားကို ခိုးမှုတခုအတွက်နဲ့ နေခြားမြေခြားမှာ တိုင်းတပါး အုပ်ချုပ်မှုအောက်မှာ တရားသူကြီးချုပ်နေရာကနေ အပြစ်ပေးတဲ့ ဟိုရေဒါ ထက်ပါ သာတယ်လို့ မထင်နိုင်ဘူးလား။

အဆိုးဆုံးနဲ့ အကြီးလေးဆုံးအပြစ်ကတော့ သူ့နိုင်ငံမှာ အေးအေးချမ်းချမ်းနေနေတဲ့ ဘုရင်ကိုဖမ်းပြီး ကြိုးနဲ့တုပ်ထားတာ ရုပ်ဆိုးပြီး ရက်စက်လွန်းတဲ့ ပြစ်မှုပါပဲ။ သူများနယ်ပယ်ကို ကျူးကျော်တာ မကောင်းကြောင်း၊ စစ်ဖြစ်တဲ့ဟန်မလုပ်သင့်ကြောင်းနဲ့  ကာစတီးလ် ဘုရင်မှာကြားထားတဲ့အတိုင်း ဒေသခံဘုရင်တွေထံကို သူလာဖို့အကြောင်း ခွင့်တောင်းဖို့နဲ့ လက်ဆောင်တွေပေးဖို့ သံတမန်တွေအရင်မလွှတ်ပဲ ဗိုလ်ချုပ်ဟာ သင်္ဘောကနေ မသွားသင့်ကြောင်း ဆင်ခြင်တုံတရားကတောင် ပြောနေပါတယ်။ အပြစ်မဲ့သူတွေကို အနှောက်အယှက်မပေးဖို့ဟာ ဧဝံဂေလိတရားတော်တရပ်ဖြစ်ပြီး တမန်တော်တယောက်ဖြစ်တဲ့ ဗိုလ်ချုပ်အနေနဲ့ မေတ္တာတရားနဲ့ ငြိမ်းချမ်းရေးတို့ရှိဖို့နဲ့ ဒီလိုအဖြစ်ဆိုးတွေကရှောင်ဖို့ ကြိုးစားသင့်ပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်မယ့်အစား သူဟာ သူများကို ကြောက်ရွံ့စိတ်တွေပေါ်စေပြီး အာဏာပြခဲ့ပါတယ်။ စစ်ကြေညာပြီး သူ့တရားဥပဒေနယ်မြေမဟုတ်တဲ့ ဒေသခံတို့ရဲ့ တရားဥပဒေနယ်မြေကိုလည်း ချိုးဖေါက်ခဲ့ပါတယ်။ ပြီးတော့ ဒါဟာ ကျွန်ုပ်အတွက်တော့ အိမ်တအိမ်ကိုဝင်ဖို့ တံခါးမသုံးပဲ ပြတင်းပေါက်က ဝင်လာတာနဲ့ တူနေပါတယ်။ ဒီမြေမှာ လူတွေမနေပဲ သားရဲတိရိစ္ဆာန်တွေနေတဲ့အတိုင်းပါပဲ။

(page 72)
နောက်ဆက်တွဲ ည

## နမူနာဖတ်စာများ သင်ရန် အကြံပြုချက်များ

### "မကောင်းမှုလုပ်သူ" သင်ကြားခြင်း

ဒီစာပိုဒ်ကို စာဖတ်သူ–တုန့်ပြန်ခြင်း (**Reader-Response**) နည်းနဲ့ ကောင်းကောင်းသင်နိုင်ပါတယ်။ ဖလှယ်–စူးစမ်းခြင်း (**Shared-Inquiry**) ဆွေးနွေးပွဲတွေအတွက်လည်း သုံးနိုင်ပါတယ်။ ပြီးတော့ ဆွေးနွေးပွဲကွန်ယက် (**Discussion Web**) သုံးပြီး ဆွေးနွေးဖို့နဲ့ စကားရည်လုပွဲအတွက်သုံးဖို့၊ ပြီးတော့ စောစောကပြောခဲ့တဲ့ နည်းတွေနဲ့လည်း သုံးနိုင်ပါတယ်။ သင်တန်းသားတွေဟာ မိမိတို့အလေ့အကျင့်ရဖို့ သင်ခန်းစာတွေလုပ်လို့လည်း ရပါတယ်။ ဆွေးနွေးပွဲအတွက်သုံးချင်ရင် ဒီမေးခွန်းတွေနဲ့ စနိုင်ပါတယ်။

- "မကောင်းမှုလုပ်သူ" ဘယ်သူလဲ။
- အဆုံးမှာ ဒဲနစ် ဟာ အကောက်ခွန် မှန်မှန်မပေးတဲ့အကြောင်းကို ဘာလို့ ဝန်ခံသလဲ။
- ဘူးလ်ဟက်ငါးတွေအကြောင်း မေးတဲ့မေးခွန်းနဲ့ တရားသူကြီးဟာ ဒဲနစ်ကို ဘာလို့ လှောင်သလဲ။

ဒီဆွေးနွေးပွဲမှာ ဒဲနစ် အပြစ်ရှိသလား မရှိဘူးလား ဆိုတာနဲ့ပါတ်သက်ပြီး တရားခံရယ် တရားလိုရယ်တို့က ပြောတဲ့ပုံစံနဲ့ ကျိုးကြောင်းပြ ငြင်းလို့ရပါတယ်။

### "ကျေးဇူးတင်ပါတယ် ခင်ဗျာ" သင်ကြားခြင်း

စာဖတ်သူတွေအနေနဲ့ စာရေးသူ **Langston Hughes** နဲ့ ဖြစ်ဖြစ် လူမည်းတွေဘဝ တဖန်ပြန်လည် တခေတ်ဆန်းလာတာ (**Harlem Renaissance)** နဲ့ ဖြစ်ဖြစ် ရင်းနှီးမှုမရှိပေမဲ့ အများအားဖြင့် ဆင်းရဲသူ အမျိုးသမီးတယောက်ဟာ ပြစ်မှုကျူးလွန်ဖို့ အားသန်နေတဲ့ လူငယ်လေးတယောက်ကို လမ်းမှန်ရောက်အောင် ပြန်ကူတယ် ဆိုတဲ့ ဇာတ်လမ်းကိုတော့ နားလည်ဖို့ မခက်ပါဘူး။ ဒီဇာတ်လမ်းရဲ့ အားသန်ချက်ဟာ လုပ်ရပ်တွေဟာ ပေါ်ပေါ်ထင်ထင်မရှိခြင်းပါပဲ။ မစ္စစ်ဂျုန်းစ်ဟာ သူ့ရဲ့ အတိတ်အကြောင်းကို အရိပ်အမြွက်ပြောခဲ့ပေမဲ့ ဘာလဲဆိုတာကိုတော့ မပြောခဲ့ပါဘူး။ ရော်ဂျာဟာ အဆုံးမှာကောင်းသွားမယ်ဆိုတဲ့ မျှော်လင့်ချက်ပေးထားပေမဲ့ မသေချာပါဘူး။ မစ္စစ်ဂျုန်းစ်ရဲ့ အတိတ်နဲ့ ရော်ဂျာရဲ့ ကယ်တင်ခြင်းအကြား အဆက်အစပ် ရှိချင်ရှိပါမယ်။
ဒီဇာတ်လမ်းကို နှစ်ပိုင်းရေးနိုင်တဲ့ မှတ်တမ်းနည်းနဲ့ သုံးဖူးပါတယ်။ ဖလှယ်စူးစမ်းခြင်း နည်းနဲ့လည်း ကောင်းကောင်းသုံးနိုင်ပါတယ်။ သင်တန်းသားတွေဟာ မိမိမေးခွန်းမိမိထုတ် သင့်ပါတယ်။ ဒါပေမဲ့ ကိုယ့်ဟာကိုယ် ဆွေးနွေးပွဲမှာ သုံးချင်တယ်ဆိုရင်တော့ အောက်မှာ မေးနိုင်တဲ့ မေးခွန်းတွေပေးထားပါတယ်။

- မစ္စစ်ဂျုန်းစ်ဟာ ရော်ဂျာကို ဘာလို့ အိမ်ပြန်ခေါ်သွားသလဲ။

(page 73)

- မစ္စစ်ဂျုန်းစ် လွှတ်ပေးလိုက်တဲ့အခါ ရော်ဂျာ ဘာလို့မပြေးသလဲ။
- မစ္စစ်ဂျုန်းစ်ဟာ ရော်ဂျာကို သူမရဲ့ အတိတ်အကြောင်း ဘာလို့ မပြောပြသလဲ။
- ဇာတ်လမ်းအဆုံးမှာ ရော်ဂျာဟာ မစ္စစ်ဂျုန်းစ်ကို ဘာပြောချင်သလဲ။

တကယ်လို့ ဒီဇာတ်လမ်းကို ဆွေးနွေးပွဲကွန်ယက်လေ့ကျင့်ခန်းအတွက် သုံးမယ်ဆိုရင် မေးနိုင်တဲ့မေးခွန်းတွေဟာ

- ရော်ဂျာ အခု "လမ်းမှန်" ရောက်ဖို့ အလားအလာရှိသလား။
- မစ္စစ်ဂျုန်းစ်အနေနဲ့ ရော်ဂျာအတွက်လုပ်ပေးနိုင်တာ ဒါ အကုန်ပဲလား။ ဆိုလိုတာက သူ့အနေနဲ့ ရော်ဂျာကို ရဲလက်အပ်လိုက်ရင် ပိုမကောင်းဘူးလား။

## "ကလေးများ အချိန်" နဲ့ "ကလေးများ အကြောင်း" သင်ကြားခြင်း

ဒီကဗျာနှစ်ပုဒ်ဟာ ကလေးဘဝအကြောင်း ချဉ်းကပ်ပုံခြင်း သိသိသာသာ ကွဲပြားပါတယ်။ ဒီကဗျာ နှစ်ပုဒ်ကို အတူတူဖတ်တဲ့အခါ အကြောင်းအရာတွေ ပိုထွက်ပေါ်လာပါတယ်။ ဆိုလိုတာက "ကလေးများအချိန်" မှာ Gibran ရဲ့ ကဗျာ ဖတ်လို့အပြီးမှာ ဥပစ်ခါပြုမှုနဲ့ ကြိုးထိန်းချင်တဲ့ စိတ်ခံါတ်နှစ်ခု ထူးထူးခြားခြားပေါင်းထားတာ စာဖတ်သူတွေတွေ့နိုင်ပါတယ်။ Longfellow ရဲ့ ကဗျာ ဖတ်လို့အပြီးမှာ Gibran ရဲ့ချဉ်းကပ်နည်းဟာ ထူးထူးခြားခြား ပေ့ါပါးလန်းဆန်း တယ်လို့ ထင်ချင်ထင်မယ်။ Gibran ဟာ လူကြီးတွေရဲ့ အုပ်ထိန်းမှုလိုတယ်လို့ ထင်ချင်မှ ထင်ပါလိမ့်မယ်။
သင်တန်းသားတွေကို "ကလေးများအချိန်" အရင်ဖတ်ခိုင်းပြီး နှစ်ပိုင်းရေးနေ့စဉ်မှတ်တမ်းမှာ အကြောင်းအရာ များများ ရေးခိုင်းပါ။ ပြီးရင် တယောက်နဲ့တယောက် ဝေဖန်ချက်တွေ ဖလှယ်ခိုင်းပါ။ "ကလေးများအကြောင်း" ကိုလည်း ဒီလိုပဲ လုပ်ခိုင်းပါ။ ပြီးရင် ဒီကဗျာနှစ်ပုဒ်လုံး ဆွေးနွေးခိုင်းပါ။ သူတို့အနေနဲ့ ထပ်နေတဲ့ အဝိုင်းနှစ်ဝိုင်းပါတဲ့ ဗင်ဇယားဆွဲရင်နှိုင်းယှဉ်ရတာ ပိုလွယ်ချင် လွယ်ပါလိမ့်မယ်။ စက်ဝိုင်းရဲ့ ကွဲပြားနေတဲ့ အစိတ်အပိုင်းတွေမှာ ကဗျာတပုဒ်စီရဲ့ အများနဲ့မတူတဲ့ အချက်အလက်တွေကိုရေးပြီး ထပ်နေတဲ့အပိုင်းမှာတွေ ကဗျာနှစ်ပုဒ်ရဲ့ တူညီတဲ့ အချက်တွေကို ရေးသင့်ပါတယ်။

## "ဘာလီသာလိကာ ကာကွယ်ကြပါစို့" သင်ကြားခြင်း

ဒီဇာတ်လမ်းဟာ မှားယွင်းနေတဲ့ပါတ်ဝန်းကျင်ကို အမှန်ပြန်လုပ်ရာမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေအကြောင်း အဖြစ်မှန်ပါ။ ဆွေးနွေးပွဲနဲ့ စကားရည်လုပ်ဖို့အတွက် ကောင်းပါတယ်။ ပတ်ဝန်းကျင်ကနေ ကွယ်ပျောက်တော့မယ့် အရာတွေနဲ့လုပ်ကိုင်ရာမှာသတိထားဖို့လိုအပ်တယ်ဆိုတာနဲ့ မျိုးဆက်တွေလုံးဝတုံးသွားကို ကာကွယ်ဖို့ အကြီးအကျယ်လုပ်ကိုင်ဖို့ လိုအပ်နေတဲ့အချက်တို့အကြားလွန်ဆွဲနေတဲ့အကြောင်းနဲ့ပါတ်သက်ပါတယ်။

(page 74)
သင်တန်းသားတွေဟာ ဒီစာပိုဒ်ကို ဖလှယ်–စူးစမ်းခြင်းနည်းနဲ့ ချဉ်းကပ်နိုင်ပြီး ဒီတကယ့်အဖြစ်အပျက်က ဇာတ်ကောင် ဘော့စီးဘဲလ်စ် Bob Siebels ဟာ ဘာလီသာလိကာတွေကို တောထဲထပ်လွှတ်ပေးရမလား၊ ဒါမှမဟုတ် အကောင်ရေ လျော့နေလိုက်တာ နောက်ဘယ်တော့မှ ပြန်ရှိတော့မှာမဟုတ်တော့ဘူးဆိုတဲ့အချက်ကို တောင်စွန့်စားပြီး လွှတ်ပေးတာကို ရပ်ထားရမလား ဆိုတဲ့ အကြောင်းအရာနဲ့ပါတ်သက်ပြီး ဆွေးနွေးပွဲ ကွန်ယက် မေးခွန်းမျိုးဆက်မေးနိုင်ပါတယ်။

## <u>ခရစ်စတိုဘာကိုလံဘတ်ရဲ့ မှတ်တမ်းစာအုပ်</u> နဲ့ <u>ဘာတောလိုမေး ဒလာစ် ကားစားစ် ရဲ့ နေ့စဉ်မှတ်တမ်း</u> တို့သင်ကြားခြင်း

ဒီစာနှစ်ပုဒ်စလုံးဟာ ဥရောပသားတွေ ကမ္ဘာသစ်ကို တွေ့ရှိတာနဲ့ပါတ်သက်ပြီး မူလစာရွက်စာတမ်းတွေက ဖြစ်ပါတယ်။ ကိုလံဘတ်ရဲ့ နေ့စဉ်မှတ်တမ်းမှာ သူအမေရိကမှာ ပထမရောက်ခါစနေ့တွေက သူ့အတွေးတွေနဲ့ လုပ်ရပ်တွေရေးထားပါတယ်။ လာစ် ကားစားစ် ရဲ့ နေ့စဉ်မှတ်တမ်းကတော့ ကိုလံဘတ်ရောက်ပြီးနောက် ဥရောပသားတွေဟာ ဒေသခံလူမျိုးတွေကို ဘယ်လိုနှိပ်စက်တယ်ဆိုတာ ဖေါ်ပြထားပါတယ်။ ကမ္ဘာသစ်မှာနေသူတွေဟာ ဒီအဖြစ်အပျက်တွေကို အဓိပ္ပါယ်ကောက်ယူမှုနဲ့ပါတ်သက်ပြီး အမျိုးမျိုးကွဲပြား နေကြပါတယ်။ တချို့က ကိုလံဘတ်က အရှေ့တိုင်းသွားရာ လမ်းခရီးမှာ မမျှော်လင့်ပဲတွေ့လာရတဲ့ နေရာဒေသကို ခရစ်ယာန်ဘာသာနဲ့ ယဉ်ကျေးမှု ယူလာခဲ့တဲ့လူစွမ်းကောင်းကြီးလို့ ဆိုကြပါတယ်။ တခြားလူတွေကတော့ ကိုလံဘတ်ဟာ အမြတ်ထုတ်သူတယောက်နဲ့ ပိုတူပြီး ရောက်ခါစရက်တွေနဲ့ ရောက်ခါစအပတ်တွေမှာ ဒေသခံလူတွေကို ဆက်ဆံပုံဟာ သူတို့ကို ကျွန်ပြုစေပြီး လျင်မြန်စွာပဲ သတ်ဖြတ်စေပြီး အာဖရိကက ကျွန်တွေနဲ့ အစားထိုးစေပါတယ်လို့ ဆိုပါတယ်။ ဒါကနေ ကမ္ဘာသစ် လူမျိုးရေးဆက်ဆံမှုမှာ ဒုက္ခဖြစ်တဲ့ အကြမ်းဖက်မှုနဲ့ အမြတ်ထုတ်မှု အစဉ်အလာဖြစ်ပေါ်လာစေပါတယ်။ ဒီစာနှစ်ပုဒ်ကို စာကြောင်းတွေနောက်ကွယ်က အနက် အဓိပ္ပါယ်ကောက်ဖို့ လေ့ကျင့်ခန်းအနေနဲ့ ပထမလုပ်ပြီး နောက်မှာ ကိုလံဘတ်ရဲ့ ရည်ရွယ်ချက်တွေနဲ့ သူ့နောက်ပိုင်း ကစလာတဲ့ ဖိနှိပ်မှုနဲ့ပါတ်သက်ပြီး သူ့မှာတာဝန်ရှိကြောင်းကို စကားရည်လုဖို့ သုံးနိုင်ပါတယ်။ ရှေးဦးလေ့ကျင့်ခန်းအနေနဲ့ သင်တန်းသားတွေကို တခါမှမကြုံဖူးတဲ့ လူမျိုးတွေနဲ့ ပထမဆုံးတွေ့လာနိုင်တဲ့ စွန့်စား သူတွေ အဖွဲ့တဖွဲ့အတွက် စည်းမျဉ်းတွေထုတ်ဖို့ စိတ်ကူးခိုင်းပါ။ သူတို့အပြုအမူကို ဘာတွေက ထိန်းချုပ်ထားသလဲ။ ဘာဖြစ်လို့လဲ။ အောက်ပါမေးခွန်းတွေကို စိတ်ထဲမှာထားပြီး ကိုလံဘတ်ရဲ့ မှတ်တမ်းကကောက်နှုတ်ချက်တွေကို ဖတ်ခိုင်းပါ။ – ကိုလံဘတ်ရဲ့ ဆက်ဆံရေးစည်းမျဉ်းတွေကဘာတွေလဲ။ ဘာလို့ ဒီလိုထင်သလဲ။ သူတို့ရဲ့ တွေ့ရှိချက်တွေကို ဆွေးနွေးပြီးတဲ့အခါ လာစ်ကားစားစ် စာပိုဒ်ဖတ်စေပါ။ သူတို့ဟာ ဒေသခံတွေကို ဘာဖြစ်သလဲ ဆိုတာသိပြီဖြစ်လို့ အောက်ပါမေးခွန်းကို ဆွေးနွေးမှုကွန်ယက်သုံးပြီး ဆွေးနွေးချင်ဆွေးနွေး နိုင်ပါတယ်။ – သူ့နေ့စဉ်မှတ်တမ်းမှာ ဖေါ်ပြထားတဲ့အတိုင်းအရ ကိုလံဘတ်ရဲ့ ဒေသခံတွေအပေါ်ထားတဲ့ သဘောထားဟာ နောက်ပိုင်း ဒေသခံတွေ နှိပ်စက်ခံရဖို့ လမ်းဖွင့်ပေးလိုက်တာလား။